
စာပေဗိမာန်စာမူဆုရ

# အောင်မြေစွန်း ရှင်းသစ်စ အလှနေခြည်

မောင်ကြည်သန့်



၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု
လူငယ်စာပေဆု ပထမဆုရ

ရိုသေစွာကိုးကွယ်ပါ

# အောင်မြေစွန်း ရွှန်းသစ်ခ အလှနေခြည်

ရေးသူ - မောင်ကြည်သန့်

စီစဉ်တည်းဖြတ်သူ - ဒေါ်တင်တင်ဝင်း (ဒီဇင်ဘာမွန်း)
စာတည်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၀၉ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၂၀၀၀

တန်ဖိုး ( ၅၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် - ၀၇၄၉၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် - ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

အလုပ်အမှတ် ၇၄၇/၂၀၀၈ ဖြင့်
အောင်ဆန်းပုံနှိပ်စက်ရုံတွင် ပုံနှိပ်သည်။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး

## အခန်း (၁)

"ဘကြီးမြိုင် . . . ဘကြီးမြိုင်"

"ဟေ... ဘာလဲကွ၊ ဘာတွေအရေးကြီးလာကြတာလဲ"

ဘကြီးမြိုင်က နွားတင်းကုပ်အတွင်း နှီးဖြာနေရာမှ ပြေးထွက်လာသည်။

"ဟာ. . . လှထွေးနဲ့ ငမှေးတို့ပါလား။ လာ. . . လာ၊ အပေါ်တက်ထိုင်ကြ"

လှထွေးနှင့် ငမှေးတို့ အိမ်ပေါ်သို့ပင် မတက်နိုင်တော့ပြီ။ သူတို့နှစ်ယောက် မြင်လိုက်သည့် မသင်္ကာစရာလူသုံးယောက်သတင်းကို အမြန်ဆုံးပြောပြသည်။ ဘကြီးမြိုင် မျက်လုံးပြူးသွားသည်။ ခေါင်းပေါင်းထားသည့် လုံချည်ကိုချွတ်လိုက်ပြီး ခေါင်းကို တဖျစ်ဖျစ်မြည်အောင် ကုတ်လိုက်သည်။

"လာကြပြန်ပြီလားကွာ၊ ဒုက္ခတွေ လာပေးကြပြန်ပြီလားကွာ"

ဘကြီးမြိုင် ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။ အိမ်ပေါ်ရှိ သူ့မြေးကလေးကို လှမ်းခေါ်သည်။

"သွား သွား၊ ကိုကြည်တို့ လှမြင့်တို့ကို သွားခေါ်စမ်း"

ဘကြီးမြိုင်သည် အိမ်ရှေ့မြေတလင်းပေါ်တွင် အတန်ကြာ ရပ်နေသည်။ ပြီးမှ လှထွေးတို့ဘက်လှည့်ပြီး -

"ကိုင်း. . . ကိုင်း၊ မင်းတို့နှစ်ယောက်လဲ ဒီမှာမနေကြနဲ့၊ ရွာလမ်းက သွားစောင့်နေကြ။ အကြောင်းထူးရင် တို့ကိုပြေးခေါ်ကြ၊ ကြားလား"

□ □ □

လူငယ်နှစ်ဦးတို့ ဘကြီးမြိုင်အိမ်ပေါ်မှ အမြန်ပြေးဆင်းသွားကြသည်။ အနီးဝန်းကျင် လေးမျက်နှာကုက္ကိုရွာများနှင့် ဆက်စပ်နေသော လမ်းသုံးခွဆုံသို့ သုတ်ခြေတင်ကြသည်။ သူတို့ နောက်ကျသွားခဲ့ပြီ။ လှည်းလမ်းဆုံသို့ရောက်ရန် များစွာမဝေးတော့။ နေရာတစ်နေရာတွင် ဖုန်လုံးကြီးတစ်လုံးနှင့် ရင်ဆိုင်တိုးနေသည်။

လူကြီးသုံးယောက်သည် လှထွေးတို့ရွာဘက်သို့ ခွဲထွက်သည့် လှည်းလမ်းအတိုင်း မွန်းတိမ်းနေရောင်ကျဲကျဲအောက်တွင် ဖုန်တထောင်းထောင်းထနေအောင် လျှောက်လာနေကြသည်။ တစ်ဦးက အသက်ခပ်ကြီးကြီး၊ ပိန်ပိန်ရှည်ရှည်၊ နှုတ်ခမ်းမွေးကြီးနှင့်။ ခေါင်းပေါ်တွင် လုံချည်နီနီရဲရဲကြီးတစ်ထည် ပေါင်းထားသည်။ လွယ်အိတ်ကလည်း ကြီးမားလှပါပေ့။ အိတ်တွင်း၌ ဘာတွေထည့်ထားသလဲမဆိုနိုင်။ ဘောလုံးကြီးတစ်လုံးနှင့် တူနေသည်။ လုံးလုံးဖောင်းဖောင်း အစ်အစ်ကြီး။

ကျန်နှစ်ယောက်ကတော့ ထိုလူကြီး၏တပည့်များဖြစ်နိုင်သည်။ တစ်ဦးက လှထွေးတို့ထက် အသက်နည်းနည်းသာကြီးလိမ့်

မည်။ လူက လူရွယ်။ ပုံစံက စုတ်ချွန်းချွန်း။ အသားက မည်းလွန်းသည်။ သူ့တွင်လည်း လွယ်အိတ်ကြီးတစ်လုံးပါသည်။ ကျန်တစ်ယောက်ကတော့ အဝေးကမြင်ရုံဖြင့် သိနိုင်သည်။ ငယ်ရွယ်လွန်းသည်။ ငမှေးနှင့် မတိမ်းမယိမ်း။ သူ့ကိုယ်ပေါ်တွင် ကြိုးခွေများလွယ်ထားသည်။

လှထွေးတို့ ခြေလှမ်းတုံ့သွားသည်။ တစ်ဦးမျက်နှာ တစ်ဦးလှည့်ကြည့်မိကြသည်။ နောက်ကြောင်းပြန်လှည့်ရ ကောင်းလေမလား။ ကိုစုတ်ချွန်းက သူတို့နှစ်ဦးထက်လျင်သည်။ ပြန်လှည့်ပြေးရန်ဟန်ပြင်လိုက်စဉ်မှာပင် ငမှေး၏လက်ကို လူကြီးတစ်ဦးကနောက်ဘက်မှပြေးဆွဲသည်။

"နေစမ်းပါဦးကွ၊ နေစမ်းပါဦး"

လူပုံဆိုးသလောက် အသံကမာကျောသည်။ လွယ်အိတ်ထဲသို့လက်တစ်ဖက်နှိုက်ထားသည်။

"ဟော့ကောင်တွေ၊ တို့ကို လမ်းလိုက်ပြစမ်း"

"အစ်ကိုတို့က ဘယ်ကိုသွားမှာလဲ၊ ဘယ်ကို လိုက်ပြရမှာလဲ"

ငမှေးက ဘုဆတ်ဆတ်ပြန်မေးလိုက်သည်။ လူခပ်ကြီးကြီးကငမှေးကို ပြုံးပြုံးကြီးကြည့်လျက် အနားကပ်လာသည်။ ရုတ်တရက်မျက်နှာထား ချက်ချင်းတည်သွားပြီး -

"ဘယ်ကိုပို့ပေးရမလဲ၊ ညာကိုပို့ပေးရမလဲ၊ အမေးအမြန်းတွေထူမနေနဲ့၊ မင်းတို့နှစ်ယောက်စလုံး တို့နဲ့လိုက်ခဲ့"

လှထွေးတို့ ဘုမသိ ဘမသိနှင့် သူတို့နောက်လိုက်သွားရသည်။ ငမှေးက ရှေ့က၊ လှထွေးက နောက်က။ လူကြီးနှင့်တပည့်နှစ်ဦးက

မလှမ်းမကမ်းမှ ခပ်သုတ်သုတ်လိုက်လာကြသည်။ ရုတ်တရက် နောက်ဘက်မှ ပခုံးကိုဆွဲခံလိုက်ရ၍ လှထွေး ပက်လက်လန်ကျမလိုဖြစ်သွားသည်။

"ဘာလုပ်တာလဲဗျ"

လူကြီးက လှထွေး စိတ်ဆိုးသွားမှန်းသိလိုက်သည်။ မျက်နှာကို အတတ်နိုင်ဆုံးချိုထားသည်။

"မင်းတို့ တကယ်ခြေလှမ်းမြန်တာကိုး။ ဦးတို့ကို ကူညီစမ်းပါကွ။ ဒီနားမှာ နာမည်ကြီးနေတဲ့ တောင်ကုန်းကြီးဆိုတာ ဘယ်မှာလဲ"

လှထွေးတို့သူငယ်ချင်းနှစ်ယောက်၏ ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။ အံ့ဩထိတ်လန့်သွားသော မျက်နှာဖြင့် လူကြီးကို ကြည့်လိုက်သည်။

"ဘယ်လိုလဲ၊ တို့ကို လိုက်ပြမယ်မဟုတ်လား"

လှထွေးက ဘာမှပြန်မဖြေ။ အကြံထုတ်ရင်း မြေကြီးကိုစိုက်ကြည့်နေသည်။ လူကြီးက ငမေ့ဘက်သို့ တိုးကပ်သွားသည်။

"မင်းကြည့်ရတာ သတ္တိရှိပုံရတယ်။ အဲဒီတောင်ကုန်းကြီးရှိတဲ့ နေရာကို ခေါ်သွားစမ်း"

ငမေ့က ခေါင်းကိုခါယမ်းပြသည်။ နောက်ဘက်သို့လည်း ခြေတစ်လှမ်းဆုတ်လိုက်သည်။

"တောင်ကုန်းကြီးဆိုတာ ကျွန်တော်တို့မသိဘူး"

ကိုစုတ်ချွန်းက ငမေ့လက်ကို လှမ်းဆွဲလိုက်သည်။

"ဟော့ကောင်၊ အူကြောင်ကြောင်မလုပ်နဲ့။ မင်းတို့ ဒီနား တစ်ဝိုက်ရွာက လူတွေမဟုတ်လား"

လှထွေးက ခေါင်းကိုညိတ်ပြလိုက်သည်။ လူကြီးက လှထွေးနှင့် အနီးဆုံးနေရာသို့ ကပ်လာသည်။

"ဟဲ. . . ဟဲ၊ မင်းတို့ ငါမေးတဲ့တောင်ကုန်းကြီးကို သိမှာပါ။ မင်းတို့အသား မနာချင်ရင် တို့ကို အေးအေးဆေးဆေး လိုက်ပြ ပေတော့"

ငမှေးက ဘာမျှမပြောဘဲ လှည့်ထွက်သွားရန်ပြင်လိုက်သည်။ လူနှစ်ယောက်က ငမှေးကို ဝန်းရံထားလိုက်သည်။

"ဘယ်လိုလဲ၊ လိုက်ပို့ပေးမယ်မဟုတ်လား"

လူကြီး၏အမေးကို ငမှေးက အသံကျယ်ကျယ်ဖြင့် ပြန်ဖြေ သည်။

"ကျွန်တော်တို့ မလိုက်ချင်ဘူး။ တောင်ကုန်းကြီးက ကြောက် စရာကြီးဗျ။ အဲဒါ ကျတ်ကုန်းကြီးဗျ"

ငမှေး၏အဖြေကို လူကြီးက အလွန်သဘောကျသွားသည်။ တဟားဟား အော်ဟစ်ရယ်လိုက်သည်။

"ဟား. . . ဟား ကျတ်ကုန်းကြီးဟုတ်လား။ ဒီမှာသူငယ် ငါ့နာမည်က မြတ်အုန်းတဲ့၊ မှတ်ထား။ ဟဲ. . . ဟဲ ကျတ်ကုန်းနဲ့ မြတ်အုန်းတော့ တွေ့ကြပြီပေါ့ကွာ။ ကျတ်ကုန်းနဲ့မြတ်အုန်း နဝရတ် ဖုံးတော့မယ်ဟော့၊ တပည့်ကြီးတို့"

ပြောပြောဆိုဆို လူကြီးက ကိုယ်ကိုသိမ့်သိမ့်တုန်နေအောင် ရယ်နေပြန်သည်။ တပည့်နှစ်ယောက်လည်း ဘာကိုသဘောကျ

သွားသည်မဆိုနိုင်။ ပြက်လုံးကောင်းတစ်ခုပမာ ဝိုင်းရယ်နေကြသည်။ လူကြီးက ရုတ်တရက် ငမျေးကို လက်ညှိုးထိုးလိုက်သည်။

"ဟော့. . . ဟော့၊ ဟိုသူငယ်၊ မင်းနာမည် ဘယ်သူလဲကွ"

"ငမျေး"

"မင်းမှာ ဒီပြင်နာမည်တွေ မရှိတော့ဘူးလားကွ"

ငမျေးက ခေါင်းခါပြသည်။

"မွေးကတည်းက ဒီနာမည်တစ်လုံးပဲရှိတယ်ဗျ"

လူကြီးနှင့်တပည့်နှစ်ဦး ခေါင်းချင်းကပ်သွားသည်။ နှစ်ကိုယ်ကြား တီးတိုးပြောနေကြသည်။ အတန်ကြာမှ လူကြီးက -

"အိုကွာ၊ တို့လိုချင်တဲ့နာမည် မရလဲ ဘာဖြစ်လဲ"

လူကြီးက လှထွေးဘက်သို့ လက်ညှိုးကြီးတငေါက်ငေါက်ထိုးရင်း -

"မင်းနာမည်ကကော"

"လှထွေးပါ"

"ဘာကွ၊ လှထွေးတဲ့ ဟုတ်လား။ လှထွေးဆို အရနှေးမယ့်သဘောပေါ့။ မဖြစ်ဘူး မဖြစ်ဘူး။ လာ. . . လာ၊ ဟိုကောင်ငမျေးတို့ကိုလိုက်ပြ"

ငမျေးက လှထွေးဘက်သို့လှည့်ကြည့်သည်။ မျက်စိတစ်ဖက်မှိတ်ပြသည်။ ကိုယ်လွတ်ရုန်းပြီး ရွာထဲလူကြီးတွေ သွားခေါ်ပေတော့ဟုသည့်သဘော။

လူကြီးက စိတ်တိုဟန်တူသည်။ ငမှေး၏လက်ကို ဆောင့်ဆွဲလိုက်သည်။

"ကဲကွာ၊ ငမှေး မင်းပဲလိုက်ပြပေတော့"

လှထွေးက သူတို့အနီးမှခွာ၍ ရွာဘက်သို့ခြေလှမ်းရန် ပြင်လိုက်သည်။ လူကြီး၏တပည့် ကိုစုတ်ချွန်းက လှထွေးကို ဆောင့်၍ဆွဲလိုက်သည်။

"ဟဲ. . . ဟဲ၊ ဒီလိုလုပ်လို့ ဘယ်ရမလဲကွ။ မင်းပါလိုက်ခဲ့"

ပြောပြောဆိုဆို ကိုစုတ်ချွန်းက လွယ်အိတ်ထဲမှ ဓားမြှောင်တစ်ချောင်းကို ထုတ်လိုက်သည်။

"ဟော့ကောင်. . . ဒါကို မြင်တယ်မဟုတ်လား"

ထိုအခိုက် အခြေအနေတစ်မျိုးပြောင်းသွားသည်။ အနီးရှိ ချုံကြားထဲမှ ကျေးရွာလူကြီးများ ပြေးထွက်လာသည်။ ဘကြီးမြိုင်၊ ဦးလေးကြည်၊ ဦးလှမြင့်နှင့် ရွာသားဆယ်ဦး။ ထိုစဉ် ရွာသို့ မကြာမကြာဝင်လာတတ်သော အနီးဆုံးမြို့ကလေးရှိ ရဲစခန်းမှ နယ်ထိန်းဦးကြီးမြင့်နှင့်တပည့်နှစ်ဦး အပြေးအလွှားရောက်လာကြသည်။

"ဒီကောင်သုံးကောင် ဒီရွာဘက်ဝင်သွားတယ်ကြားလို့ ငါတို့လိုက်လာတာ။ အတော်ပဲဟော့၊ ဒီကလေးနှစ်ယောက် အချိန်ဆွဲထားလို့ ဒီကောင်တွေဂိုဏ်းကို ဖမ်းမိတာ၊ ကျေးဇူးပဲဟော့"

တရားခံများအကြောင်းက ကြက်သီးထချင်စရာ။ နယ်ထိန်းဦးကြီးမြင့်က ကျေးရွာဥက္ကဋ္ဌ ဘကြီးမြိုင်ကိုပြောပြသည်။

"ဒီကောင်တွေဟာ သိုက်ဆရာယောင်ယောင်နဲ့ နယ်လှည့်ပြီး ရှေးဟောင်းမြို့တွေလိုက်တူး၊ ခိုးဆိုးတိုက်ခိုက် လုယက်နေတဲ့ နွားသူခိုးဂိုဏ်းကြီးဗျ။ နောက်ပြီး ဘုရားဌာပနာတွေကို လိုက်ဖောက်နေတဲ့ လူလိမ်တွေဗျ"

□ □ □

မှတ်မှတ်ရရ လွန်ခဲ့သောသုံးလေးနှစ်က အဖြစ်တစ်ခု၊ ရင်တုန်စရာအဖြစ်အပျက်ကလေးတစ်ခု။ လှထွေးတစ်ယောက် ရွာ၏ အလယ်ညောင်ပင်ကြီး၏ အမြစ်ဆုံပေါ်တွင်ထိုင်ရင်း ထိုစဉ်က အဖြစ်အပျက်ကို ပြန်လည်အမှတ်ရနေမိသည်။ သူက ရွာထိပ်လမ်းမဘက်သို့ တစ်ချက်မျှလှမ်းကြည့်လိုက်၏။ တစ်စုံတစ်ခုလည်း တွေးလိုက်မိသည်။

"ဒီနေ့လား၊ နက်ဖြန်လား။
ရန်ကုန်ကလူတစ်စု ရောက်လာတော့မယ်တဲ့။
သူတို့ ဘယ်သူတွေလဲ။
ဘယ်လို လူစားတွေလဲ။
တို့ရွာမှာ ဘာလာလုပ်ကြမှာလဲ။
တို့ရွာကို မကြာမကြာဝင်လာတတ်တဲ့
ဟိုသိုက်ဆရာ နွားသူခိုးလို လူတွေလား။
ဘာ့ကြောင့် တို့ရွာက မျှော်နေကြတာလဲ. . ."

□ □ □ □ □

# အခန်း (၂)

ကျတ်ကုန်းကြီး။

တစ်ရွာလုံးက ထိုကုန်းမြင့်ကြီးကို ကျတ်ကုန်းကြီးဟုခေါ်လာခဲ့ကြသည်။ ကြာလှပြီ။ သည်တောင်ကုန်းကြီး သည်နေရာမှာရှိနေလာကတည်းကဆိုပါတော့။

ဘကြီးမြိုင်ငယ်ငယ်က အဘွားကိုမေးကြည့်သည်။

"ကျတ်ဆိုတာ ဘာလဲ။ ဘာဖြစ်လို့ ကျတ်ကုန်းလို့ခေါ်ရတာလဲ"

ဘကြီးမြိုင်၏အဘွားက သိပ်မဖြေချင်။ ဝှေလည်ကြောင်ပတ်လုပ်နေသည်။ ပေါ့ပေါ့တန်တန်ပဲ ဖြေသည်။ ဘကြီးမြိုင်ငယ်ငယ်က ဇွတ်သမား။ မရမက မေးသည်။ အကြိမ်ကြိမ်မေးတော့မှ အဘွားက မဖြေချင့်ဖြေချင်ဖြေသည်။

"ရှူး. . . တိုးတိုးပြောပါဟဲ့။ မတော် ကျတ်တွေကြားသွားရင်ဒုက္ခ"

အဘွား၏အဖြေကို မောင်မြိုင်ကလေးက သိပ်မကြိုက်။ အခြားတစ်ယောက်ဆီသို့ မြားဦးလှည့်သည်။

"သည်တောင်ကုန်းကြီး ဘယ်တုန်းက ဒီနေရာမှာရောက်နေတာလဲဘုရား"

မောင်မြိုင် ဘုန်းကြီးကျောင်းသားဘဝတွင် သက်တော် ရှစ်ဆယ်ကျော် ဦးပဥ္စင်းအိုကြီးတစ်ပါးကို မေးလျှောက်ကြည့်သည်။

"ဘာကွ၊ တယ်ကြီးကျယ်တဲ့မေးခွန်းပါလား။ သည်တောင်ကုန်းကြီး ဘယ်တုန်းကရှိနေသလဲတဲ့၊ ဟုတ်လား။ ဘယ်တုန်းကလဲလို့တော့ မပြောတတ်ပါဘူးကွာ။ ငါဘုန်းကြီးကျောင်းသားဘဝ ဟိုဘက်ရွာကို ဆွမ်းခံကြွရင်း ကျွဲအခတ်ခံရတာ အဲဒီတောင်ကုန်းကြီးနားမှာပဲကွ"

"အရှင်ဘုရားကို ကျွဲခတ်အောင် ကျတ်တွေလုပ်တာလား ဘုရား"

ဦးပဥ္စင်းကြီး၏မျက်နှာပေါ်တွင် ပြုံးရိပ်သမ်းသွားသည်။

"ငမြိုင် . . . ငမြိုင်၊ ကြံကြံဖန်ဖန်မေးတတ်တဲ့ကလေး။ ကြံကြံဖန်ဖန်တွေးတတ်တဲ့ကလေး။ ဘုရားတရားအလုပ်လုပ်နေတဲ့လူကို ဘယ်ကျတ်တစ္ဆေကမှ မလုပ်နိုင်ပါဘူး။ သက်န်းဝါဝါကြီး မျက်စိနောက်လို့ ကျွဲလိုက်ခတ်တာဖြစ်မှာပေါ့ဟဲ့"

ပဥ္စင်းအိုကြီး၏အဖြေကိုလည်း မောင်မြိုင် မကျေနပ်နိုင်ခဲ့။ သည်ကျတ်ကုန်းကြီးနှင့်ပတ်သက်၍ စစ်စစ်ပေါက်ပေါက်သိချင်သေးသည်။ ဘယ်နေရာသွားပြီး မေးရပါ့။ ဘယ်သူ့ကို သွားပြီးမေးရပါ့။ ငယ်စဉ်မှ ယနေ့အထိ မေးရမည့်သူ မတွေ့ခဲ့။ အသက်သာကြီးလာသည်။ အဖြေမှန်က ဘယ်မှာရှိမှန်းမသိ။

ငယ်စဉ်ကအဖြစ်တစ်ခုကို အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ရင်း ပြန်တွေးနေမိသည်။ သူ ငယ်စဉ်ဆယ်နှစ်သားအရွယ် တစ်ညနေ

တွင် အမေ့မောင်တော်စပ်သူတစ်ဦးနှင့် ရွာမှင်းမိုင်ခန့်ဝေးမည့် ရွာတစ်ရွာသို့ ရေစည်တိုက် လိုက်ခဲ့သည်။ အပြန်ခရီးတွင် မိုး အတော်ချုပ်နေပြီ။ ဝင်လုဆဲနေရောင်အောက်တွင် တောင်ကုန်း ရှည်ကြီးမှာ ဘီလူးတစ်ကောင်၊ တုံးလုံးလှဲနေသည့်ပမာ။ အဝေးမှ လှမ်းမြင်ရသည်။

"ဟဲ့. . . ကလေးတွေ၊ ကျတ်ကုန်းကြီးကို သွားမကြည့်နဲ့နော်။ ဥစ္စာစောင့်တွေ ဖမ်းစားလိမ့်မယ်။ လှည်းထဲမှာ ခေါင်းငုံ့နေကြ"

တောင်ကုန်းကြီးကို လှမ်းမြင်ရသည့်နေရာအရောက်တွင် လူကြီးများ လှမ်း၍သတိပေးလိုက်သည်။ လှည်းပေါ်တွင် အဖော် ပါလာသည့် ရွာထဲက ကလေးအားလုံး ခေါင်းငုံ့ထားကြသည်။ မောင်မြိုင်ကလေးတစ်ယောက်သာ မျက်နှာကိုငုံ့ထားရင်း၊ မျက်လုံး များက ငြိမ်ငြိမ်မနေ။ တောင်ကုန်းမည်းမည်းကြီးဘက်သို့ ခိုးကြည့် ဖြစ်အောင် ကြည့်လိုက်သေးသည်။

ဘကြီးမြိုင် ငယ်စဉ်ကအဖြစ်အပျက်များကို တစိမ့်စိမ့်တွေးနေ မိသည်။ သည်နေ့မှ တောင်ကုန်းကြီးအကြောင်း ပို၍သတိရလာ သည်။ အရေးထဲ သူမျှော်နေသည့် ငမှေးနှင့်လှထွေးဆိုသည့် အကောင်အိုလေးနှစ်ယောက်လည်း ဘယ်ဆီကိုရောက်နေသည် မသိ။ ဘကြီးမြိုင် ထိုင်ရာမှထသည်။ အိမ်ပေါ်တက်၍ ဆေးလိပ်တို တက်ရှာသည်။ မီးခြစ်ခြစ်ရင်း ငယ်စဉ်ကအကြောင်းတစ်ခု ပြန်ပေါ် လာပြန်သည်။

ငယ်စဉ်က လူကြီးများ တဖွဖွပြောနေသံကို ကြားရဖူးသည်။ ဟုတ်လား မဟုတ်လား၊ တပ်အပ်သေချာမပြောနိုင်။

"လပြည့်ညတွေကျရင် ကျတ်ကုန်းကြီးပေါ်မှာ မီးရောင်တွေ ထိန်နေတတ်တယ်။ မီးခိုးတွေ ဝေနေတတ်တယ်။ မြူတွေလို အခိုးအငွေ့တွေ ဆိုင်းနေတတ်တယ်။ အဲဒီအချိန်မျိုးမှာ သေသေ ချာချာနားထောင်ကြည့်ရင် စကားပြောသံတွေ ကြားရတတ်တယ်။ ဆိုင်းသံဗုံသံတွေ ထွက်လာတတ်တယ်။ တစ်ခါတစ်ခါ သီချင်းဆိုသံ တွေ၊ ချော့သိပ်သံတွေတောင် ကြားရတတ်တယ်. . . တဲ့"

ဘကြီးမြိုင် တစ်ဆယ့်ငါးနှစ်သားအရွယ်က အဖြစ်ကလည်း မနေ့တစ်နေ့ကလိုပင် အောက်မေ့ရသည်။ မောင်မြိုင်ကလေးတို့ အိမ်အနီးတွင် မိန်းမအလွန်ကြောက်ရသည့် ထန်းတက်သမားကြီး ဦးဖိုးတီရှိသည်။ ထန်းတက်သမားဆိုတော့ သူ့ထန်းရည်ကောင်း မကောင်း စမ်းသပ်ကြည့်နေရသလားမသိ။ အမြဲလိုလို ထန်းရည် မူးနေတတ်သည်။ တစ်ခါက ဦးဖိုးတီကြီး ထန်းရည်မူးမူးဖြင့် သူ့စွန့်စားခန်းကို ပြောနေသံကြားရသည်။ တောင်ကုန်းကြီးပေါ်သို့ သူ ရောက်သွားသတဲ့။ တောင်ပေါ်တွင် ဒန်းစီးနေသည့် ဥစ္စာစောင့် ညီအစ်မခုနစ်ဖော်နှင့် တွေ့ခဲ့သတဲ့။ သူ့ကို ဒန်းပေါ်တင်ပြီး လွှဲပေး ကြသတဲ့။ ချော့ပြီးတောင် သိပ်ခဲ့သတဲ့။

"အပြန်လည်းကျတော့ ဥစ္စာစောင့်မတွေက လက်ဆောင်တွေ ပေးလိုက်ပါရဲ့။ ငါလည်း မူးမူးနဲ့ ဘယ်နေရာမှာထားခဲ့မိသလဲ မသိ ပါဘူးကွာ"

တစ်ကြိမ်လည်း မဟုတ်။ နှစ်ကြိမ်လည်း မဟုတ်။ ဤသို့လည်း သူ့စကားကို အဆုံးတွင် လျှောချတတ်သေးသည်။ သူ့ချိုစောင်းမှ အမာရွတ်ကြီးတစ်ခုကိုလည်း စိတ်လိုလက်ရရှိလျှင် လူတကာကို လိုက်ပြတတ်သည်။

"အဲဒါ ဥစ္စာစောင့်မ အလတ်မလွှဲလိုက်တာ၊ ငါ ဒန်းပေါ်က အရှိန်လွန်ပြီး ပြုတ်ကျခဲ့တဲ့ဒဏ်ရာကွ"

အခုတော့ ပုံပြောအလွန်ကောင်းသည့် ဦးဖိုးတီကြီးလည်း မရှိတော့ပြီ။ မောင်မြိုင်ကလေး ပဉ္စင်းခံသည့်နေ့မှာပင် ကွယ်လွန်သွားခဲ့ပြီ။ ဘကြီးမြိုင် အခု အသက်ခြောက်ဆယ်ကျော်ခဲ့ပြီ။ နှစ်ပေါင်း လေးဆယ်ကျော်ပင် ကြာခဲ့ပြီပေါ့။

ဘကြီးမြိုင်က ဆေးလိပ်တိုကို ခွက်ထဲပြန်ထည့်သည်။ အိမ်အောက်သို့ပြန်ဆင်းခဲ့သည်။ ခြံဝမှထွက်၍ ရွာလယ်လမ်းမဘက်သို့ ရပ်ကြည့်နေသည်။

"ငမှေးဆိုတဲ့အကောင်၊ ရွာထိပ်ကထွက်ပြီး ဧည့်သည်တွေ သွားကြိုနေတာ ဧည့်သည်တွေရော သူပါပျောက်နေပါပေါ့လား"

ဘကြီးမြိုင်က လမ်းမဘက်သို့ ဒုတိယအကြိမ်လှမ်းကြည့်ရင်း သာဟန်တို့အိမ်ဘက်သို့ မျက်စိရောက်သွားသည်။ သာဟန်၏အဖေ ဖိုးစံအေးနှင့် ဘကြီးမြိုင်တို့ ဘုန်းကြီးကျောင်းတွင် စာအတူသင်ဖူးသည်။ အိမ်ထောင်အသီးသီးကျသွားသည့်အခါ တစ်ရွာတည်းနေသော်လည်း လူချင်းအဆက်ပြတ်သွားသည်။ နှစ်ယောက်စလုံး ကိုယ့်ယာကိုယ့်အလုပ်နှင့် ခေါင်းကိုပင် ယားလို့မကုတ်နိုင်အောင်

အလုပ်များနေခဲ့ကြသည်။ ဘာလိုလိုနှင့် သူ့သူငယ်ချင်း ဖိုးစံအေး ကြီးတစ်ယောက် မနှစ်က ကွယ်လွန်သွားခဲ့ပြီ။ သူ့သား သာဟန် ကတော့ သူ့အဖေ၏သတ္တိနှင့်ဇွဲကို မီပုံမရ။ ဖိုးစံအေးတစ်ယောက် တစ်ခါက တောင်ကုန်းကြီးပေါ် ရောက်သွားဖူးသည်။ ဝါးသွားခုတ် ရင်း ရောက်သွားခြင်းဖြစ်သည်။ ဝါးရုံတောကြီးထဲတွင် ထူးထူး ဆန်းဆန်း အုတ်ချပ်ပြားကြီးတွေ သူ တွေ့ခဲ့ရသည်။ အုတ်ချပ်ပြား ကြီးများမှာ အရွယ်အစားသေးသေးကွေးကွေးတွေ မဟုတ်ကြ။ အတော်ပင် ကြီးမားကြသည်။ အစင်းကြောင်းကြီးတွေ၊ အခြစ် ကြောင်းတွေပါရှိသည်။ စံအေးက အရွယ်ကောင်းသူပီပီ အုတ်ခဲကြီး လေးငါးချပ်ကို အိမ်သို့ တပင်တပန်းသယ်လာခဲ့သည်။ လာကြည့် သူတိုင်း တအံ့တဩဖြစ်ခဲ့ရသည်။ စံအေးက ရေအိုင်နေတတ်သည့် သူ့အိမ်ရှေ့ လူသွားလမ်းအနီးတွင် အကျအန ခင်းထားလိုက်သည်။ အခုလောက်ဆို အုတ်ခဲကြီးတွေ ကွဲကုန်ရောပေါ့။ ဘကြီးမြိုင် ဖိုးစံအေးတို့ခြံထဲသို့ တစ်ခါက အကြိမ်ကြိမ်ရောက်တတ်သော်လည်း ထိုအုတ်ခဲကြီးများ ရှိနေသေးသလား၊ မရှိတော့ဘူးလား သတိမမူ ခဲ့တော့ချေ။

ဘကြီးမြိုင်၏မျက်လုံးများက ရွာထိပ်ဘက်သို့ ရောက်သွားပြန် သည်။ ကားသံကိုလည်း နားစွင့်မိသည်။ ငမှေးဆိုသည့်ကောင် ကလေးက ရန်ကုန်မှဧည့်သည်များ ရောက်လာမည့်အကြောင်း ကြားစာကို မြို့ကလေးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ရောက်သွား ရင်းရလာခဲ့သည်။ စာက ဘကြီးမြိုင်ကို လိပ်စာတပ်ထားသည်။

လွန်ခဲ့သော ခြောက်လခန့်က သူတို့ရွာမှ လူငယ်တစ်ယောက် မြို့ကလေးတွင် အရောင်းအဝယ်သွားလုပ်ရင်း ဖမ်းဆီးခံရသည်။ သွားရောင်းသည့်ပစ္စည်းကလည်း သာမန်တွေမဟုတ်။ ရှေးခေတ်သုံး ငွေဒင်္ဂါးပြားအချို့ဖြစ်သည်။ အုတ်ပြားပေါ်တွင် ရုပ်လုံးထွင်းထားသော ဘုရားဆင်းတုတစ်ဆူလည်း ပါသွားသည်။ ဘကြီးမြိုင်က ကျေးရွာအုပ်ချုပ်နေသူပီပီ သူ့ရွာသားအတွက် သက်သေခံလိုက်ရသည်။ ထိုမြို့ကလေးမှ ရဲစခန်းတွင်သာ ကိစ္စမပြီးခဲ့။ ရန်ကုန်မြို့ကြီးအထိ ရောက်သွားရသည်။

ရန်ကုန်ရုံးကြီးတွင် ဘကြီးမြိုင်နှင့်အရာရှိကြီးများ မမျှော်လင့်ဘဲ စကားတွေအများကြီး ပြောခွင့်ရလိုက်သည်။ ဘကြီးမြိုင်က သူတို့ရွာမြောက်ဘက်ရှိ ကုန်းတန်းရှည်ကြီးတစ်ခု၏ အကြောင်းကို ပြောပြသည်။ လူသူအရောက်အပေါက်နည်းလှသည့် ထိုကုန်းမြင့်ကြီးပေါ်သို့ ရောက်သွားဖူးသူအချို့၏ ကိုယ်တွေ့မျက်မြင်များကိုလည်း သက်ဆိုင်ရာလူကြီးများကို အားပါးတရပြောပြခဲ့သည်။ အနီးဆုံးမြို့ကလေးနှင့်ပင် ငါးမိုင်မျှဝေးကွာပြီး အပြင်လောကနှင့် အဆက်အသွယ်ပြတ်နေသည့် သူ့ရွာကလေးရှိရာသို့ လေ့လာရေးအဖွဲ့ စေလွှတ်ပေးပါရန်လည်း ပန်ကြားခဲ့သည်။ အခုတော့ ဘကြီးမြိုင်၏ဆန္ဒပြည့်ဝသွားခဲ့ပြီ။ လေ့လာရေးအဖွဲ့တစ်ဖွဲ့ သည်နေ့ပင် ရောက်လာကြတော့မည်။

ဘကြီးမြိုင်ကိုယ်တိုင် ရွာထိပ်လမ်းမပေါင်းကြီးအထိထွက်၍ ထိုအဖွဲ့ကို ကြိုလိုက်ချင်သည်။ သို့ပေမယ့် အသက်ကြီးလှပြီ။

ကျန်းမာရေးကလည်း ကောင်းလှသည်မဟုတ်။ ဂျပန်ခေတ် သံဖြူဇရပ်ချွေးတပ်စခန်းမှ ထွက်ပြေးလာခဲ့စဉ်က ရရှိလာခဲ့သောညာဘက်ခြေထောက်ကဒဏ်ရာကြောင့် မကြာမကြာ လူမမာကြီးလိုဖြစ်နေခဲ့ရသည်။ တော်ပါသေးရဲ့။ ငမွေးနှင့်လှထွေး ရှိနေသေး၍သာတော်တော့သည်။ ယနေ့စောစောပိုင်းကပင် ငမွေးကကုန်တင်ကားကြီးတစ်စီးတလေ ဖြတ်သန်းသွားတတ်သည့် ဂျပန်ခေတ်က ကားလမ်းဟောင်းကြီးအနီးရှိ ရွာအဝင် သစ်သားတံတားပျက်ကြီးမှ သွားစောင့်နေခဲ့သည်။ လှထွေးကိုလည်း ရွာအလယ်ညောင်ပင်ကြီးအောက်မှနေ၍ အကြိုထောက်ခိုင်းထားသည်။ ကားကြီး ရွာထဲဝင်လာလျှင် လှထွေးတစ်ယောက် အပြေးအလွှားရောက်လာလိမ့်မည်။ သည်အခါ ဘကြီးမြိုင် ဘုန်းကြီးကျောင်းအတွင်းရှိ စာသင်ကျောင်းကလေးဆီသို့ သွားရောက်စောင့်နေဖို့စီစဉ်ထားသည်။

အခုဆိုလျှင် ကိုးနာရီကျော်ခဲ့ပြီ။ ဆယ်နာရီနီးပါးမျှပင် ရှိရောမည်။ နေလည်း မြင့်လှပြီ။ ပူလည်း ပူလှပြီ။

သွားကြိုသူများကိုလည်း အရိပ်အယောင်မျှပင် မတွေ့ရသေး။ ကလေးတွေပီပီ လျှောက်ဆော့နေကြပြီလား။ တစ်နေရာရာမှာအိပ်များပျော်နေကြပြီလား။

ကျောင်းအုပ်ကြီးလည်း လည်ပင်းညောင်ရေအိုးဖြစ်နေလောက်ပြီ။ ဆရာတော်ကြီ လည်း ဆွမ်းကိုပင် ဖြောင့်ဖြောင့်ဘုဉ်းပေးနိုင်ပါတော့မည်လားမသိ။

ချက်ထားပြုတ်ထားတာတွေကိုလည်း အလဟဿဖြစ်ကုန်မှာ စိုးရသေးသည်။ ဘာပဲဖြစ်ဖြစ်၊ ဘကြီးမြိုင် ယုံကြည်ထားတာတစ်ခု ရှိသည်။ ရုံးကလူတွေ သူကို့ရွာကလေးနှင့်ပတ်သက်၍ အထူး စိတ်ဝင်စားကြသည်မှာ သေချာသည်။

သူတို့ လာကြတော့မည်။

ယနေ့ အရောက်လာပါမည်ဟု လူကြုံစကားပါးလိုက်၏။

သို့ရာတွင် ဘယ်တော့မှန်းမသိ၊ ဘယ်အချိန်မှန်းမသိ။

□ □ □ □ □

# အခန်း (၃)

မျိုးမင်းဇော် အတွေးနယ်ချဲ့နေမိသည်။

ယခုလို ခရီးထွက်လာရတာ အဓိပ္ပာယ်မှရှိပါလေစ။ စိတ်ပျက်လိုက်တာ။ ကားကြီးကလည်း ဟိုနေရာပျက်၊ သည်နေရာပျက်နှင့်။ ရန်ကုန်ကထွက်လာတာ ကြာလှပြီ။ နံနက်ဝေလီဝေလင်းကတည်းကဆိုပါတော့။ ယခုထိသွားရမည့်ရွာက ဘယ်နေရာရှိသည်မသိ။ ဝေးလိုက်တာ။ နေကလည်း ပူပါဘိ။

သည်ဌာနတွင် ဝင်လုပ်မိသည်မှာ မှားနေလေပြီလား။ စင်သီယာပြောဖူးသလို နေပူပူ၊ ဖုန်ထူထူထဲ ဟိုနေရာတူး ဒီနေရာဆွနှင့်။ အလုပ်ကြမ်းသမားအလုပ်မျိုး၊ မြေတူးသမားအလုပ်မျိုး။

သုတေသနအရာရှိ ဦးရဲတင့်က "မြန်မာပြည်အလယ်ပိုင်းသို့ ခရီးထွက်ရမည်၊ အသင့်ပြင်ထား" ဟုပြောလာသောအခါ မျိုးမင်းဇော် ငယ်ထိပ်မြွေတက်ပေါက်သလို ခံစားရသည်။ သည်တစ်ခေါက်တော့ ပြတ်ပြတ်သားသား ပြောမှဆိုမှဖြစ်မည်။ "ကျွန်တော် နိုင်ငံခြားကို လိုက်သွားတော့မယ်။ လက်မှတ်ထိုးပြီးတင်ပေးပါ။ ကျွန်တော် အလုပ်ထွက်တော့မယ်" ဟူ၍ ပွင့်ပွင့်လင်းလင်းပြောလိုက်တော့မည်။

သို့ပေမယ့် ရန်ကုန်တက္ကသိုလ်မှ ဘူမိဗေဒဘာသာတွဲဖြင့် ဘွဲ့ရထားသော မျိုးမင်းဇော်လို လူငယ်ကလေးအနေဖြင့် မိမိနှစ်ပေါင်းခြောက်နှစ်၊ ခုနစ်နှစ်မျှ လုပ်သက်ရနေပြီဖြစ်သော ရုံးကြီးတစ်ရုံးမှ အလွယ်တကူထွက်ဖို့ရန် ခက်ခဲလှသည်။ မည်သည့်ကြီးကြီးမားမား ရည်ရွယ်ချက်မျှလည်း မရှိ။ ရှေးခေတ် မြို့ဟောင်း၊ ရွာဟောင်းကြီးများ ကြားတွင် အခြားပညာရှင်များ၊ သူငယ်ချင်းများ၊ အလုပ်သမား အပေါင်းအသင်းများနှင့် ပျော်မွေ့လုပ်ကိုင်နိုင်လိမ့်မည်ဟု ယုံကြည်ထား၍သာ ဝင်လုပ်ခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်မှထွက်ခဲ့ပြီး ကိုယ့်လမ်းကိုယ်လျှောက်ခဲ့ရသော အချိန်မှစ၍ မျိုးမင်းဇော် စိတ်ကူးအမျိုးမျိုးပြောင်းခဲ့သည်။ စာရေးသည်၊ ကဗျာရေးသည်၊ သီချင်းရေးသည်။ တီးဝိုင်းတွင် သီချင်းဆိုသည်။ ကျူရှင်ဆရာ လုပ်သည်။ ကျောင်းတွင် ကျူတာဆက်လုပ်ရကောင်းလေမလား။ ရေနံရုံးတွင် ဘူမိဗေဒအရာရှိ ဝင်လုပ်ရလျှင်ကောင်းလေမလား။ အတွေးပေါင်းစုံကြားတွင် အတန်ကြာမျောနေခဲ့သေးသည်။ လွန်ခဲ့သော ခုနစ်နှစ်၊ ရှစ်နှစ်ခန့်က ရှေးဟောင်းသုတေသနဦးစီးဌာနတွင် သုတေသနလက်ထောက်ရာထူး သုံးနေရာ လစ်လပ်နေကြောင်း သတင်းစာတွင် ဖတ်လိုက်ရသည်။ ထိုစဉ်က အမျိုးသားဘော်ဒါဆောင်တစ်ဆောင်တွင် နားခိုရခိုက်မို့ ငွေလိုနေသည်။ လျှောက်လွှာတစ်စောင်ကို မစဉ်းမစားရေးလိုက်သည်။ မဆိုင်းမတွ သွားတင်ခဲ့သည်။ သုတေသနလက်ထောက်အလုပ်ကို လွယ်လွယ်နှင့်ရခဲ့သည်တော့မဟုတ်။ လူနှစ်ဆယ်ကျော်ကျော်နှင့်

ယှဉ်ပြိုင်ဖြေဆိုခဲ့ရသည်။ ပထမပိုင်းတွင် သုတေသနလက်ထောက်ဘဝဖြင့် ခရီးထွက်ရသည်မှာ ပျော်စရာတော့အကောင်းသား။ သည်ရာထူးဖြင့် လဂွမ်းဗျည်းမြို့ဟောင်းသို့လည်း ရောက်ပြီ။ မြောင်းမြဘက်လည်း ရောက်ခဲ့ပြီ။ မိုင်းမောဘက်လည်း ရောက်ခဲ့ပြီ။ သရေခေတ္တရာမှော်ဇာဒေသမှာ သူ့အတွက် အိမ်ဦးနှင့်ကြမ်းပြင်။

သည်မှာတင် အနောက်တိုင်း အထူးသဖြင့် အမေရိကန်နိုင်ငံကို အထင်ကြီးအားကိုးလှသော စင်သီယာနှင့် ကုမ္ပဏီဖွင့်ပွဲတစ်ခုတွင်ပြန်ဆုံရသည်။ ညှော်ခံပွဲတွင် မျိုးမင်းဇော်တို့သူငယ်ချင်းတစ်စု၏ The Dawn အဖွဲ့က ဖျော်ဖြေသည်။ မျိုးမင်းဇော် ခေတ်ပေါ်တေးသီချင်းသုံးပုဒ် တက်ဆိုရသည်။ စင်သီယာက လာရောက်နှုတ်ဆက်သည်။ ကျောင်းထွက်ပြီးနောက် သူတို့နှစ်ဦး ပြန်လည်ဆုံတွေ့ရသည့်အထိမ်းအမှတ်အဖြစ် စင်သီယာနှင့် စုံတွဲအင်္ဂလိပ်သီချင်းတစ်ပုဒ် ဆိုခဲ့ရသည်။ သည့်နောက်တော့ ပိုမိုရင်းနှီးသွားသည်။ စာ အပြန်အလှန်ရေးသည်။ ဖုန်းဆက်သည်။ မျိုးမင်းဇော်သီချင်းသွားဆိုရာသို့လည်း မကြာမကြာရောက်လာတတ်သည်။ အားပေးတတ်သည်။ စားသောက်ခန်းများတွင် ထိုင်မိကြလျှင် ဩစတြေးလျမှတစ်ဆင့် အမေရိကန်သို့သွားရန် စီစဉ်ထားကြောင်း ပြောတတ်သည်။ မျိုးမင်းဇော်ကိုလည်း ဩစတြေးလျသို့လိုက်ခဲ့ဖို့ အကြိမ်ကြိမ်ခေါ်တတ်သည်။ ဩစတြေးလျ ဆစ်ဒနီ၊ မဲလ်ဘုန်း ကြိုက်ရာမြို့တစ်မြို့တွင်နေထိုင်ပြီး တီးဝိုင်းထောင်မည်။ သီချင်းဆိုမည်တဲ့။ နောက်ဆုံးအကြိမ်တွေ့ရစဉ် စင်သီယာ ကြဖြန့်သွားသော စိတ်ကူးပန်းပွင့်အစအနများ။ ခြေရာကလေးများ။

□ · □ □

အိုမင်းလှပြီဖြစ်သော ရုံးကားကြီးသည် မျိုးမင်းဇော်အပါအဝင် ရှေးဟောင်းသုတေသနဝန်ထမ်းခြောက်ဦးကို သယ်ဆောင်လျက် မြန်မာပြည်အလယ်ပိုင်း ကတ္တရာလမ်းမကြီးပေါ်တွင် မမောနိုင် မပန်းနိုင် ပြေးလွှားလျက်ရှိသည်။ နေကလည်း ပူလွန်းလှပါဘိ။ လမ်းဘေးဝဲယာ ဘယ်နေရာကိုကြည့်ကြည့် ရိုးပြတ်ငုတ်တို လယ်ကွင်းများနှင့် အရွက်ကျဲကျဲသစ်ပင်ချုံနွယ်များ၊ ပဲခင်း၊ နှမ်းခင်း၊ ယာကွင်းပြင်၊ ထန်းပင်ထန်းတောတို့သာ မင်းမူလျက်ရှိသည်။ တစ်ချက်တစ်ချက် လေပူကြီးက တိုက်လိုက်သေးသည်။ ကားထဲသို့ ဖုန်မှုန့်များ အလိပ်လိုက် တက်လာတတ်သေးသည်။ လက်ကိုင် ပဝါတစ်ထည်ဖြင့် မျက်နှာကိုဖုံးအုပ်ထားရသည်မှာလည်း တစ်လမ်းလုံးဒုက္ခ။

မျိုးမင်းဇော် စိတ်မောလူမောဖြစ်လာသည်။ ကားရှေ့ခန်းတွင် ဆရာကြီးဦးရဲတင့်တစ်ယောက် တ ခေါ်ခေါ်နှင့် အိပ်မောကျလျက် ရှိသည်။ ကျန်အပေါင်းအသင်းများ ကားအပြင်သို့ငေးသူငေး၊ အိပ်ငိုက်သူ အိပ်ငိုက်နှင့်။ မျိုးမင်းဇော်က မျက်စိကိုမှိတ်ထားလိုက် သည်။ စိတ်ကူးလိုလို အိပ်မက်လိုလို။ သူနှင့် ကျော်စိန်သန်းဆိုသော သူငယ်ချင်းတစ်ယောက်တို့သည် အင်းယားမြိုင်လမ်းက စင်သီယာ တို့ခြံကြီး၏တံခါးဝတွင် ရပ်နေကြသည်။ စင်သီယာက နှုတ်ဆက် ချင်သည်။ ခေါ် ခိုင်းလိုက်သည်ပြောလွန်း၍ ကျော်စိန်သန်းခေါ်ရာ သို့ မျိုးမင်းဇော် အရဲစွန့်၍လိုက်ခဲ့မိပြီ။ ကျယ်ဝန်းလှသော ခြံကြီး ထဲသို့ သူတို့ သံတိုင်ကြားမှ ချောင်းကြည့်ကြသည်။ ပန်းချုံနားတွင်

ခွေးကြီးနှစ်ကောင် အိပ်နေသည်။ သူတို့နှစ်ယောက် ရုတ်တရက် မဝင်ရဲ။ တော်ပါသေးရဲ့။ စင်သီယာတို့အိမ်တွင် အဖော်ခေါ်ထား သည့် ကောင်မလေး၏ ပုဝိုင်းဝိုင်းမျက်နှာကို ပုဏ္ဏရိုက်ပင်ကြားတွင် မြင်လိုက်ရသည်။

"ရှူး. . . ရှူး. . . ဒီမှာ၊ ဒီမှာ"

ကောင်မလေး လန့်သွားသည်။ နောက်မှ ကျော်စိန်သန်းကို မှတ်မိသွားသည်။

"မမစင်သီယာရဲ့ သူငယ်ချင်းမဟုတ်လား"

ကောင်မလေးက ဝင်းတံခါးသော့ကိုဖွင့်ပေးသည်။ လူသံကြား ၍ ခွေးကြီးနှစ်ကောင် ခေါင်းထောင်ကြည့်သည်။ ကြောက်စရာ အသံတွေနှင့် လှမ်းဟောင်သည်။ မျိုးမင်းဇော်တို့ တုတ်တုတ်မျှ မလှုပ်ရဲ။ ကောင်မလေးနောက်မှ ခပ်ကုပ်ကုပ်လိုက်သွားသည်။ တရုတ်စကားပွင့်ဝါဝါကလေးများ လွင့်ဝဲပြန့်ကြဲနေသည့် လမ်းနီနီ ကလေးအတိုင်း သွားရသည်။ မကြာမီ အိမ်ရှေ့ဆင်ဝင်အောက်သို့ ရောက်သွားသည်။

"ဟော. . . စန္ဒရားသံကြားလား။ အဲဒါ မမစင်သီယာ တီးပြ နေတာ"

ကောင်မလေးက လှေကားအထက်တစ်နေရာရှိ လူခေါ် ခေါင်းလောင်းကလေးကို နှိပ်လိုက်သည်။

"ဟော. . . ဧည့်သည်လာတယ်ထင်တယ်။ ပုကြွယ်၊ ပုကြွယ် ဘယ်ရောက်နေသလဲဟဲ့"

စင်သီယာမှ စင်သီယာ့အသံအစစ်။ ချိုသာအေးမြမှုနောက်တွင် ခက်ထန်မှုကလေးတွဲခိုနေသည့် မာကျောကျောအသံ။

လှေကားပေါ်မှ တစ်စုံတစ်ယောက် ပြေးဆင်းလာသံကြားရသည်။ အရပ်ခပ်ပုပု အမျိုးသမီးအသက်ကြီးကြီးတစ်ယောက်။

"မမလေး ဧည့်သည်တွေထင်တယ်။ မမလေးရေ မမလေးရေ. . ."

အမျိုးသမီးက ပြောပြောဆိုဆို ပြေးတက်သွားပြန်သည်။ မျိုးမင်းဇော်တို့ လှေကားကြီးအတိုင်းတက်ခဲ့သည်။ ခန်းဆီးပြာကလေးလှုပ်သည်။ ဟော. . . အိမ်မှာနေရင်းတောင် ဆေးရောင်စုံခြယ်မှုန်းထားသည့် အရုပ်မျက်နှာနှင့် ဂါဝန်ဝတ်ကောင်မလေးတစ်ယောက်။

"သိပ်ဆိုးတဲ့လူကြီး၊ ဗိုလ်ချုပ်ဈေးမှာတွေ့တုန်းက ခေါ်လာမယ်ဆိုပြီး. . . ဟင်း. . . အခုမှ ခေါ်လာတယ်"

စင်သီယာက ကျော်စိန်သန်းကို မကျေနပ်သလို နှုတ်ခမ်းရွဲ့ပြသည်။ လက်တစ်ဖက်ကလည်း အလွှန်သွက်သည်။ မျိုးမင်းဇော်၏လက်ကို ဝမ်းသာအားရလှမ်းဆွဲသည်။

"လာ. . . လာ၊ အပေါ်ကိုသွားမယ်။ ဒယ်ဒီတို့ စောင့်နေတယ်"

သမင်မကလေး ပြေးတက်သွားသည်။ ဂျင်းဘောင်းဘီဝတ် မျိုးမင်းဇော်မှာ လှေကားရင်းတွင် သူ့ဦးချွန်ဖိနပ်ကိုချွတ်ရင်း ကျန်ရစ်သည်။

"လာလေ. . . တက်ခဲ့လေ"

စင်သီယာက မျိုးမင်းဇော်၏လက်ကို ပိုင်ပိုင်နိုင်နိုင်ဆွဲပြီး ညှော်ခန်းထဲသို့ခေါ်သွားသည်။ ကြမ်းပြင်မှာ ပါကေးကျွန်းခင်းများ ပြောင်လက်လျက်။ ကော်ဇောရောင်စုံပေါ်မှ မနင်းဝံ့ နင်းဝံ့ခြေလှမ်းမျိုးဖြင့် ဝင်လိုက်သွားသည်။ ဧည့်ခန်းပတ်ပတ်လည်နံရံပေါ်တွင် လစ်ဘာတီရုပ်တု၊ ဂိုးလ်ဒင်းဂိတ်တံတားကြီးများ ဓာတ်ပုံချိတ်ဆွဲထားသည်။ အစိမ်းရောင်မေပယ်ရွက် ဒီဇိုင်းပုံခန်းဆီးပြာကလေးများက အင်းယားကန်ဘက်မှ ပြေးဆော့တိုးဝင်လာသော လေထဲတွင် တလူးလူးတလွန့်လွန့်။

"လာ. . . ဒီမှာထိုင်။ ဒယ်ဒီ. . . ဒါ မီးမီးပြောပြောနေတဲ့ ကျောင်းနေဖက်သူငယ်ချင်းလေ။ နာမည်က မျိုးမင်းဇော်တဲ့"

ဆိုဖာကြီးပေါ်တွင် ဗီဒီယိုထိုင်ကြည့်နေသည့် အဆီပြန်မျက်နှာကြီးနှင့် အသားညိုညို လူဝဝကြီးက လက်ကမ်းပေးမလိုလုပ်ပြီးမှ တအံ့တသြဖြစ်သွားသည့် မျက်နှာမျိုးသို့ပြောင်းသွားသည်။

"ဘာကွဲ့. . .၊ မျိုးမင်းဇော်တဲ့၊ ဟုတ်လား"

စင်သီယာမျက်နှာ ကွက်ခနဲပျက်သွားသည်။ နောက်မှ ဟန်လုပ်ပြီး -

"မျိုးမင်းဇော်ဆိုတာ အိမ်မှာခေါ်တဲ့နာမည်ပါ။ ကျောင်းနာမည်က မစ်ချယ်လေ. . . မစ်ချယ်"

လူဝကြီး၏နံဘေး ဆိုဖာပေါ်တွင် ဂျပန်ဆူမိုနပန်းသမားကြီးပုံစံ အဒေါ်ကြီးတစ်ဦးထိုင်နေရာမှ ထလိုက်သည်။ ပုကွဲယ်ကို လှမ်းခေါ်သည်။ သူတို့ကို မေးသည်။

"အပူလား. . . အအေးလား"

မကြာမီ ကြောင်ရုပ်ကလေးတွေပါသည့် ဇန်းလှလှလေးပေါ်တွင် အအေးပုလင်းများပါလာသည်။

"မျိုး. . . အဲ. . . အဲ၊ မစ်ချယ် သောက်လိုက်ပါဦး"

စင်သီယာ မျိုးမင်းဇော်အနီးတွင် ကပ်ထိုင်လိုက်သည်။ အကျွေးအမွေးမပါဘဲ အမေပေးသည့်နာမည်ကို ပြောင်းလိုက်ရသည့် မျိုးမင်းဇော်က ချောင်းတစ်ချက်ဟန့်လိုက်သည်။

"မစ်ချယ်လည်း လာမလို့ပါပဲ။ အိမ်ကဒယ်ဒီ့အလုပ်တွေ ဝိုင်းလုပ်နေရလို့"

ဆူမိုနပန်းသမားအဒေါ်ကြီးက နားအလွန်ပါးသည်။

"မစ်ချယ်တို့ဒယ်ဒီက ဘာလုပ်သလဲကွယ့်"

အဖြေကိုစောင့်ရင်း စီးကရက်ရှည်ကြီးတစ်လိပ်ကို မီးညှိနေသည်။ စင်သီယာက အဖြေဝင်ပေးသည်။

"မစ်ချယ်တို့ဒယ်ဒီက ပဲခူးဘက်မှာ သစ်လုပ်ငန်းတွေ ဦးစီးနေတယ်လေ"

အဒေါ်ကြီးက စီးကရက်မီးခိုး လေမှုတ်ထုတ်လိုက်စဉ် လူကြီးကလည်း အားကျမခံ။ ဆေးပြင်းလိပ်တုတ်တုတ်ကြီးတစ်လိပ်ကို အံဆွဲထဲမှထုတ်ပြီး မီးညှိနေသည်။

"မစ်ချယ်ဟာ ဒယ်ဒီတို့နဲ့အပြင်ထွက်နိုင်ရင် လုပ်ငန်းပိုပြီး ကြီးပွားမှာပဲကွဲ့"

စင်သီယာ အခွင့်အရေးကိုယူတတ်သည်။ မျိုးမင်းဇော်နံဘေးတွင်ကပ်ထိုင်နေရာမှ အဒေါ်ကြီး၏ဆိုဖာလက်တန်းပေါ်သို့ ပြောင်းထိုင်လိုက်သည်။

"အဲဒါ. . . မီးမီးပြောမလို့။ ဒီနေ့ခေါ်ခိုင်းလိုက်တာ။ မစ်ချယ်လည်း မီးမီးတို့လို နိုင်ငံခြားထွက်မလို့ စီစဉ်နေတယ်လေ"

လူကြီးဇနီးမောင်နှံ စိတ်ဝင်စားသွားဟန်တူရဲ့။ မျိုးမင်းဇော်ထိုင်နေရာသို့ ထလာကြသည်။ လူဝကြီးက မျိုးမင်းဇော်၏ပခုံးကို အသာအယာပုတ်လျက် . . .

"သိပ်မှန်တဲ့ ဆုံးဖြတ်ချက်ပဲဟော့။ ဒီခေတ်မှာ အတွေးအခေါ်မှန်တဲ့လူငယ်မှန်သမျှ ကိုယ့်နိုင်ငံမှာ ကြာရှည်မနေနိုင်တော့ဘူးကွဲ့။ အပြင်ကိုထွက်ဖို့ ကြိုးစားနေကြပြီ။ အန်ကယ့်သားနှစ်ယောက်လည်း ကနေဒါမှာရောက်နေကြပြီလေ။ စင်သီယာတို့အစ်ကိုတွေပေါ့။ အမေရိကကိုလိုက်လာရင် မောင်ရင် တွေ့ရမှာပါ"

လူဝကြီးက သူ့နေရာသူပြန်ထိုင်သည်။ ဗီဒီယိုကားကိုဆက်ကြည့်နေကြသည်။ ဗီဒီယိုထဲတွင် အမျိုးသမီးငယ်တစ်ဦးနောက်သို့ သားရေဂျာကင်ဝတ်၊ နေကာမျက်မှန်တပ်၊ မော်တော်ဆိုင်ကယ်စီးပြောင်ချော်ချော်လမ်းသရဲတစ်အုပ်က လမ်းကြားမှောင်မှောင်တစ်ခုအတွင်း ပြေးလိုက်လျက်ရှိသည်။ လမ်းကြားတစ်နေရာတွင် မိသွားသည်။ အမျိုးသမီးအသံ ကြားရသည်။ စူးစူးရှရှ။

ထိုအခိုက် အိမ်အောက်ထပ်မှ ခွေးဟောင်သံများ ထွက်ပေါ်လာသည်။ တံခါးဖွင့်ပေးသံများ၊ လှေကားပေါ်သို့ ခပ်ရဲရဲတက်လာ

သောခြေသံများ။ စင်သီယာနာမည်ကို တကြော်ကြော်အော်ဟစ်တက်လာနေသူ၏ မျက်နှာကြီး မကြာမီထွက်ပေါ်လာသည်။ စီးကရက်ခဲထားသော အသားညိုညို လူငယ်တစ်ဦး။ ဆံပင်ကို ပြောင်းဖူးမွေးရောင်ဆိုးထားသည်။ လက်တစ်ဖက်တွင် အဖြူရောင်ပလတ်စတစ်အိတ်ကြီးတစ်လုံး။ အခြားတစ်ဖက်တွင် အနက်ရောင်အတက်ချိုကေ့စ်ကြီးတစ်လုံး။

"ဟော . . . စတီဗင်ပါလား။ စင်သီယာဝမ်းသာလိုက်တာ။ ဒယ်ဒီရေ . . . စတီဗင်ပြန်လာပြီ"

စင်သီယာက လူချောချောကလေးကို ဝမ်းသာအားရခုန်ပေါက်ပြေးကြိုသည်။ လက်မောင်းကို ဟီးလေးခိုလျက် စကားတွေတွတ်ထိုးသည်။ မျိုးမင်းဇော်တို့ကို မေ့သွားကြပြီ။ အခန်းကြီးတစ်ခန်းထဲသို့ ဝင်လိုက်သွားကြသည်။

မျိုးမင်းဇော်တို့က စင်သီယာတို့ကို နှုတ်ဆက်ချင်သေးသည်။ မိနစ်အနည်းငယ် စောင့်ကြသေးသည်။ မည်သူမျှ ထွက်မလာ။ စင်သီယာ၏ ချွဲချွဲနွဲ့နွဲ့ရယ်မောသံများ တစ်ချက်တစ်ချက်ကြားရသည်။ မျိုးမင်းဇော် ထရပ်လိုက်သည်။

အဖော်ကောင်မလေး အခန်းတစ်ခန်းထဲမှ ထွက်လာသည်။

"မမလေးရေ . . . ဒီက ဧည့်သည်တွေပြန်တော့မလို့ . . . တဲ့"

ကောင်မလေးက သူတို့ကိုယ်စား နှုတ်ဆက်ပေးလိုက်သည်။

"အေး . . . အေး"

ဧည့်ခန်းထဲမှ နောက်ဆုံးကြားခဲ့ရသည့် စင်သီယာ၏အသံ။

မြေနီလမ်းကလေးအတိုင်း ကောင်မလေး ရှေ့ကသွားရင်း၊ တဟီးဟီးရယ်သည်။

"ဘာရယ်တာလဲဟ"

စိတ်တိုနေသည့် ကျော်စိန်သန်းက မေးလိုက်သည်။

"အစ်ကိုကြီးတို့ နာမည်မပြောင်းခဲ့ရဘူးလား"

ကောင်မလေးက ရယ်နေပြန်သည်။ နောက်မှ မျက်နှာပိုးသတ်လိုက်ပြီး -

"အခု ရောက်လာတဲ့ညှိသည်က မမတို့နဲ့ ဘာမှမတော်ဘူး၊ ဖော်လိုန်းဆိုတာကို သွားနေတာ။ ဒီအိမ်ကို ခဏခဏလာတတ်တယ်။ ဒီတစ်ခါ မမတို့ကိုလာခေါ်တာ. . . တဲ့။ သူ့နာမည်က ကိုစံဖိုး . . . တဲ့၊ နောက်တော့ မမစင်သီယာက တောနာမည်ကြီးဆိုပြီး ဆင့်ဖင်လို့ပြောင်းပေးလိုက်တယ်"

"ဘာကွ၊ ဆင့်ဖင်. . . ဟုတ်လား၊ စတီဗင်လို့လုပ်စမ်းပါဟ"

မျိုးမင်းဇော်တို့ ကောင်မလေးဝင်းတံခါးဖွင့်နေသည်ကို စောင့်နေရသည်။

"ဒါနဲ့ . . . နင့်ကော နာမည်မပြောင်းရဘူးလား"

ကောင်မလေးက ရယ်ပြန်သည်။

"ကျွန်မက ဖားအံ့ကပါ။ ဒီရောက်လာတော့ မမလေးတို့ ဖော်လိုန်းသွားနေတော့မယ်တဲ့။ နင်လိုက်ခဲ့ရမယ်. . . တဲ့။ နင့်နာမည် ပုကြွယ်ဆိုတော့ တောနာမည်ကြီး. . . တဲ့။ ဒါနဲ့ ပုကြွယ်ကို ဆောတီလို့ နာမည်ပြောင်းပေးလိုက်တယ်"

"ဆောတီ. . . တဲ့၊ ဟုတ်လား၊ ဘာအဓိပ္ပာယ်လဲ. . . ဟ"

"မမပြောတာကတော့ ပုကြွယ်ဆိုတော့ နာမည်ကလည်းပု၊ လူကလည်း ပုတဲ့အတွက် အင်္ဂလိပ်လို 'ဂျပု' လို့အဓိပ္ပာယ်ရအောင် 'ဆောတီ' လို့ခေါ်တာတဲ့"

"ရှော့တီ. . . လို့ခေါ်တာဖြစ်မှာပါဟာ"

"မသိပါဘူး၊ ကျွန်မကတော့ ဒီနာမည်ကြီး မခေါ်တတ်တာနဲ့ ဆောတီလို့ မှတ်ထားလိုက်တယ်။ ဆောတီဆိုတာ ကရင်လိုဆိုတော့ ကြက်ဥပေါ့အစ်ကိုရဲ့"

ကျော်စိန်သန်းက မျိုးမင်းဇော်၏လက်ကိုဆွဲလျက် ခြံဝင်းတံခါးမှထွက်လိုက်သည်။

"ဂျက်ကီနှင့် ဘော်ဘီတို့ ပြန်လိုက်ပါဦးမယ်၊ ဖော်လိန်းသွားတော့မယ့် ဒေါ်ကြက်ဥကလေးရယ်"

□ □ □

ရုတ်တရက် ကားကြီးကို ရပ်လိုက်မှုကြောင့် မျိုးမင်းဇော်၏ အတွေးများ လွင့်စဉ်ကွဲအက်သွားကြသည်။ ကားကြီးသည် လှည်းလမ်းကြောင်းတစ်ခုအတွင်းသို့ ကားလမ်းကြမ်းကြီးပေါ်မှ ကွေ့ဝင်ရန် ကြိုးစားလျက်ရှိသည်။ တံတားကလေးတစ်ခုပေါ်တွင် အသားခပ်မည်းမည်း လူငယ်ကလေးတစ်ဦးက အားရဝမ်းသာ လက်ဖွေ့ရမ်းနှုတ်ဆက်နေသည်။

"တို့ကို ရွာကလာကြိုနေတာနဲ့တူတယ်။ ကားကိုရပ်ပေးလိုက်၊ ရပ်ပေးလိုက်"

တစ်လမ်းလုံး ရွှေခန်းတွင်အိပ်ငိုက်ပါလာသော ဆရာဦးရဲတင့်၏အသံကို မျိုးမင်းဇော် ပထမဆုံးကြားလိုက်ရသည်။

□ □ □ □ □

## အခန်း (၄)

ဦးမြိုင်ပေးထားသည့်သတင်း မှန်ကန်ပါရဲ့လား။ ညွှန်သည် တွေလာမည်ဆို၍ တစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်နေခဲ့သည်။ တစ်ရက် နှစ်ရက်လောက်ပင်ကြာပြီပေါ့။ သူတို့ရောက်လာမည့်သတင်း ကြားရချိန်တွင် ဘယ်လိုမှဖုံးဖိထား၍မရ။ သတင်းက မြန်သည်။ တောမီးထက်ပင် မြန်သေးသည်။ သတင်းဂယက်က ကြီးမားလှ၏။ ယာလုပ်၊ ထင်းခုတ်၊ ထန်းတက်နေကြသူတို့ ကိုယ့်ကိစ္စ ကိုယ်သတိ မမူအား။ ကိုယ့်အလုပ်မှ ဖြောင့်ဖြောင့်မလုပ်နိုင်။ သူတစ်မျိုး ကိုယ်တစ်မျိုး၊ တစ်ယောက်တစ်ပေါက် ပြောနေခဲ့ကြသည်။ ဟိုနေရာစုစု၊ ဒီနေရာစုစု။

ဘုန်းကြီးကျောင်းဝင်းအတွင်း ဆရာကြီးဦးသာအောင်၏ ကိုယ်ထူကိုယ်ထကျောင်းကလေးတွင် ပိုဆိုးသေးသည်။ လွန်ခဲ့ သောသုံးလေးရက် စာမေးပွဲအပြီး ကျောင်းပိတ်လိုက်ချိန်အတွင်း ထိုသတင်းရောက်လာသည်။ သတင်းကြားချိန်မှစ၍ ကျောင်းအုပ် ဆရာကြီးမှာ သူ့ကြိမ်ကုလားထိုင်ကြီးပေါ်တွင် ငြိမ်ငြိမ်ထိုင်မနေနိုင်။ အခန်းဝသို့ မကြာမကြာလှမ်းကြည့်နေသည်။ ကျောင်းစကြိုဘက်သို့

လျှောက်သည်။ ရွာလယ်လမ်းကြီးပေါ်သို့ မကြာမကြာလှမ်းကြည့် နေသည်။ ဧည့်သည်များကိုဧည့်ခံရန် လာစောင့်နေသော အတန်း ပိုင်ဆရာမများ၏ အခြေအနေကိုကြည့်ရသည်မှာ ပို၍ပင် မသက် သာလှ။ ချက်ကြပြုတ်ကြ၊ တစ်ခန်းဝင် တစ်ခန်းထွက်လုပ်ကြ။ ရောက်လာမည့်ဧည့်သည်များအကြောင်းကို ပြောကြနှင့်။ အလုပ် အလွန်ရှုပ်နေကြသည်။ နေရာတကာတွင် စပ်စပ်စုစုလုပ်တတ် သော ဆရာမကြီးဒေါ်အေးဖြူဆိုလျှင် တစ်နေရာတည်းတွင် ထိုင်မနေနိုင်တော့။ ကျောင်းနောက်ဘက်သို့ မကြာမကြာ ထွက်သည်။ ခြေဖျားထောက်ပြီး ခြံစည်းရိုးပေါ်မှကျော်၍ ရွာလမ်းမ ကြီးဘက်သို့ မျှော်ကြည့်နေရသည်မှာအမော။

"ဟဲ့. . . ဟဲ့၊ ကျောင်းသားတစ်ယောက် လာစမ်း၊ ငမှေးတို့ ဘယ်ရောက်နေကြသလဲ၊ သွားခေါ်ကြစမ်း"

ဆရာတော်ကြီးက ကျောင်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ ကျောင်းအောက်သို့လှမ်းအော်လိုက်သည်။ ကျောင်းအုပ်ဆရာကြီးမှာ ဆရာတော်ကြီးအသံကြောင့် အတွေးစ ပျက်သွားသည်။ အောက်ထပ်သို့ဆင်းလာသည့် ဆရာတော်ကြီး ရှိရာသို့ အပြေးအလွှားရောက်သွားသည်။

ဆရာတော်ကြီးနှင့် ကျောင်းအုပ်ကြီးမှာ ဘကြီးမြိုင်ကဲ့သို့ပင် ကုန်းတန်းကြီးကျေးရွာသားအစစ်များ ဖြစ်ကြသည်။ ဆရာတော် ကြီးမှာ သက်တော်ခုနစ်ဆယ်ကျော်နီးပါး ရှိနေပြီ။ ဆရာကြီးမှာ လည်း ဘကြီးမြိုင်အသက်နှင့် မတိမ်းမယိမ်း။

"တပည့်တော်တို့ရွာနားက တောင်ကုန်းကြီးကို လေ့လာမယ်လို့တော့ ပြောထားတာပဲဘုရား။ ဘာတွေကို လေ့လာမလဲတော့ မပြောတတ်သေးပါဘူးဘုရား"

ကျောင်းအုပ်ကြီးက ဆရာတော်ကြီးနှင့် စကားပြောနေရာမှ တောင်ကုန်းကြီးနှင့်ပတ်သက်သော အဖြစ်အပျက်များ တစ်ခုစီ ပေါ်လာခဲ့သည်။ ဆရာတော်ကြီးကလည်း အသက်သာကြီးသည်။ သတိက အတော်ပင်ကောင်းသေးသည်။

"အဲဒီကုန်းမြင့်ကြီးနား မျှစ်ချိုးသွားတဲ့ဒေါင်းရင်တို့ ညီအစ်မကို ဆရာတော်ကြီး သတိရသေးရဲ့လားဘုရား"

ဆရာတော်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"ကြေးပုတီးစေ့တွေနဲ့ ရောင်စုံကျောက်ပုတီးစေ့တွေ ရလာတဲ့ ကောင်မလေးတွေမဟုတ်လား"

"အဲ့ဒီတုန်းက ပုတီးစေ့တွေသာမဟုတ်ဘူးဘုရား၊ ရွှေပုတီးစေ့တွေနဲ့ ရွှေဆွဲပြားတွေလည်း ရလာသေးတယ်လို့ ကြားရတာပဲဘုရား။ ဟုတ်မဟုတ်တော့ မပြောနိုင်ပါဘူးဘုရား"

ဆရာတော်ကြီးက ရွာထဲမှလက်သမားတစ်ဦးကိုလည်း ကောင်းကောင်းမှတ်မိနေသည်။ ဦးစိန်ထွန်းကြီး ဖြစ်သည်။ အိမ်ထောင်မရှိ သားသမီးမရှိသူမို့တစ်ယောက်တည်းတဲကလေးတစ်လုံး ဆောက်၍ သွားရောက်နေထိုင်သည်။ နေရာက ရွာနှင့်အတော်လှမ်းသည်။ ဘယ်သူမှမသွားဝံ့ မနေဝံ့သည့် ကုန်းမြင့်ကြီးအနီးဆုံးတွင်ဖြစ်သည်။ လူတွေက ဦးစိန်ထွန်းကြီးတစ်ယောက် ရူးသွားပြီဟု

ထင်ကြသည်။ သို့ရာတွင် ဦးစိန်ထွန်းကြီး မရှူးပါ။ အလွန်ပင် ကံကောင်းသွားသေးသည်ဟုဆိုနိုင်သည်။ ကျတ်ကုန်းကြီးပေါ်တွင် ပျားသွားဖွပ်ရင်း ရှေးခေတ်ဒင်္ဂါးပြားအိုး သုံးလုံး၊ လေးလုံးအပြည့် တူးဖော်ရရှိသွားခဲ့သောကြောင့်ပင်။

ကျောင်းအုပ်ကြီးက အကြော်သည် ဒေါ်လုံမကြီးနာမည်ကို အစဖော်ပေးလိုက်သည်။ ဆရာတော်ကြီးက -

"ဟို. . . မုဆိုးမအဘွားကြီးမဟုတ်လား။ ကျတ်ကုန်းကြီး ပေါ် ဘာသွားလုပ်တာလဲတော့ မသိဘူး။ ငွေချုကလေးတွေ ရလာ တယ်လို့ပြောတာပဲ"

"တပည့်တော် ကြားရသလောက်တော့ ငွေချုကလေးတွေ အပြင် နောက်ထပ်ပစ္စည်းတော်တော်များများလည်း ရသွားခဲ့ပါ တယ်ဘုရား။ ကြေးလက်ကောက်ကြီးတစ်ရန်နဲ့ ရွှေလက်စွပ်ကြီး တစ်ကွင်းကို မြို့တက်ပြီးရောင်းစားတယ်လို့တောင် ကြားရပါသေး တယ်ဘုရာ့"

ဆရာတော်ကြီးနှင့် ကျောင်းအုပ်ကြီးတို့က မော်တော်ကား တစ်စင်း ရွာထဲသို့မောင်းဝင်လာသံလိုလို ကြားလိုက်၍စကားစ ပြတ်သွားသည်။ နောက်မှမဟုတ်မှန်းသိ၍ စကားဆက်ကြပြန် သည်။ ကုန်းတန်းကြီးကျေးရွာသို့ ဘယ်အရပ်ကရောက်လာမှန်း မသိရသော လင်မယားနှစ်ယောက်အကြောင်းသို့ ရောက်သွား သည်။ ဆင်းရဲလိုက်သည်မှာ ကုန်းကောက်စရာပင်မရှိ။ ကံကလည်း ဆိုးလိုက်ပါဘိ။ သူများတွေ ရွှေပစ္စည်း၊ ငွေပစ္စည်းတွေရလိုက်သည်

ကြား၍ တစ်နေ့တော့ အိပ်ရာမှအစောကြီးထကြသည်။ ကျတ်ကုန်းကြီးပေါ်သို့ အရဲစွန့်ပြီးတက်ကြသည်။ ဟိုနေရာတူးလိုက်၊ သည်နေရာဆွလိုက် လုပ်ကြသည်။ ဟော. . . သူများတွေလိုပင် ရှေးဟောင်းပစ္စည်းတွေ ရပါ၏။ ရွှေတွေလား၊ ငွေတွေလား။ မဟုတ်ပါ။ မြေနားတောင်း၊ မြေဆေးတံကျိုးများနှင့် ဆီမီးခွက်အရွယ်အစားမျိုးစုံသာဖြစ်သည်။

သူတို့လင်မယားနှင့် မရှေးနှောင်းမှာပင်၊ ကုန်းတန်းကြီးကျေးရွာနှင့် နှစ်မိုင်မျှဝေးသည့် ရွာတစ်ရွာမှ ရွာသားတစ်ဦး အလုပ်ရှာရင်းရောက်လာသည်။ နာမည်ကြီးလှသော ကျတ်ကုန်းကြီးကို စွန့်စွန့်စားစား ဖြတ်ကျော်ရောက်ရှိလာခြင်းပင်။ ကုန်းတန်းကြီးကျေးရွာရောက်တော့ ထိုသူ့ကို ရွာသားများက တအံ့တဩဝိုင်းကြည့်ကြသည်။ “ဘာတွေ တွေ့လာသလဲ” ဟု ဝိုင်းမေးကြသည်။ နေ့ခင်းကြောင်တောင်မို့ ဘာမျှတွေ့မလာကြောင်း ထိုသူက ပြန်ဖြေသည်။ ဝါးရုံတောများအတွင်း ဖြတ်သန်းလာရင်း သူတွေ့၍ ကောက်ယူလာသည့် ထူးထူးဆန်းဆန်း ပစ္စည်းလေးတစ်ခုကိုတော့ ထုတ်ပြသည်။ ဘာမျှဆန်းလှသည်မဟုတ်။ ရွှံ့တုံးကလေးမျှသာ ဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးကို ပြကြည့်သည်။ ဆရာကြီးက “တို့ခေတ်မှာ တံဆိပ်တုံးနှိပ်သလို ရှေးကလူတွေ သုံးခဲ့တဲ့တံဆိပ်တုံးနဲ့ တူတာပဲ” ဟု မှတ်ချက်ချသည်။

ဤအဖြစ်အပျက်များမှာ လွန်ခဲ့သောနှစ်နှစ်ကျော်၊ သုံးနှစ်ခန့်က ဖြစ်ပျက်ခဲ့ခြင်းပင်။ နောက်ပိုင်းတွင် မြေဒိုးဝိုင်းကလေးများနှင့် သဏ္ဍာန်တူသော ပစ္စည်းကလေးများ ကောက်ရလာသူ နှစ်ဦး

သုံးဦးခန့်သာ တွေ့ရတော့သည်။ ကျတ်ကုန်းကြီး၏အရှေ့ဘက်ရှိ ရွာတစ်ရွာမှ အိမ်တစ်အိမ်တွင် ကျောက်အိုးကြီးများရှိသည်ဟု ကြားရသည်။ သံမှိုပွင့်ကြီးများနှင့် ရွှေငွေလက်ဝတ်လက်စား အတော်များများကို ကျတ်ကုန်းကြီးနှင့် မနီးမဝေးရှိ ယခုအခါ ကောသွားပြီဖြစ်သော အိုင်ကြီးတစ်အိုင်အတွင်းမှ ငါးဖမ်းရင်း တွေ့သူ လူတစ်ယောက်အကြောင်းကိုလည်း ယခုတိုင် ပြောမဆုံး အောင်ဖြစ်ကြသည်။

အဖိုးတန်သည်ဖြစ်စေ၊ မတန်သည်ဖြစ်စေ ကျတ်ကုန်းကြီး ပေါ်မှ (သို့မဟုတ်) ကျတ်ကုန်းကြီး၏ပတ်ဝန်းကျင်မှ ပစ္စည်းထူးထူး ဆန်းဆန်း ရသွားသူများကို ဖိုးကံကောင်းများဟု ခေါ်နိုင်သည်။ လွန်ခဲ့သော တစ်နှစ်ခန့်မှစ၍ ကျတ်ကုန်းကြီးနှင့်ပတ်သက်၍ ကံမကောင်း အကြောင်းမလှသူများ ပေါ်လာသည်။ ကုန်းတန်းကြီး ကျေးရွာမှ လူသုံးလေးဦးမှာ ကျတ်ကုန်းကြီးပေါ်သို့ စွန့်စွန့်စားစား တက်ရှာကြသည်။ ဘာပစ္စည်းမျှ မရလိုက်။ သစ်ရွက်ခြောက်များ အောက်တွင် ဖုံးကွယ်နေသည့် ဧရာမကျင်းကြီးများအတွင်း လိမ့်ကျ သွား၍ ခြေထောက်ကျိုးရသည်။ လိုဏ်ခေါင်းကြီးများ၊ မြောင်းရှည် ကြီးများအတွင်း ပစ္စည်းဝင်ရှာစဉ် မြွေကိုက်ခံရသည်။ လှေကား ထစ်ကြီးများကဲ့သို့သော သဏ္ဌာန်ကြီးများမှတစ်ဆင့် ဆင်းကြည့်သူ အတော်များများမှာလည်း ကျောက်စိုင်ကျောက်ခဲကြီးများ ပြိုကျ လာ၍ ခြေလက်ကျိုးရသည်။

ရှေးဆန်လွန်းသူ ရွာမှသက်ကြီးရွယ်အိုများက ကျတ်ကုန်းကြီး ပေါ်တွင် ဖြစ်ပျက်ခဲ့သမျှအတွက် ပုံမှန်ကောက်ချက်တစ်မျိုးကို

ပေးကြသည်။ "ကျွတ်တွေက သူတို့ပေးချင်တဲ့သူကိုမှ ပေးတာဟဲ့"

"မပေးချင်တာကို ဇွတ်အတင်းသွားရှာလို့ ဒုက္ခရောက်အောင် တစ်ခုခု လုပ်လွှတ်လိုက်တာ တွေ့တယ်မဟုတ်လား"

"ဘာဖြစ်လို့ ဒီနေရာမှာ ထူးထူးခြားခြားတောင်ကုန်းကြီး လာဖြစ်ရတာလဲ"

"သက်ကြီးရွယ်အိုတွေပြောသလို ကျွတ်တွေက ပေးချင်တဲ့ လူကိုပေးပြီး ဒုက္ခရောက်စေချင်တဲ့လူတွေကို အန္တရာယ်ပေးနေတယ်ဆိုတာ အမှန်ပဲလား"

"ကျွတ်ကုန်းကြီးထဲက ထွက်လာတတ်တဲ့ ပစ္စည်းတွေကို ဘယ်သူတွေ လာမြှုပ်ထားတာလဲ"

"ဘယ်သူ့ပစ္စည်းတွေလဲ"

ဆရာတော်ကြီးနှင့် ကျောင်းအုပ်ကြီးတို့မှာ ရောက်တတ်ရာရာ တွေပြောရင်း၊ ကျွတ်ကုန်းကြီးနှင့်ပတ်သက်၍ အတွေးနယ်ချဲ့နေမိကြသည်။

ထိုစဉ် ရွာအလယ်ပိုင်းဆီမှ ကားတစ်စီး သဲလမ်းရုန်းနေသလို ထူးထူးဆန်းဆန်းအသံကြီးတစ်သံကို ကြားလိုက်ရသည်။ ထိုအသံကြီးနောက်တွင် ကလေးများ၏ ဆူဆူညံညံပြေးလိုက်လာသံများ ထက်ကြပ်ပါလာသည်။ ကျောင်းဝင်းထဲသို့ လှထွေး အပြေးအလွှား ဝင်ရောက်လာသည်။

ဟော. . . သူတို့မျှော်နေသူတွေ တကယ်ရောက်လာကြပြီကော။

□ □ □ □ □

# အခန်း (၅)

ဘုန်းကြီးကျောင်းဝင်းထဲတွင် လှုပ်လှုပ်ရွရွဖြစ်နေသည်။ ရန်ကုန်မှ ဧည့်သည်များကို ကျောင်းဝင်းအတွင်း သစ်သားဇရပ်များတွင် နေရာချထားပြီးဖြစ်သည်။ မျိုးမင်းဇော်သည် ပိတောက်ပင်ကြီးတစ်ပင်အောက်ရှိ ခုံတန်းရှည်ကလေးတစ်ခုပေါ်တွင် စိတ်မောလူမောဖြင့် ဝင်ထိုင်သည်။ သူတို့အဖွဲ့ဝင်အချို့မှာ ရေချိုးသူချိုးနေကြသည်။ အချို့က သေတ္တာကြီးများထဲမှ ပစ္စည်းများကို ထုတ်ယူနေကြသည်။

"ဒီမှာ. . . အစ်ကို၊ ကျွန်တော် တစ်ခုလောက်မေးပါရစေ"

မျိုးမင်းဇော် ရုတ်တရက်လန့်သွားသည်။ လှည့်ကြည့်လိုက်သည်တွင်မှ သူတို့ကားကို ရွာထိပ်မှလာကြိုနေခဲ့သော ငမှေး ဖြစ်နေသည်။ ငမှေး၏နောက်တွင် သူနှင့်သက်တူရွယ်တူ သားသားနားနားလူငယ်ကလေးတစ်ဦး ရပ်နေသည်။

"ဟောဒါက ကျွန်တော့်သူငယ်ချင်း လှထွေးပါ။ သူက ဒီစာသင်ကျောင်းကလေးက စေတနာ့ဝန်ထမ်း ဆရာကလေးတစ်ဦးပါ။ အခု သူက မေးစရာရှိလို့တဲ့"

မျိုးမင်းဇော်က လှထွေးကို ပြုံးပြလိုက်သည်။

“ကဲ. . . မေးစရာရှိတာ မေးပါဗျာ၊ အားမနာပါနဲ့”

ငမှေးနှင့် လှထွေးတို့ ခုံတန်းရှည်တွင်ဝင်ထိုင်သည်။

“အစ်ကိုတို့က ဘယ်သူတွေလဲ၊ ဒီမှာ ဘာလာလုပ်တာလဲ”

မျိုးမင်းဇော်က လှထွေး၏မေးခွန်းကြောင့် သဘောကျသွားဟန်ဖြင့် တစ်ချက်ပြုံးလိုက်၏။

“အစ်ကိုတို့ ဘယ်သူတွေဖြစ်ပြီး ဒီမှာဘာတွေလာလုပ်တယ်ဆိုတာ ညနေကျရင် သိပါလိမ့်မယ်ကွာ။ ညနေအစည်းအဝေး တက်မယ်မဟုတ်လား”

□ □ □

ထိုနေ့ ညနေလေးနာရီကျော်ကျော်တွင် ဘုန်းကြီးကျောင်းနောက်ဘက်ရှိ သရက်ပင်အုပ်များအောက်၌ ရွာလုံးကျွတ်အစည်းအဝေးတစ်ခုကျင်းပရန် စီစဉ်ထားသည်။ ဆရာတော်ကြီးနှင့် ကျောင်းအုပ်ကြီးတို့၏ တာဝန်ပေးချက်အရ ငမှေးနှင့် လှထွေးတို့ ရွာလုံးကျွတ် လိုက်၍ဖိတ်ကြားပြီးလေပြီ။ ရွာလူထုမှာ ရန်ကုန်သားများကိုကြည့်၍ တအံ့တဩဖြစ်နေကြသည်။

“ရန်ကုန်သားတွေနဲ့ ကျတ်တွေ တွေ့တော့မှာပဲ”

အရီးဒေါ်ဘုံလုံက အစည်းအဝေးသို့သွားရန် ခြံတံခါးကို ဆွဲပိတ်ရင်း၊ တစ်ကိုယ်တည်း မှတ်ချက်ချလိုက်သည်။

“ဟဲ့. . . ဟဲ့၊ အိမ်ရှေ့က သာဦးတို့ မြမေတို့ မသွားကြသေးဘူးလား”

အမှန်စင်စစ် ဒေါ်ဘုံလုံ လှမ်းအော်နေချိန်တွင် သာဦး တစ်ယောက် အိမ်တွင်မရှိ။ နံနက်ပိုင်းကတည်းက ဘုန်းကြီးကျောင်း ဝင်းထဲတွင် အလုပ်များလျက်ရှိသည်။ ရွာသားများ ကျောင်းဝင်းထဲ လူကုန်နီးပါးမျှ ရောက်လာချိန်တွင် ဧည့်သည်များက အသင့်စောင့် ဆိုင်းလျက်ရှိသည်။ ကျောင်းအုပ်ဆရာကြီးနှင့် ဘကြီးမြိုင်တို့မှာ လည်း ဟိုလျှောက်လိုက်၊ သည်လျှောက်လိုက်နှင့် အလုပ်ရှုပ်လျက် ရှိသည်။ ရွာထဲက ခွေးတော်တော်များများလည်း လူတွေနှင့် ရောလိုက်လာသည်ထင်ရဲ့။ ကျောင်းဝင်းကြီးထဲတွင် ဟိုပြေးလိုက် သည်ပြေးလိုက်နှင့် တဝုန်းဝုန်း၊ တရုန်းရုန်း။ ကလေးတွေကလည်း ဘာမှန်းညာမှန်း မသိ။ ခင်းထားသည့် ဖျာများပေါ်တွင် လူကြီး လူကောင်းလို ထိုင်သူကထိုင်သည်။ တုံးလုံးလှဲသူက လှဲသည်။ မျောက်ရှုံးအောင် ဆော့သည်။ စိတ်အနည်းငယ်မနှံ့သည့် ကိုသာပိုး ကြီးပင် အင်္ကျီချွတ်ကြီးနှင့် လူအုပ်ထဲရောထိုင်နေသည်။ နားလုံးဝ မကြားသည့် ဒွေးလေးဒေါ်စိန်ဖော့လည်း ရောက်နှင့်ပြီ။ သရက်ပင် ကြီးတစ်ပင်ကိုမှီလျက် ဆေးပေါ့လိပ်ကြီး မီးတရဲရဲနေအောင် ဖွာလျက်။ နောက်ပြီး တစ်ခါမှ မလိမ်းစဖူး သနပ်ခါးတွေ ဘာတွေ အဖွေးသားလိမ်းလို့။

ကျောင်းအုပ်ဆရာကြီးက ဘကြီးမြိုင်ကို လှမ်းပြောလိုက် သည်။

"ကိုင်း. . . လူစုံနေပြီ၊ ဆရာတော်ကြီးကို သွားပင့်ကြစို့"

မကြာမီ ဆရာတော်ကြီးကြွလာ၍ အစည်းဝေး စတင်သည်။ ဆရာဦးရဲတင့်က သူ့အဖွဲ့သားများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးသည်။ သူတို့ မည်သူတွေဖြစ်ကြောင်း၊ ကုန်းတန်းကြီးရွာသို့ မည်သည့်တာဝန်နှင့် လာရကြောင်း ရှင်းပြသည်။

"ကျွန်တော်တို့စီးလာတဲ့ မော်တော်ကားကြီးဘေးမှာ အင်္ဂလိပ်လို ရှေးဟောင်းသုတေသနဦးစီးဌာနရဲ့အမည် အတိုကောက်ကို ရေးထားပါတယ်။ ရှေးဟောင်းသုတေသနဆိုတာ ရှေးခေတ်က လူသားတွေဖန်တီးပြုလုပ်ခဲ့တဲ့ ရှေးဟောင်းဝတ္ထုပစ္စည်းတွေကို စနစ်တကျလေ့လာတဲ့ပညာရပ်ဖြစ်ပါတယ်။ ကျောက်ခေတ်ကလက်နက်ပစ္စည်းတွေကစပြီး ကြေးခေတ်၊ သံခေတ် လူသားတွေသုံးစွဲခဲ့တဲ့ လူသုံးပစ္စည်းမှန်သမျှကို ရှာဖွေလေ့လာတဲ့ ပညာရပ်ပါပဲ။ ရှေးခေတ်ကလူတွေရဲ့ လူနေအိမ်ခြေ၊ ကျေးရွာ၊ မြို့ပြဟောင်းတွေကို တူးဖော်လေ့လာတဲ့ပညာရပ်လည်း ဖြစ်ပါတယ်။ အဆောက်အအုံတွေနဲ့ စေတီပုထိုးအမျိုးမျိုးကို လေ့လာတဲ့ပညာရပ်လည်း ဖြစ်ပါတယ်။

အခု ဒီမြို့ ဒီရွာကို ကျွန်တော်တို့ရောက်လာရတာဟာ နှစ်ပေါင်းများစွာကတည်းက တိမ်မြုပ်ပျောက်ကွယ်သွားတဲ့ မြန်မာ့ရှေးဦးလူမျိုးတွေရဲ့ လူနေရပ်ရွာဟောင်းကြီးတစ်ခုကို ရှာဖွေဖို့ဖြစ်ပါတယ်။ ကျတ်ကုန်းကြီးလို့ နာမည်ပျက်နဲ့ထင်ရှားနေတဲ့ ဟော့ဟိုကုန်းမြင့်ကြီးဟာ နှယ်နှယ်ရရမဟုတ်ပါဘူး။ အဲ့ဒီကုန်းမြင့်ကြီးပေါ်မှာ ပျောက်ဆုံးတဲ့ ရှေးမြို့ပြကြီးတစ်ခု ရှိနေပါတယ်"

ဆရာဦးရဲတင့်၏စကားအဆုံးတွင် ငမှေးတို့ လှထွေးတို့အပါအဝင် ရှာသားအားလုံးထံမှ 'ဟင်. . . ဟာ. . .' ဟူသောအသံများ ထွက်လာသည်။ တစ်ဦးမျက်နှာကို တစ်ဦးလှည့်ကြည့်မိကြသည်။ ဘကြီးတုတ်က သူ့အဘွားကြီးဘက်လှည့်၍ 'ဟဲ့. . . လှစိန်ရဲ့၊ ကျုတ်ကုန်းကြီးကို တူးမလို့ဆိုပါလား။ တို့ရွာတော့ ဒုက္ခရောက်တော့မယ်ထင်ရဲ့' ဟူ၍ အသံကျယ်ကျယ်ဖြင့် လှမ်းပြောလိုက်သံ ကြားရပါသည်။

အိမ်သို့ပြန်ရောက်ကြသည်အထိ သူတို့နားထဲတွင် ဆရာဦးရဲတင့်၏ဖိတ်ခေါ်ချက်ကို အမှတ်တရရှိနေကြဆဲပင်။

"ကျွန်တော်တို့ဌာနဟာ ပျူခေတ်ယဉ်ကျေးမှုတွေကို ဖော်ထုတ်နိုင်ဖို့ ဗိဿနိုး၊ သရေခေတ္တရာနဲ့ ဟန်လင်းတို့ကို တူးဖော်လေ့လာခဲ့ပြီးပါပြီ။ အဲ့ဒီကရတဲ့ အထောက်အထားတွေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အခြားပျူမြို့ရွာဒေသတွေကို ဆက်လက်ပြီး ရှာဖွေလျက်ရှိပါတယ်။ မြန်မာပြည်အလယ်ပိုင်း ချောင်ကျကျနေရာ ဒေသတစ်ခုမှာ ရှေးခေတ်ပျူမြို့ပြကြီးတစ်ခုလို့ ယူဆရတဲ့မြို့ကြီးတစ်မြို့တည်ရှိခဲ့ဖူးတဲ့ အထောက်အထားတွေ တွေ့နေရတဲ့အတွက် ဒီတောင်ကုန်းကြီးကျေးရွာကိုလည်း အခုလိုလာပြီးတူးဖော်လေ့လာတာဖြစ်ပါတယ်။ ဟိုကုန်းမြင့်ကြီးပေါ်မှာ တူးဖော်မှုပြုတဲ့အခါ ရွာသူရွာသားများက သစ္စာရှိရှိ တာဝန်သိသိနဲ့ နိုင်ငံတော်နဲ့လူမျိုး အကျိုးစီးပွားကို ဝိုင်းဝန်းကူညီ ရှာဖွေဖော်ထုတ်ပေးကြစေလိုပါတယ်"

□ □ □

အစည်းအဝေးအပြီးတွင် မျိုးမင်းဇော်သည် သူ့အတွက် နေရာချထားသည့် ဇရပ်ကလေးရှိရာသို့ သုတ်ခြေတင်မိသည်။ ချွေးစိုနေသော ဂျင်းအကျီ၊ ဘောင်းဘီကိုပင် မချွတ်မလဲနိုင်။ အသင့်ခင်းထားသော အိပ်ရာထက်သို့ လှဲချလိုက်မိသည်။

ထုံးစံအတိုင်း သူ့အတွေးများက သည်နေရာမှ များစွာဝေးကွာသည့် ရန်ကုန်မြို့ကြီးဆီသို့ ပျံဝဲသွားသည်။

စင်သီယာတို့ အမေရိကန်သို့ အပြီးအပြီးထွက်သွားခါနီး သုံးရက်မျှအလိုတွင် စင်သီယာနှင့် မျိုးမင်းဇော်တို့ တစ်နေရာတွင် ချိန်းဆိုမိကြသည်။ လော့ဘ်ကားသဘာဝဥယျာဉ်။ မြန်မာ့မြေပေါ်မှ နောက်ဆုံးနှုတ်ဆက်ပွဲဟု ကောင်မလေးက ချွဲနေသည်။ သည်ကောင်မလေး အပြောကောင်း၍ မျိုးမင်းဇော် အလုပ်မှထွက်ရမလို ဖြစ်နေပြီ။ ထွက်စာတင်ရန်ပင် စိတ်ကူးပြီးပြီ။ အခုနောက်ဆုံး တွေ့ရချိန်တွင် သူ ကတိတစ်ခုပင်ပေးလိုက်မိပြီ။ မြေတူးအလုပ်သမားနှင့်တူသော ရှေးဟောင်းသုတေသနဝန်ထမ်းဘဝကို စွန့်လိုက်ပါတော့မည်။ စင်သီယာတို့ စောင့်မျှော်နေရာ ရေမြေရပ်ခြားတစ်နေရာသို့ မကြာခင်အတွင်း အပြေးအလွှားလိုက်ပါတော့မည်ဟု။

"ကိုမျိုး. . . တကယ်လိုက်လာနော်။ အမေရိကကို တကယ်လိုက်လာနော်။ စတီဗင်ကို သိတယ်မဟုတ်လား။ အကူအညီ သူဆီကတောင်း၊ လိပ်စာပေးခဲ့မယ်။ မြန်မာပြည်ကထွက်နိုင်ဖို့ သူအားလုံးစီစဉ်ပေးနိုင်တယ်"

စင်သီယာက နွားနို့နှစ်ရောင်ပေါ်တွင် ရွှေရောင်ကလေးများ လင်းလက်နေသည့် လက်ပွေ့အိတ်ကြီးကို ဖွင့်သည်။ ရောင်စုံ ဓာတ်ပုံ ဒါဇင်ပေါင်းများစွာ ထွက်လာသည်။

"ဟော. . . ဒါ ကနေဒါရောက်နေတဲ့ စင်သီယာရဲ့အစ်ကို တွေ့လေ။ နိုင်ယာဂရာ ရေတံခွန်ကြီးနားမှာ ရိုက်ထားတာတဲ့၊ ကိုမျိုးရော မသွားချင်ဘူးလား"

ဓာတ်ပုံတစ်ပုံကိုကြည့်ပြီး မျိုးမင်းဇော်က အမြန်ဆုံးပြန်ချ လိုက်သည်။

"ဒါက ဘာပုံကြီးလဲ၊ ဝက်ဝံကြီးလား"

စင်သီယာက ရယ်သည်။ မျိုးမင်းဇော်၏ ကျောပြင်ကို တဝုန်းဝုန်းထုသည်။

"ဒါက စင်သီယာတို့ရဲ့ အန်ကယ်ကြီးလေ။ လော့စ်အိန်ဂျလိစ် မှာနေတယ်။ နာမည်က ဦးပိုက်ကြီးတဲ့။ ဒါပေမဲ့ ဟိုရောက်တော့ ဟျူးဘတ်လို့မေးမှ ရတယ်။ ဒယ်ဒီထက်တောင် ဝသေးတယ်"

စင်သီယာက ဓာတ်ပုံတစ်ပုံကိုကြည့်လိုက်ပြီး လက်ပွေ့အိတ် ကြီးထဲသို့ ပြန်ထည့်ရန်ကြိုးစားလိုက်သည်။ မျိုးမင်းဇော်က မျက်စိ လျင်သည်။ လက်ကလည်း မြန်ပါပေ့။

ဟောလိဝုဒ်ဟူသော ဧရာမစာလုံးဆိုင်းဘုတ်ကြီးကို နောက်ခံ ထားပြီး အိုင်တင်ပေးနေသည့် ဆံပင်ရှည်ရှည်နှင့် ခပ်ချောချော လူငယ်တစ်ဦး။

"သူက ဘယ်သူလဲ စင်သီယာ"

စင်သီယာက ဘာမှပြန်မဖြေ။ ကိုယ်ကို လှုပစ္စာလှုပ်၍ ရယ်နေသည်။ ပြီးမှ ဣန္ဒြေပြန်ဆည်လိုက်ပြီး -

"အလကားအမှိုက်ပါ၊ စင်သီယာကို ဒီမှာကတည်းက အမြဲလိုက်ပြီး နှောင့်ယှက်နေတဲ့လူပေါ့"

စင်သီယာက စကားလမ်းကြောင်းပြောင်းလိုက်သည်။

"အလကားပါ၊ မေးမနေစမ်းပါနဲ့၊ ဟောလိဝုဒ်မှာ ရုပ်ရှင်မင်းသားဖြစ်မှာက ဒီမှာပါ၊ ဟုတ်တယ်မဟုတ်လား ကိုမျိုး"

မျိုးမင်းဇော် စိတ်မပါတော့ပြီ။ ခပ်ဝေးဝေးတစ်နေရာမှ မျောက်သံများကို နားထောင်နေသည်။ စင်သီယာ လှည့်အကြည့်နှင့်သွားတိုးသည်။ စင်သီယာ၏အညိုရောင်မျက်လုံးများကို အခုမှ အဒေသအချာကြည့်မိသည်။ မျက်ရည်ကလေးတွေ ဝဲလို့ပါလား။ မျိုးမင်းဇော် ရင်ထဲတွင် နာကျင်သွားသည်။

"ကဲပါလေ၊ တကယ်လို့ ကိုမျိုး ဟိုကိုလိုက်လာရင် ကိုမျိုးက ဘယ်မှာနေရမှာလဲ"

"ဧစာစောကပြောတဲ့ စင်သီယာရဲ့အန်ကယ် ဟျူးဘတ်ကလော့စ် အင်ဂျလိစ်မှာနေတယ်။ ကိုကိုတို့ကတော့ ဝေါလ်နတ်မှာ။ တကယ်လို့ ကိုမျိုး လိုက်လာခဲ့ရင် စင်သီယာတို့နဲ့ ပိုပြီးနီးတဲ့ ပိုမိုနာမြို့မှာ နေရမှာတဲ့။ ပိုမိုနာဆိုတာ လော့စ်အင်ဂျလိစ်နဲ့ မိုင် ၈၀ ပဲဝေးတယ်လို့ပြောတယ်"

"ပိုမိုနာ၊ ပိုမိုနာ"

မျိုးမင်းဇော်က မစ်ချယ်အဖြစ် သူသွားနေရတော့မည့် မြို့ကလေးအမည်ကို ကြားလိုက်ရ၍ ကြောက်သလိုဖြစ်သွားသည်။ တတွတ်တွတ် ရေရွတ်ကြည့်မိသည်။ ပိုမိုနာ. . . တဲ့။ သူ့ဖခင်ကြီးနှင့် ညီမကလေးနှစ်ဦးကို ထားခဲ့ပြီဆိုပါတော့။ စင်သီယာ့မျက်နှာတစ်ခုတည်းကိုကြည့်၍ သည်တိုင်းပြည်ကြီးမှ အပြီးအပိုင် တကယ်ထွက်သွားမည်ဆိုပါတော့။ သူဘာဝအခြေအနေ ဘယ်လိုရှိပါ့မလဲ။ ပိုပြီးတော့ပဲ ကောင်းမလား၊ ဒါမှမဟုတ် ပိုပြီးတော့များ နာသွားလေမလား. . . မသိ. . . မသိ. . . ဘာမျှမသိတော့"

□ □ □

"ဟော့. . . မောင်မျိုးမင်းဇော် . . . မောင်မျိုးမင်းဇော် . . .၊ ရေသွားချိုးတော့လေကွာ"

မိမိအမည်ကို လှမ်းအော်သံနှင့်အတူ အခန်းဝတွင် ဆရာဦးရဲတင့်၏မျက်နှာကို ဘွားခနဲ မြင်လိုက်ရသည်။

မျိုးမင်းဇော် အိပ်ရာမှ လူးလဲထထိုင်သည်။ စိတ်ထဲတွင်လည်း သောကလှိုင်းကလေးတစ်လုံး မသိမသာရိုက်ခတ်သွားသည်။

"သတိများမှရပါလေစ. . . စင်သီယာ"

□ □ □ □ □

# အခန်း (၆)

"မောင်လှထွေးရေ. . . အားပြီလားကွ၊ မောင်မှေးရော ဘယ်ရောက်နေလဲ"

ဆရာကြီးရဲတင့်က သူတို့စခန်းနှင့်များစွာမဝေးလှသော လှထွေးတို့အိမ်ရှေ့သို့ လျှောက်လာသည်။ အိမ်ရှေ့တံခါးပေါက်မှ လှမ်းခေါ်နေသည်။ လှထွေးတစ်ယောက် အိမ်အတွက်ထင်းခွဲပေးပြီးပြီ။ ရေခပ်ပေးပြီးပြီ။ ရေချိုးထမင်းစားပြီးပြီ။ ဆရာဦးရဲတင့်တို့ကို အသင့်စောင့်နေချိန်နှင့်အံကိုက်ဖြစ်သွားသည်။

"လာပြီ ဆရာ. . . လာပါပြီ"

ပြောပြောဆိုဆိုလှထွေးက အိမ်ကလေးထဲမှ ပြေးထွက်လာသည်။ ကော်ပီစာအုပ်ကလေးတစ်အုပ်ကိုလည်း လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ သုတေသနအရာရှိဦးရဲတင့်အနီးတွင် ကိုမျိုးမင်းဇော်တို့ လိုက်ပါလာသည်။

"ဒီပြင့်အဖွဲ့သားတွေရော မလိုက်ဘူးလားဆရာ"

"အလုပ်သမားရှာဖို့ ဆရာကြီးအိမ်မှာ ဆွေးနွေးနေကြတယ်လေ။ တော်တော်ကြာမှ လိုက်လာလိမ့်မယ်"

လှထွေးတို့ စကားတပြောပြောထွက်ခဲ့သည်။ ရွာလယ်လမ်း အတိုင်း တောင်ဘက်သို့ လျှောက်ခဲ့ကြသည်။ မျိုးမင်းဇော်က နောက်ဘက်သို့ လည်ပြန်လှည့်ကြည့်လိုက်သည်။ ကျတ်ကုန်းကြီး ဟု အများခေါ်နေကြသည့် တောင်ကုန်းကြီးမှာ ရွာကလေး၏ မြောက်ဘက်ထန်းတောများအလွန် ဝင်လုဆဲ နေရောင်အောက်တွင် ဝေရီညို့မှိုင်းစွာ လဲလျောင်းလျက်ရှိသည်။

သဲလမ်းပေါ်တွင်လျှောက်ရင်း ဆရာဦးရဲတင့်က လှထွေး၏ ကိုယ်ရေးကိုယ်တာများကို မေးကြည့်သည်။

"ကျွန်တော် ငယ်ငယ်ကလေးတည်းက မိဘနှစ်ပါးစလုံး ဆုံးသွားပါတယ်။ အခု ကြီးတော်တစ်ယောက်နဲ့ နေပါတယ်။ သူတို့က ယာသမားတွေဆိုတော့ ကျွန်တော်ကျောင်းအားရက်တွေမှာ ဒေါ်ကြီးရဲ့အလုပ်ကို ဝင်လုပ်ရတာပေါ့"

ဆရာဦးရဲတင့်က လှထွေး၏မျက်နှာကို စူးစိုက်ကြည့်လိုက်သည်။

"ဪ. . . မင်းလည်း ငါ့လိုပဲကိုး။ ဆရာလည်း ငယ်ငယ် ကတည်းက မိဘတွေမရှိတော့ပါဘူးကွာ။ ဘဝကို ရုန်းရင်းကန်ရင်း နဲ့ အခုလို ဘဝကိုရောက်လာရတာပဲ. . .ဟော့။ မင်းလည်း တစ်နေ့ ကျရင် ငါ့လို ဖြစ်လာလိမ့်မယ်ကွာ။ ဘယ်တော့မှ အားမလျှော့နဲ့ ကြားလား"

မျိုးမင်းဇော်ကလည်း ငမှေးအကြောင်းနှင့် ပတ်သက်၍ မေးကြည့်မိသည်။ မေးပြီးမှ စိတ်မကောင်းဖြစ်သွားသည်။

"ငမှေးလည်း မိဘတွေမရှိတော့ပါဘူး အစ်ကို။ ဆွေမျိုးလည်း တစ်ယောက်မှ မရှိတော့ပါဘူး။ ဘုန်းကြီးက သနားလို့ ကျောင်းမှာ

နေ ကျောင်းမှာစားပေါ့ ဆရာရယ်။ ဟော. . . ကိုသာဦးတို့အိမ်ကို ရောက်လာပါပြီဆရာ"

ဆရာဦးရဲတင့်က ရှေ့ဆောင်၍ သာဦးတို့အိမ်ထဲသို့ ဝင်ခဲ့သည်။ ခြံထဲတွင် ဝင်လုဆဲနေရောင်ကြောင့် ဝိုးတဝါးသာ မြင်ရတော့သည်။ ပုစဉ်းရင်ကွဲသံများ၏ အော်သံများကိုလည်း ၎င်းအနောက်ဖက်တောတန်းဆီမှ ကြားရသည်။

"ဟိုက်"

ဆရာဦးရဲတင့်က စဥ့်အိုးကြီးများထားရာ နေရာအရောက်တွင် မြွေတစ်ကောင်ကို တွေ့လိုက်သည့်အလား ဘေးဘက်သို့ ရုတ်တရက် ခုန်ထွက်လိုက်သည်။ မျိုးမင်းဇော်က ဆရာဦးရဲတင့်အနီးသို့ စိုးရိမ်တကြီးပြေးကပ်လိုက်သည်။

"ဆရာ. . . ဆရာ၊ ဘာဖြစ်တာလဲ"

ဦးရဲတင့်က သူ့ခြေထောက်အောက်သို့ လက်ညှိုးထိုးလိုက်သည်။

"မင်းတို့ ခြေထောက်အောက်မှာကြည့်စမ်း၊ ဘာတွေ တွေ့ရသလဲ"

"ဟာ. . . အုတ်ချပ်ကြီးတွေပါလား"

မျိုးမင်းဇော်က ပြောပြောဆိုဆိုမြေပေါ်သို့ ဒူးထောက်ထိုင်ချလိုက်သည်။ လှထွေးမှာလည်း ဘာမျှနားမလည်ပဲ မျိုးမင်းဇော်နည်းတူ ရောယောင်ထိုင်ချလိုက်မိသည်။

သူတို့လူစု ခြံဝတွင် ဝရုန်းသုန်းကားဖြစ်နေခိုက်၊ သာဦးတစ်ယောက် အိမ်ရှေ့သို့ ပြေးဆင်းလာသည်။ သူ့နောက်တွင် ရွာထဲမှ လူငယ်ကလေးငါးယောက်လည်း ကပ်ပါလာသည်။

"ဘာဖြစ်လို့လဲဆရာ၊ ဘာဖြစ်လို့လဲ"

ဆရာဦးရဲတင့်က သာဦး၏လက်ကိုဆွဲကိုင်လှုပ်ယမ်းလိုက်သည်။

"ဆရာ တစ်ခုမေးမယ်နော်၊ မောင်သာဦး"

"မေးပါဆရာ၊ မေးပါ"

ဦးရဲတင့်က မြေပေါ်သို့ လက်ညှိုးညွှန်ပြရင်း -

"ဒီအုတ်ပြားကြီးတွေကို ဘယ်သူသယ်လာတာလဲ။ ဘယ်က သယ်လာတာလဲ"

သာဦး မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဟို ... ဟို၊ ကျွန်တော့်အဘိုးနဲ့အဖေ ကျတ်ကုန်းကြီးပေါ်က ယူလာတာပါ"

"ဘာဖြစ်လို့လဲဆရာ"

"ဘာမှမဖြစ်ပါဘူးကွ။ အုတ်ပြားကြီးတွေ ကောင်းလွန်းလို့ပါကွာ။ ဒါနဲ့ ဒီအုတ်ပြားကြီးတွေပေါ်က အစင်းကြီးတွေဟာ နဂိုကတည်းက ပါလာတာလား"

သာဦးက ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်သည်။ အုတ်ပြားကြီး တစ်ချပ်ကိုလည်း အယောင်ယောင်အမှားမှား ကောက်ယူလိုက်သည်၊ ရင်ထဲတွင် ပွေ့လိုက်သည်။

"ဟုတ်ပါတယ် ဆရာ၊ ဟုတ်ပါတယ်။ ကျွန်တော်ခပ်ငယ်ငယ်၊ ကျွန်တော်တို့အဖေ ယူလာကတည်းက ဒီအတိုင်းပါပဲဆရာ"

ဆရာဦးရဲတင့်နှင့် မျိုးမင်းဇော်တို့ အိမ်ပေါ်သို့ တက်ခဲ့သည်။ အိမ်ထဲတွင် မှောင်စပြုနေပြီ။ သာဦးက ဖယောင်းတိုင်ကြီးနှစ်တိုင်

ကို ထွန်းလိုက်သည်။ ဦးရဲတင့် တစ်စုံတစ်ခု ပြောလိုက်သည်။ မျိုးမင်းဇော် ရုတ်တရက် အိမ်အောက်ဆင်းသွားသည်။ မကြာမီ ရေစင်အောင်ဆေးထားသော အုတ်ပြားကြီးတစ်ချပ်ကို ကိုင်လျက် အိမ်ပေါ်ပြန်တက်လာသည်။

ဆရာဦးရဲတင့်က လှထွေးနှင့်သာဦးတို့လူစု နားမလည်နိုင်အောင် ဖြစ်သွားကြသည်ကို ရိပ်မိလိုက်သည်။

"ဒီအုတ်ချပ်ကြီးတွေက ပျူအုတ်ချပ်ကြီးတွေလေ။ ဒါကြောင့်မို့ မီးရောင်နဲ့ အသေအချာကြည့်မလို့"

သာဦးတို့ ပါးစပ်ဟောင်းလောင်း ဖြစ်သွားကြသည်။ မျက်နှာပေါ်တွင် စိုးရိမ်မှုများ ယုက်သန်းသွားသည်။

"ဗျာ. . . ပျူအုတ်ချပ်ကြီးတွေ ဟုတ်လားဆရာ။ ကျွန်တော်တော့ ဒုက္ခရောက်တော့မယ် ထင်ပါရဲ့"

ဦးရဲတင့်က ပျာပျာသလဲ ပြန်ဖြေရှင်းလိုက်သည်။

"ဘာမှ မဖြစ်ပါဘူးကွာ။ ဒါနဲ့ မောင်မျိုးမင်းဇော်ရေ၊ အုတ်ချပ်ကြီးကို တိုင်းကြည့်ပြီးပြီလား"

မျိုးမင်းဇော်က စက္ကူတစ်ရွက်ပေါ်တွင် ရေးမှတ်ထားသည်ကို ပြလိုက်သည်။

"အလျား ၁၈ လက်မ၊ အနံ ၉ လက်မ၊ ထု ၃ လက်မ"

မျိုးမင်းဇော်က ရုတ်တရက် ဝင်ပြောလိုက်သည်။

"ဆရာ၊ ကျွန်တော်တို့ တွေ့ဖူးတာက အလျား ၁၈ လက်မ၊ အနံ ၁၀ လက်မ၊ ထု ၃ လက်မခွဲက တစ်မျိုး၊ အလျား လက်မ ၂၀၊ အနံ ၁၀ လက်မ၊ ထု ၃ လက်မက တစ်မျိုး၊ အလျား ၁၀

လက်မ၊ အနံ ၉ လက်မ၊ ထု ၃ လက်မက တစ်မျိုး။ ခု ဒီမှာတွေ့တဲ့ ဟာက အလျား ၁၈ လက်မ၊ အနံ ၉ လက်မ၊ ထု ၃ လက်မ ဆိုတော့ အရွယ်အစားချင်းသိပ်တော့ မကွာပါဘူးနော်”

ဆရာဦးရဲတင့်က သာဦး၏ကျောကို ညင်သာစွာပုတ်ရင်း -

“ဆရာတော့ မောင်သာဦးကို ကျေးဇူးအများကြီးတင်လိုက်ပြီပေ့။ ကျေးဇူးတင်တယ်ဆိုတာ၊ ရွာနားက ကျတ်ကုန်းကြီးဟာ ပျူမြို့ဟောင်းကြီးတစ်မြို့ ဖြစ်ဖူးတယ်ဆိုတာ မင်းရဲ့အုတ်ချပ်ကြီးက အတိအလင်းပြောပြခဲ့ပြီလေ”

ထိုစဉ် လှထွေးက သူ့လက်ထဲတွင်ပါလာသော ကော်ပီစာအုပ်ကလေးကို မျိုးမင်းဇော်လက်ထဲသို့ ထည့်ပေးလိုက်သည်။ မျိုးမင်းဇော်က တစ်ရွက်ချင်း လှန်ကြည့်လိုက်၏။ မျက်လုံးပြူးသွားသည်။

“ဟ. . . ဟ၊ ဒါတွေက ဘာတွေလဲကွ”

လှထွေးက စာအုပ်ထဲမှ ရုပ်ပုံများကို တစ်ရွက်ချင်းလှန်ပြရင်း၊ အဖြေပေးလိုက်သည်။

“ကျွန်တော် ငယ်ငယ်ကတည်းက မှတ်တမ်းထားတဲ့ ပန်းချီပုံတွေပါ။ ဟောဒါ ကိုသာဦးတို့ ကျောက်ပြားကြီးပေါ်က ပုံတွေကို ကူးရေးထားတာပါ။ ဟောဒါတွေကတော့ ရွာထဲကရေထမ်းတဲ့ ကိုပိုးခွေးကြီး ကောက်ရလာတဲ့ ဒင်္ဂါးပုံတွေပါ။ ခုတော့ မြို့တက်ပြီး ရောင်းစားလိုက်လို့ မရှိတော့ပါဘူး။ ဟောဒါကလည်း ရွာလယ်က အင်းမဒေါင်းရင်တို့ ပုတီးဒစ်တွေကို သွားကြည့်ပြီး ကူးရေးထားတာပါ”

မျိုးမင်းဇော်က ဆရာဦးရဲတင့်ကို အဓိပ္ပာယ်ပြည့်ဝသော မျက်နှာမျိုးဖြင့် ပြုံးပြလိုက်သည်။ ဦးရဲတင့်က ခေါင်းတဆတ်ဆတ် လုပ်နေသည်။ ထိုစဉ် အိမ်ရှေ့မှ ဓာတ်ပုံဆရာဇော်ဟန်၏အသံကို ကြားရသည်။

"ကျွန်တော်စားဖို့လည်း ချန်ထားပါဦးဗျ"

မျိုးမင်းဇော်က ဇော်ဟန်၏လက်ကိုဆွဲ၍ ဖျာပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

"သူတို့တွေဟာ ကျွန်တော်တို့ တူးဖော်ရေးမှာ ကူညီကြမယ့် ရွာထဲက လူငယ်တွေပါပဲ၊ အလုပ်သမားရှာဖို့ကိစ္စ၊ အလုပ်သမား ရဖို့ကိစ္စ အဆင်ပြေခဲ့တယ် မဟုတ်လား"

မျိုးမင်းဇော် စကားမဆုံးမီ ဦးရဲတင့်က သူ့နဖူးပြောင်ပြောင်ကြီး ကို ဖျတ်ခနဲ ရိုက်လိုက်ပြီး-

"ဟာ. . . သေတာပဲ မျိုးမင်းဇော်ရေ။ ငါတို့ တူးဖော်ရေးမှာ အလွန်အရေးကြီးတဲ့ပုဂ္ဂိုလ်တစ်ယောက်ကို မရွေးမိကြသေးဘူးကွာ"

"ဘယ်သူများလဲ ဆရာရဲ့"

"အိုးခြမ်းကွဲစာရေးလေ"

မျိုးမင်းဇော်၏မျက်နှာ ရုတ်တရက် ဝင်းလက်သွားသည်။ လှထွေးကို ဘာမပြော၊ ညာမပြော လှမ်းဖက်လိုက်သည်။

"ဘာမှမပူနဲ့တော့ ဆရာရေ၊ ဒီနေရာအတွက် ပန်းချီလည်း တော်၊ အမှတ်အသားလည်း ကောင်း၊ ရှေးဟောင်းသုတေသန ပညာကိုလည်း အလွန်စိတ်ဝင်စားနေတဲ့ ဟောဒီမောင်လှထွေး ကလေး ရှိနေပြီပဲမဟုတ်လား"

□ □ □ □ □

# အခန်း (၇)

"အောက်အီးအီးအွတ်"

တစ်ရွာလုံးဆိတ်ငြိမ်နေပြီး ကြက်တွန်သံများကိုမူ မကြာမကြာ ကြားနေရသည်။ လွန်ခဲ့သော သုံးလေးညကအတိုင်းပင် ညဉ့်အတော်နက်နေလေပြီ။ ကိုသာဦးအိမ်က စကားဝိုင်းကား မပြီးပြတ်နိုင်သေး။ တူးဖော်ရေးလုပ်ငန်းကြီး မစမီ တစ်ညပြီးတစ်ည လူတွေတိုးလာသည်။ ဧည့်သည်တစ်လှည့်၊ ရွာခံတစ်လှည့် ပြောစရာတွေ ပိုများလာသည်။ အသံများပိုကျယ်လာသည်။ မနေ့ညက မြန်မာစာပေအကြောင်း၊ ယဉ်ကျေးမှုများအကြောင်း။

"အောက်အီးအီးအွတ်"

သာဦးတို့ အိမ်နောက်ဘက် မန်ကျည်းပင်ကြီးပေါ်မှ ကြက်ဖကြီးတွန်သံ ထပ်မံပေါ်ထွက်လာသည်။

"မြို့သားကြီးမောင်မျိုးမင်းဇော်၊ အဲဒါ ဘာကြက်လဲကွ"

ဘကြီးမြိုင်၏ မေးခွန်းကို မျိုးမင်းဇော်က မဖြေတတ်။ ရှေးခေတ်ရှေးအခါက မြန်မာများ ကြက်တွန်သံဖြင့် အချိန်မှတ်သားတတ်ပုံ နည်းစနစ်ကို မေးခြင်းဖြစ်သည်။ "ဘာကြက်လဲ" ဆိုသော မေးခွန်းကို ဆရာဦးရဲတင့်ပင် ပြည့်ပြည့်စုံစုံမပြောတတ်။

ဘကြီးမြိုင်က ဆေးလိပ်တိုကို ခွက်ထဲပြန်ချရင်း -

"တို့မြန်မာတိုင်းရင်းသားတွေမှာ ဒီခေတ်စက်နာရီတို့ဘာတို့ မပေါ်ခင်ကတည်းက အချိန်ကို နည်းအမျိုးမျိုးနဲ့ ပိုင်းခြားနိုင်တယ်ကွ။

နံနက် ၄ နာရီခွဲအချိန်ကို ရောင်နီပေါ်ချိန်တဲ့၊

၅ နာရီကို အရုဏ်တက်တဲ့၊

၅ နာရီ မိနစ် ၂၀ အချိန်ကို ဝေလီဝေလင်းတဲ့၊ ဒါမှမဟုတ် ကျီးမနိုးတနိုးတဲ့၊

၅ နာရီခွဲအချိန်ကို လင်းအားကြီးတဲ့၊

၅ နာရီ မိနစ် ၄၀ ကို နေထွက်တစ်ပြုတဲ့၊

၆ နာရီကို မိုးစင်စင်လင်းတဲ့၊

၉ နာရီကို နေထန်းတစ်ဖျားတဲ့၊

၉ နာရီခွဲကို ဆွမ်းခံပြန်တဲ့၊

၁၀ နာရီကို ဆွမ်းစားချိန်တဲ့၊

၁၁ နာရီကို နေမွန်းလတ်တဲ့၊

၁၂ နာရီကို နေမွန်းတည့်တဲ့၊

နေ့လယ် ၁ နာရီကို နေမွန်းတိမ်းတဲ့၊

နေ့လယ် ၁ နာရီခွဲကို နေမွန်းလွဲတဲ့၊

ညနေ ၃ နာရီခွဲကို ညနေစောင်းတဲ့၊

ညနေ ၄ နာရီခွဲကို ညနေအေးတဲ့၊

ညနေ ၅ နာရီအချိန်ကို ဘယ်လိုခေါ်သလဲ။ သိကြရဲ့လား၊ နေဝင်ဆည်းဆာတဲ့၊

ညနေ ၅ နာရီခွဲကိုတော့ နေဝင်ဖျိုးဖျတဲ့၊ တစ်နည်းအားဖြင့် နေဝင်ရီတရောတဲ့။ ဒါနဲ့ နွားရိုင်းသွင်းချိန်က ဘယ်အချိန်လဲ သိရဲ့လား။ နွားရိုင်းသွင်းချိန်ဆိုတာ ညနေ ၅ နာရီ မိနစ် ၄၀ ကို ပြောတာကွ၊

၅ နာရီ မိနစ် ၅၀ ကိုတော့ ညီအစ်ကို မသိတသိအချိန်တဲ့၊

ညနေ ၆ နာရီကျတော့ နေခြင်မိုးချမ်းတဲ့၊ မင်းတို့ကြားဖူးမှာတောင် မဟုတ်ဘူးထင်တယ်။

၆ နာရီခွဲအချိန်ကိုတော့ ညချမ်းတဲ့၊

၇ နာရီကို သူငယ်အိပ်ဆိတ်တဲ့၊

၉ နာရီကို သက်ကြီးခေါင်းချတဲ့၊

၁၀ နာရီခွဲကို ညဦးတွန်တဲ့၊

၁၁ နာရီကို လုလင်ပြန်တဲ့၊

၁၂ နာရီကို သန်းခေါင်ကြက်တွန်တဲ့၊

၁၂ နာရီခွဲကို ကြယ်မြီးထောင်တဲ့၊

နံနက် ၃ နာရီကို ကြက်ဦးတွန်တဲ့၊

၄ နာရီကိုတော့ လင်းကြက်ဆော်တဲ့၊"

ဘကြီးမြိုင်စကားအဆုံးတွင် ဆရာဦးရဲတင့်က မျိုးမင်းဇော်၏ နာရီကိုငုံ့ကြည့်လိုက်သည်။ ထုံးစံအတိုင်း သူ့နဖူးပြောင်ပြောင်ကြီးကို လက်ဖြင့်ရိုက်လိုက်ရင်း၊

"ဟာ. . . သေတာပဲ၊ ဘာလိုလိုနဲ့ ၁၁ နာရီတောင်ထိုးပြီးပြီကွ၊ လုလင်ပြန်ချိန်တောင်ရောက်နေပြီပေါ့။ အခုတော့ မောင်သာဦး

ညှို့ခံကောင်းနေတာနဲ့ လုလင်တွေလည်း မပြန်နိုင်သေးဘူး၊ အဘိုးကြီးတွေလည်း မပြန်နိုင်သေးဘူး။ ဟား. . . ဟား. . . ဟား"

□ □ □

ဘကြီးမြိုင်က မြန်မာတို့၏ ကြက်တွန်သံဖြင့် အချိန်သတ်မှတ်နည်းပြောပြစဉ်တွင် မျိုးမင်းဇော်၏စိတ်များက တစ်ခါတစ်ရံ လွတ်ထွက်သွားခဲ့သည်။ နေပူကျဲကျဲအောက်မှ သစ်ပင်ကျိုးတိုးကျဲတဲကျတ်ကုန်းကြီးပေါ်တွင် အလုပ်လုပ်ချင်စိတ် လျော့နည်းသွားခဲ့သည်။ အလုပ်ပဲထွက်ချင်သည်။ ရန်ကုန်သို့ပဲ အမြန်ဆုံးပြန်သွားချင်သည်။ ဆရာဦးရဲတင့်ကို ကတိမဖျက်ချင်၍သာ အောင့်အီးနေရသည်။

ကုန်းတန်းကြီးကျေးရွာမှ မြို့ကလေးသို့ ဈေးဝယ်သွားတတ်သူများနှင့် လိုက်သွားလျှင်တော့ ရန်ကုန်သွားမည့် ကားကြုံတစ်စီးစီးရနိုင်သည်။ ရန်ကုန်ရောက်လျှင် စတီဗင်နှင့်အမြန်ဆုံး ဆက်သွယ်ကြည့်ချင်သည်။ လုပ်ထားကိုင်ထားသည့်စာရွက်စာတမ်းကိစ္စများပြီးပြတ်အောင်လုပ်ချင်သည်။ အဲဒီနောက်တော့ စင်သီယာလေးမျှော်နေရာ တိုင်းတစ်ပါးဆီသို့။

စိတ်ကူးယဉ်၍သာ ယဉ်ရသည်။ လက်တွေ့လုပ်ရန်မဖြစ်နိုင်သေးပါကလား။ ရန်ကုန်မှ လူစားလိုက်လာမည့် သုတေသန လက်ထောက်ကိုသန့်ဇင်ဦး အလာကို စောင့်ရဦးမည်။ သူလာမှ တာဝန်တွေလွှဲနိုင်မည်။ လူချင်းလဲနိုင်မည်။ ကိုသန့်ဇင်ဦးခမျာမှာလည်း

ပုဂံတွင်အလုပ်များနေဆဲ ရှိနေရှာလိမ့်မည်။ အနော်ရထာနန်းတော်ရာဟောင်းကို ပြန်လည်တူးဖော် သုတေသနပြုရန် စီစဉ်နေကြသည် မဟုတ်လား။

မျိုးမင်းဇော်က တိုင်တစ်တိုင်ကို မှီရင်း စိတ်ကူးလေတံခွန်ကို လွှတ်တင်နေသည်။ ဘကြီးမြိုင်နှင့် ဦးရဲတင့်တို့ ပြောစကားကို မကြားတစ်ချက် ကြားတစ်ချက်။

□ □ □

"ဟ. . . သမီးကြီး ပြေးပါဟ၊ ဘာလုပ်နေတာလဲ"

ပုဂံက မြင်းလှည်းနံပါတ် ၁၄၊ မောင်ကြည်ဌေး၏မြင်းလှည်းမောင်းသံကို ကိုမျိုးမင်းဇော် ရုတ်တရက် ကြားယောင်လာမိသည်။ မြင်းလှည်းဆရာကလေးမှာ ဆယ်တန်းဖြေထားသည့် ပညာတတ်ကလေးတစ်ဦးဖြစ်သည်။ သူ့မြင်းလှည်းပေါ်တွင် ပါရှိလာသောသူ မျိုးမင်းဇော်ကို ရှေးဟောင်းသုတေသနဝန်ထမ်းတစ်ဦးဟု သိပုံမရ။

"ကျွန်တော်တို့ ပုဂံမှာ မြန်မာ့ဗိသုကာအနုပညာလက်ရာတွေဟာ အနော်ရထာမင်းလက်ထက်ကစပြီး နောက်ပိုင်းတစ်လျှောက် သိသိသာသာကြီး ဖွံ့ဖြိုးလာခဲ့တယ်ခင်ဗျ။ ပုဂံမှာ ပထမဆုံး ဂန္ဓဝင်မြောက် အဆောက်အအုံဖြစ်တဲ့ ရွှေစည်းခုံကို ကြည့်ဗျ။ ပစ္စယာသုံးဆင့်မှာ စေတီတော်ကြီးရဲ့ ပုံစံတူ စေတီငယ်တွေ စိုက်ထားတာ၊ လေးဘက်လေးမျက်နှာက တတိယပစ္စယာကိုတက်တဲ့ နတ်မုခ်၊ နတ်လှေကားတွေ တပ်ဆင်ထားတာတွေဟာ ပုဂံခေတ်ဦးရဲ့ ဆန်းသစ်တဲ့ ဗိသုကာလက်ရာတွေပေါ့ခင်ဗျာ"

မျိုးမင်းဇော်က နဖူးပေါ်တွင် သီးနေသော ချွေးစက်ကလေးများကို လက်ဖမိုးဖြင့်သုတ်ရင်း၊ နားထောင်နေသည်။ အလျှံတရဲရဲနေရောင်ဟပ်နေသော လမ်းဘေးတစ်လျှောက်ကိုလည်း ငေးမောကြည့်သွားမိသည်။

"ဟော. . . ဟိုမှာ၊ မြင်းလှည်းတစ်စီး ဘာဖြစ်နေလဲ မသိဘူး၊ ခင်ဗျားကိုလှမ်းခေါ်နေတယ်၊ ဟုတ်တယ် မဟုတ်လား"

မြင်းလှည်းဆရာက လမ်းဘေးတွင်ရပ်ထားသော မြင်းလှည်းတစ်စီးနှင့်ဘေးချင်းယှဉ်ဝင်ရပ်လိုက်သည်။

"ဘာဖြစ်လို့လဲ ငသိန်း"

"ဟာ. . . အတော်ပဲဟေ့။ ဧည့်သည်တွေလိုက်ပို့တာ ရွှေစည်းခုံတစ်ဆူထဲ ကျန်တော့မှ ဝင်ရိုးကျိုးသွားလို့"

မျိုးမင်းဇော်စီးလာသည့် မြင်းလှည်းဆရာ ဟိုဟိုသည်သည်ကြည့်ရင်း၊

"ဧည့်သည်က ဘယ်နှစ်ယောက်လဲကွ"

မျိုးမင်းဇော်၏မျက်စိများက အလွန်လျင်သည်။ အရွက်မရှိတော့သည့် သစ်ခြောက်ပင်ကြီးတစ်ပင်အောက်တွင် လက်ဝါးကလေးများခေါင်းပေါ်မိုးလျက် သူတို့မြင်းလှည်းကို အားကိုးတကြီးလှမ်းကြည့်နေသည့် အမျိုးသမီးသုံးဦးကို ပထမဆုံး တွေ့လိုက်ရသည်။

"ပုံစံတွေကြည့်ရတာ ရန်ကုန်ကနဲ့တူတယ်"

မျိုးမင်းဇော်၏ ကောက်ချက်ကို မြင်းလှည်းဆရာပညာရှိလေးက ထပ်မံဖြည့်စွက်လိုက်သည်။

"အပျိုကြီးတွေနဲ့တူတယ်ဗျ၊ ကျွန်တော့်မြင်းလှည်းပေါ် ခေါ်ခဲ့မယ်နော်"

မျိုးမင်းဇော်က ပြုံးလျက်၊ အသာအယာ ခေါင်းညိတ်ပြလိုက်မိသည်။

"ကဲ. . . လမ်းကြုံပါတယ်၊ အစ်မတို့ တက်ကြပါ"

ရန်ကုန်သူ အပျိုကြီးတွေနှင့်တူသူ အမျိုးသမီးသုံးဦးက မြင်းလှည်းပေါ်လှမ်းတက်သည်။ အလျှင်ရောက်နှင့်နေသော မျိုးမင်းဇော်ကိုမြင်လိုက်၍ ခြေလှမ်းပျက်သွားသေးသည်။ အပေါ်ရောက်၍ ထိုင်ကြပြန်တော့လည်း မျိုးမင်းဇော်နှင့်မျက်နှာချင်းဆိုင်က အပျိုချောက မျက်နှာတစ်ဖက်သို့လွှဲထားသည်။ သူ့နံဘေးတွင် မလွှဲသာ၍ ဝင်ထိုင်လိုက်ရသော အပျိုချောက ပိုဆိုးသေး။ လမ်းတစ်လျှောက်လုံး လက်ကိုင်ပဝါဖြင့် နှာခေါင်းကို ပိတ်ထားသည်။ "လူပျိုကြီးစော် နံလို့နဲ့တူပါရဲ့" ဟု မျိုးမင်းဇော် တွေးလိုက်မိရင်း ပြုံးလိုက်မိသည်။

အမျိုးသမီးသုံးဦး မြင်းလှည်းပေါ်ရောက်လာကတည်းက မြင်းလှည်းဆရာပညာရှိလေးထံမှ ဘာသံမှထွက်မလာတော့။ အမျိုးသမီးများ၏အသံကသာ ဖုံးလွှမ်းလျက်ရှိသည်။ မကြာမီ ရွှေစည်းခုံဘုရား ခြသေ့်ကြီးနှစ်ကောင်ကြားတွင် အမျိုးသမီးများ မြင်းလှည်းပေါ်မှဆင်းကြသည်။

"ဘယ်လောက်ပေးရမလဲကွယ့်"

မြင်းလှည်းဆရာကလေးထက် မျိုးမင်းဇော်က ဤတစ်ကြိမ်တွင် နှုတ်ပိုသွက်သည်။

"မေတ္တာနဲ့ပို့ပေးတာပါဗျ၊ ဒါနဲ့ မမတို့က ဘယ်မြို့ကလဲခင်ဗျာ"

အမျိုးသမီးသုံးဦး သူပြောနိုး၊ ကိုယ်ပြောနိုးလုပ်နေကြသည်။ မျိုးမင်းဇော်ရှေ့မှ တစ်လမ်းလုံးအိပ်ငိုက်လာသည့် မမဝဝကလေး တစ်ဦးက နောက်ဆုံးမှ ဝင်ပြောလိုက်သည်။

"မတ္တရာနားက မုံရွာ၊ အဲလေ . . မြောင်းမြကပါ"

အမျိုးသမီးသုံးဦး တဟားဟားရယ်ရင်း၊ ရွှေစည်းခုံစောင်းတန်းကြီးထဲသို့ ခပ်သုတ်သုတ်ဝင်သွားသည်။

□ □ □

"ကိုင်း. . . ဟေ့၊ မောင်မျိုးမင်းဇော် အိပ်ငိုက်နေပြီလားကွ၊ လာလေ. . . ငါတို့ပြန်ကြစို့"

ဆရာဦးရဲတင့်က လှမ်းခေါ်လိုက်သံထွက်ပေါ်လာ၏။ ပုဂံရောက်နေသော မျိုးမင်းဇော်၏စိတ်ကူးများ ပျက်သွားသည်။ မျိုးမင်းဇော်က မြင်းလှည်းပေါ်တွင် မြင်းလှည်းပျက်၍ လမ်းကြုံလိုက်လာသည့် ချိတ်ထဘီအဝါကလေးနှင့် မြန်မာအမျိုးသမီးကလေးကို ပြန်လည်မြင်ယောင်လာမိ၏။

မျိုးမင်းဇော် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

မျိုးမင်းဇော်က ထိုင်ရာမှထလိုက်သည်။ အညောင်းဆန့်သည်။ ဝါးခနဲ တစ်ချက်သမ်းလိုက်သည်။ ထဘီအဝါရောင်မိန်းကလေးနှင့် စင်သီယာ၏အလှကို နှိုင်းယှဉ်ကြည့်မိသည်။ မြန်မာဆန်လွန်းသော မြန်မာမလေးက ပိုချောပါကလား။

□ □ □ □ □

## အခန်း (၈)

အမှန်စင်စစ် မျိုးမင်းဇော်တစ်ယောက်သည် အလုပ်ကိုစွန့်ခွာချင်လှသည်မှာကြာလှပြီ။ သရေခေတ္တရာမှော်ဇာသို့ နောက်ဆုံးခရီးထွက်ခဲ့ရစဉ်ကတည်းက ဆိုပါတော့။ ထိုစဉ်က ပျူအရိုးအိုးကြီးတစ်လုံးထပ်မံတူးဖော်ရရှိခဲ့ကြသည်။

သရေခေတ္တရာ ဘောဘောကြီးဘုရားတွင် ရုံးချုပ်မှညွှန်ကြားချက်အတိုင်း သစ်ပင်၊ ချုံနွယ်များခုတ်ထွင်ရှင်လင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ရသည်။ ပြည်မြို့သို့ တစ်နေ့တွင် အလည်ရောက်သွားသည်။ ပြည်ဘူတာရုံတွင် မိတ်ဆွေတစ်ဦးကိုသွားရှာရင်း၊ မိတ်ဆွေ အင်ဂျင်နီယာတစ်ဦးနှင့် စကားလက်ဆုံကျမိသည်။ မျိုးမင်းဇော်က မြန်မာနိုင်ငံမှအပြီးအပိုင် ထွက်သွားချင်နေကြောင်း ဖွင့်ပြောလိုက်သည်။

ညီအစ်ကိုပမာ ခင်မင်သော ရခိုင်တိုင်းရင်းသား အင်ဂျင်နီယာကြီးက တဟားဟားရယ်နေသည်။ ပြီးမှ -

"ငါ့ညီက တိုင်းပြည်ရင်ခွင်ကိုခြေစုံကန်ပြီး အပြီးအပိုင်သွားနေချင်တာကိုး၊ ဟား ဟား ဟား"

မျိုးမင်းဇော် နားမလည်နိုင်အောင် ဖြစ်သွားရသည်။ အင်ဂျင်နီယာကြီးကို ပြူးကျယ်သောမျက်လုံးအစုံဖြင့် လှမ်းကြည့်လိုက်သည်။

ရခိုင်အင်ဂျင်နီယာကြီးက -

"မောင်ရင့်မှာရောဂါတစ်ခုစွဲကပ်နေတဲ့ မြန်မာနိုဖိုးဘီးယားရောဂါပေါ့ကွ"

"ခင်ဗျာ. . . ဘယ်လိုပြောလိုက်တာလဲခင်ဗျ"

"ဟော့. . . ကောင်ကလေး၊ မင်းမှာစွဲကပ်နေတဲ့ မြန်မာနိုဖိုးဘီးယားရောဂါဆိုတာ မြန်မာတိုင်းရင်းသား ကေန်စစ်စစ်ဖြစ်ပါလျက်၊ မြန်မာနိုင်ငံနဲ့ တိုင်းရင်းသားတွေရဲ့ ကျေးဇူးကို မထောက်ထားတော့ဘဲ စော်ကားမော်ကားလုပ်ချင်နေတဲ့ ရောဂါကွ"

ပွင့်ပွင့်လင်းလင်းအသံကျယ်ကျယ်ကြီးနှင့် ပြောတတ်သော ဦးလေးစံရွှေကျော်၏ နိဂုံးချုပ်စကားကပိုပြီး ကြက်သီးထစရာကောင်းလှသည်။

"ဟော့. . . ကောင်ကလေး၊ မင်းမှာရှိတဲ့ မြန်မာနိုဖိုးဘီးယားရောဂါကို ကုလို့မရနိုင်တော့ဘူးဆိုရင် ငါ့ကို လာပြော၊ ဟောဒီဆေးနဲ့တစ်ခါတည်းပျောက်အောင် ကုပေးလိုက်မယ်"

ပြောပြောဆိုဆို ရခိုင်အင်ဂျင်နီယာကြီးက အတိတ်မေ့ရောဂါကို တစ်ခါတည်းပေးလိုက်နိုင်မည့်သူ၏ ရောမလက်သီးကြီးဖြင့် မျိုးမင်းဇော်ကို ထိုးလိုက်သည်။

လက်ဖက်ရည်ဆိုင်တွင် အကြာကြီးထိုင်၍ စကားပြောမိကြပြီးနောက် ခွဲခွာနီးတွင် -

"ဟော့. . . ကောင်ငယ်ကလေး၊ မင်းကို ငါတစ်ခုသတိပေးလိုက်မယ်၊ မင်းမှာ မြန်မာနိုဖိုးဘီးယားရှိနေရင် ငါတို့ငပလီကို မလာလေနဲ့၊ တကယ်လို့လာခဲ့ရင်လည်း ကျောက်တုံးကြီးအနား သွားမထိုင်မိစေနဲ့ ကြားရဲ့လား"

ရခိုင်အင်ဂျင်နီယာကြီးက ငပလီတွင် နာမည်ကြီးလှသော ထူးထူးခြားခြားကျောက်တုံးကြီးနှစ်လုံးရှိနေကြောင်း ပြောပြသည်။ ကျောက်တုံးကြီးတစ်တုံးက ရေထဲမှာ။ တစ်လုံးက ကုန်းပေါ်မှာ ရှေးဒဏ္ဍာရီပုံပြင်တစ်ခုအရ ရှေးအခါက ကျောက်တုံးကြီးနှစ်လုံးသည် မောင်နှမတော်စပ်သည်။ အတူတူဘေးချင်းယှဉ်နေခဲ့သည်။ တစ်နေ့တွင် နှမတော်ကျောက်တုံးသည် တိုင်းတစ်ပါးသားတစ်ဦးနှင့် ချစ်ခင်စုံမက်မိသည်။ တိုင်းတစ်ပါးသားက ပစ်ပယ်သွားသည်။ နှမတော်ကျောက်မှာ မျက်ရည်နှင့်မျက်ခွက် ကျန်ရစ်သည်။ နှမတော်ကျောက်၏ အဖြစ်တွေကို ကြားရသော် မောင်တော်ကျောက်သည် ရှက်လည်းရှက်သည်။ ဝမ်းလည်းနည်းသည်။ ဒေါသလည်း ထွက်မိသည်။ သို့နှင့် နံဘေးမှာထိုင်နေသော နှမတော်ကျောက်တုံးကြီးကို အောက်သို့ ကန်ချလိုက်သည်။

"အဲဒီအချိန်ကစပြီး အခုမြင်နေရတဲ့အတိုင်း ကျောက်တုံးကြီးနှစ်တုံးဟာ အပေါ်မှာတစ်တုံး ရေထဲမှာတစ်တုံး ဖြစ်သွားရတာပဲကွ၊ အေး . . . မင်းလည်း သတိထား၊ တိုင်းပြည်ကို အထင်သေးတဲ့စိတ်နဲ့

နိုင်ငံခြားကို ထွက်သွားတဲ့ ကောင်မလေးနောက်ကို လိုက်သွားဖို့ စိတ်ကူးနေဆဲဆိုရင်တော့. . . ”

မျိုးမင်းဇော်က မတ်တတ်ရပ်လိုက်ပြီး၊ ဦးလေးစံရွှေကျော် ဘာများဆက်ပြောမလဲဟု အသာနားစွင့်လိုက်သည်။

“အေး. . . တို့တိုင်းပြည်ကို ခြေစုံကန်သွားဖို့ စိတ်ကူးသေးရင်တော့ အဲဒီငပလီက မောင်တော်ကျောက်တုံးကြီးရှေ့မှာ သွားမထိုင်မိစေနဲ့၊ တိုင်းပြည်ကို ကျေးဇူးကန်းချင်တဲ့အကောင်၊ အမေကျော်ထွေးတော် လွမ်းချင်တဲ့အကောင်ဆိုပြီး၊ မင်းကို ကျောက်တုံးကြီးက နောက်ကနေ တစ်ခါတည်းကန်ချလိမ့်မယ်ဟေ့. . . ”

□ □ □

ကိုသာဦးတို့အိမ်မှအပြန်တွင် အိပ်ရာထဲ၌ ဟိုလူးဒီလူးနှင့် တော်တော်နှင့်အိပ်မပျော်။ မျိုးမင်းဇော် တော်တော်နှင့်အိပ်မပျော်နိုင်။ စိတ်ကူးများ ကစဉ့်ကလျားဖြစ်ပေါ်နေသည်။ အိပ်မက်လိုလို ဘာလိုလို။ တစ်ခါတစ်ရံ စင်သီယာနှင့်အတူ ဆန်ဖရန်စစ္စကိုဂိုးလ်ဒင်းဂိတ်တံတားကြီးပေါ်တွင် လက်တွဲလျှောက်နေရသည်ဟု ထင်မှတ်မိသည်။ တစ်ရွာလုံး အိပ်မောကျကုန်ပြီထင်၏။

ကျွတ်ကုန်းကြီးပေါ်တွင် တူးဖော်ရေးလုပ်ငန်းစတင်ရတော့မည်။ စောစောအိပ်၍ အားအင်စုဆောင်းနေကြလေရော့သလား မဆိုနိုင်။ တစ်ချက်တစ်ချက် ဇရပ်ခေါင်မိုးပေါ်မှ ဖြတ်သန်းအော်မြည်သွားသည့် ညှဉ်ငှက်ကလေးများ၏ အသံကိုတော့ ကြားနေရသည်။

"ဟော. . . ဂစ်တာတီးသံပါလား၊ ဘယ်သူများ ညကြီး သန်းခေါင် ထတီးနေတာပါလိမ့်"

အသေအချာနားစွင့်ထောင်မှ သူတို့အုပ်စုထဲမှ ဓာတ်ပုံဆရာ ဇော်ဟန်၏ သီချင်းဆိုသံကို သတိရသွားသည်။ မနီးမဝေးသစ်ပင် ကြီးအောက်က လာနေသည့်အသံ။ လွမ်းလွမ်းဆွေးဆွေး ဟစ်အော် သီဆိုနေသည့်အသံ။

သို့ . . ရိုစီ
စာရေးလိုက်ပါရဲ့
တိုင်းတစ်ပါးရပ်ခြားမှာ
မင်းဆွေးမနေနဲ့
တို့မြေဟာ တို့အိုး တို့အိမ်ပဲ
တို့ရဲ့မနှင်းဆီ . . သူစိမ်းနဲ့နေဦးမလား
ပြန်ခဲ့တော့ကွယ် . . စာရေးလို့မှာလိုက်တယ်
စိတ်ဆင်းရဲမခံနဲ့။
ရယ်ဖို့
ထားခဲ့ ပေါင်မုန့်တွေ
ထမင်း၊ ဟင်းပြန်လာစား
မြန်မာစကားပြောကာ
မြန်မာဖြစ် ချိတ်ထမီဝတ်ကာ
နိုင်ငံခြားကပြန်ခဲ့
တို့ရဲ့မနှင်းဆီ
လေဆိပ်က တို့စောင့်နေမယ်

အတီးတစ်ပိုဒ်၊ အဆိုတစ်ပိုဒ်။ တကယ်လည်း အတွဲအဖက် ညီပါပေ့။ အဆိုကလည်းကောင်း၊ ဂစ်တာတီးတာ ဘယ်သူပါလိမ့်။ ဪ. . . ညနေကမှ ရန်ကုန်ကထပ်လိုက်လာတဲ့ ဆံပင်ထိုးထိုး ထောင်ထောင်နဲ့ အသားဖြူဖြူ အရပ်ရှည်ရှည် ပန်းချီဆရာကလေး ကိုစိန်မောင်မြင့်။

အဆိုတော်က ကုန်းတန်းကြီးကျေးရွာ၏ အကာလညအခါ တွင် ရန်ကုန်ကိုလွမ်းနေသည်ထင်ပါရဲ့။ အခုသီချင်းထဲက စကား ပြောအပိုဒ်ကို သံနေထားဖြင့် ရွတ်နေသည်။

တို့မျှော်နေမယ်၊ ဟိုမှာ ငိုမနေပါနဲ့ကွာ၊

ရိုစီတကယ်ချစ်တဲ့ တို့ရဲ့တိုင်းပြည်ကိုပြန်လာခဲ့ပါလား၊

လေဆိပ်မှာ တို့လာကြိုနေမှာပါ၊

ပန်းနှင်းဆီကလေးတွေကို မြင်ရင် ရိုစီသိမှာပါ၊

မျိုးမင်းဇော် နားနှစ်ဖက်ကို ပိတ်လိုက်သည်။ စောင်ကိုခြုံလိုက် သည်။ ဘယ်ဘက်သို့ စောင်းအိပ်လိုက်သည်။ အပြင်က အဆိုကျော် ရေ. . . ရက်စက်လှပါပေ့။ အော်လို့ဆိုလို့ ကောင်းတယ်ထင်ပါရဲ့၊ သီချင်းအစပိုဒ်ကို ပြန်ကောက်နေပြန်သည်။

□ □ □

အို. . ဘာဖြစ်လို့များ တမ်းတနေရတာလဲ။ ပြန်ခေါ်နေကြ တာလဲ။ ဟိုမှာ ဟန်ကျပန်ကျဖြစ်နေတာပဲ။ ဘယ်သူက ပြန်လာ ချင်မှာလဲ။ ပြန်လာသင့်သူက ရိုစီလည်းမဟုတ်ပါ။ စင်သီယာလည်း

မဟုတ်ပါ။ အမြန်ဆုံး လိုက်သွားသင့်သူတစ်ယောက်တောင် ရှိသေးရဲ့။ မျိုးမင်းဇော်ဆိုတဲ့ မြန်မာကလေးတစ်ယောက်ပေါ့။

မျိုးမင်းဇော် အိပ်ပျော်သွားချင်သည်။ အိပ်ဆေးသောက်ရကောင်းလေမလား။ ရန်ကုန်က ဝယ်မလာမိတာမှားပြီ။ မြို့ကြီးပြကြီးနှင့် အလွန်ဝေးလှသည့် ပောသည်မြန်မာပြည်အလယ်ပိုင်းကရွာငယ်ဇနပုဒ်ကလေးမှာလည်း ဝယ်လို့ရနိုင်မည်မထင်။ မျိုးမင်းဇော် ညာဘက်သို့ စောင်းအိပ်ချင်သည်။ သီချင်းသံမကြားရအောင် အကြိမ်ကြိမ်ကြိုးစားသည်။ ခက်လှပါကလား။ နိုင်ငံခြားရောက်နေသည့် ရိုစီတာကို ပြန်ခေါ်နေသူတွေ မအိပ်ကြသေးဘူးလား။ မကြာမီ မျိုးမင်းဇော် အိပ်မက်ဝက်ဘာတစ်ခုထဲ လွင့်မျောသွားသည်။ သည်ကိုလိုက်မလာမီ စင်သီယာရေးလိုက်သည့် စာကလေးတစ်စောင်ကို အိပ်မက်ထဲတွင် အလွတ်ပြန်ရွတ်ကြည့်နေသည်။

ဆန်ဖရန်စစ္စကိုရေးလိုက်သည့်စာထဲတွင် သူတို့ ဂိုးဒင်းလ်ဂိတ်တံတားကြီးကို ရောက်သတဲ့၊ သစ်နီပင်ကြီးများကို သွားကြည့်ကြသတဲ့။ စာထဲတွင် ကာလီဖိုးနီးယားပြည်နယ်က မြို့ကြီးသုံးမြို့အကြောင်းလည်းပါသည်။ ပထမအကြီးဆုံးမြို့က လော့စ်အင်ဂျလိစ်တဲ့။ ဒုတိယက ဆန်ဒီယာဂို။ တတိယအကြီးဆုံးမြို့က ဆန်ဖရန်စစ္စကိုတဲ့ပါလား။ မာဖီးယားလူဆိုးကြီးတွေ လူသတ်သွားသည့် သတင်းကိုလည်း ဖတ်ရသည်။ စင်သီယာရေးလိုက်သည့် စထရီကား ခေါ် ဓာတ်ရထားကြီးတွေ စီးချင်လိုက်ပါဘိ။ ရုပ်ရှင်ရုံကြီးတွေ၊ ဇာတ်ပွဲရုံကြီးတွေ ဒစ္စကို ကပွဲရုံကြီးတွေကိုလည်း အမြန်ဆုံး သွားကြည့်ချင်လိုက်တာ။

စာတစ်နေရာတွင် သူတို့ဆီက တယ်လီဗေးရှင်းက နံနက်ကနေ နောက်တစ်နေ့နံနက်အထိ ဆက်တိုက်ပြတယ် ဆိုပါကလား။ စင်သီယာက ဟမ်းဘာဂါတို့ အက်ဘာဂါတို့ ချိစ်ဘာဂါတို့ စားချင်သလား၊ ပို့လိုက်မည်ဟု ဆိုရှာသည်။ မျိုးမင်းဇော်တစ်ကိုယ်တည်း ပြုံးလိုက်၏။ သူကိုယ်တိုင်ရောက်မှ သည်အစာတွေ စားကြည့်တော့မည်။ စာထဲတွင် နှုတ်ဆက်ပုံ၊ နှုတ်ဆက်နည်းခေတ်မီဖို့ လိုတယ်ဟု သတိပေးထားသည်။ အရင်ကလို "ဟဲလို"လို့ နှုတ်မဆက်ရဘူးတဲ့။ "ဟိုင်း"လို့ ပြောမှ ခေတ်မီသတဲ့။

ဖောက်စ်ထရော့၊ တန်ဂို၊ ဝေါလ်ဇ်၊ ရော့ခ်အင်ရိုး၊ ဖလက်ရှ်ဒန့်စ်၊ ဘရိတ်ဒန့်စ်၊ ဒါးတီးဒန်စင်၊ လန်ဘာဒါ တဲ့။ အကအမျိုးမျိုးသင်နေသည့်အကြောင်းလည်း ပါသည်။ ကိုမျိုး ဘရိတ်ဒန့်စ်ကတတ်ရဲ့လားဟုလည်း မေးထားသည်။

သူတို့ဆီမှာ သိပ်လွတ်လပ်တာတဲ့။ မိန်းကလေးများ အရွယ်ရောက်လျှင် တွဲချင်တဲ့သူနဲ့တွဲ၊ သွားချင်တဲ့သူနဲ့သွားနိုင်သတဲ့။ "ဘယ်ကိုသွားသွား၊ ယောကျ်ားလေးအဖော်တစ်ယောက်ပါတော့ တော်သေးတာပေါ့"ဟု တစ်နေရာတွင် ဖတ်ရသည်။

စင်သီယာနဲ့တွဲနေတာ ဘယ်သူလဲ၊ လူဖြူလား၊ လူမည်းလား။ ဟောလီဝုဒ်ဆိုင်းဘုတ်ကြီးရှေ့တွင် ဓာတ်ပုံရိုက်ထားသည့် ဓာတ်ပုံထဲကဟိုဆံပင်ရှည်ရှည်ငနဲပဲ ဖြစ်လိမ့်မည်။

□ □ □

မျိုးမင်းဇော် ရုတ်တရက်လန့်နိုးသွားသည်။ ကုန်းတန်းကြီး ကျေးရွာအိပ်မောကျသွားပြီ။ ဂစ်တာသမားလည်း အိပ်ပြီ၊ အဆို သမားလည်း အိပ်မောကျနေလောက်ပြီ။ ဟိုဘက်ခြင်ထောင်ထဲက ဆရာဦးရဲတင့်၏ဟောက်သံကြီးကို စည်းချက်မှန်မှန်ကြားနေရ သည်။ ခေါင်းရင်းတွင် ဖွင့်ထားသော တံခါးကို ထပိတ်လိုက်သည်။ အမှောင်ရိပ်ထဲမှ ကျတ်ကုန်းမည်းမည်းကြီးကို ကြယ်ရောင်အောက် တွင် အတိုင်းသားမြင်နေရသည်။ ဩော်. . . မနက်ဖြန် အလုပ် သွားလုပ်ရတော့မှာပါလား။ မျိုးမင်းဇော် အိပ်ရာထဲသို့ပြန်ဝင်သည်။ ခြင်ထောင်ကို ချလိုက်သည်။ မျက်စိကိုမှိတ်ထားလိုက်သည်။ အတွေးစကို ဖြတ်ကြည့်သည်၊ အိပ်ကြည့်သည်။ နောက်ထပ် တစ်နာရီကျော်ကျော်။

အိပ်ပျော်သွားတော့လည်း အိပ်မက်တွေမက်နေသည်။ မီးခိုးရောင် ဂျင်းဘောင်းဘီ၊ ဆွယ်တာအဖြူနှင့်ဦးထုပ်အဖြူကလေး ဆောင်းထားသည့် အမေရိကန်မလေးတစ်ယောက်နှင့် အဝါနု ရောင် ရင်ဖုံးအင်္ကျီ ရွှေချည်ထိုးချိတ်ထဘီလေး ဝတ်ထားသည့် မြန်မာမကလေးတစ်ယောက် သူ့လက်ကို တစ်ဖက်စီ ဝိုင်းဆွဲနေ ကြသည်။ မျိုးမင်းဇော်က အမေရိကန်မလေးဘက်သို့ ခြေကို ကန်ပြီး ကူရုန်းပေးလိုက်သည်။ ဟော. . . ပုဂံမြင်းလှည်းပေါ်က မြန်မာမကလေး ငိုနေရှာပါပကော။

□ □ □ □ □

# အခန်း (၉)

လူ့တိုးတက်လာမှုသမိုင်းကို ဆရာဦးရဲတင့်ပြောပြ၍ လှထွေးတို့လူငယ်များ ကြားလိုက်သိလိုက်ရသည်။ ခြေသလုံးအိမ်တိုင် ရှေးဦးလူသားသည် ကျောက်လွှာလက်နက်များဖြင့် ပထမဆုံး အသက်မွေးခဲ့ရသည်။ သားစိမ်းငါးစိမ်းများကိုသာ စားတတ်ခဲ့သည်။ စား၍ သိပ်မကောင်း။ တစ်နေ့တွင် မီးကို မတော်တဆ သွားတွေ့ရသည်။ ရှေးဦးလူသားအတွက် မီးကိုတွေ့ရှိခြင်းသည် ကြီးမားသော သဘာဝအဆင့်ဆင့်သို့ တွန်းပို့လိုက်ရာ ရောက်သွားသည်။ ချက်ပြုတ်စားတတ်သွားသည်။ ထို့နောက် သစ်သီးများမရှိသည့် ဆောင်းဥတုတွင်ဖြစ်စေ၊ အမဲကောင်မရသည့်အခါတွင်ဖြစ်စေ၊ စားသောက်နိုင်ရန် အစားအစာများကို စုဆောင်းသိမ်းဆည်းတတ်လာသည်။ မြေကြီးထဲတွင် မြှုပ်ထားသော သစ်စေ့များမှ အပင်များပေါက်လာတတ်ပုံကိုလည်း သိသွားသည်။ အစားအစာကိုလည်း ရှာဖွေသည့်အဆင့်၊ သိုလှောင်သိမ်းဆည်းသည့်အဆင့်၊ ထိုမှတစ်ဖန် အစားအစာ စိုက်ပျိုးတတ်သောအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ မြေကြီးတွင် အစေ့စိုက်သောအခါ အပင်ပေါက်လာကြောင်း နားလည်

လာချိန်တွင် ရှေးဦးလူသားသည် တစ်နေရာတည်း၌ အေးမငြိမ်းချ နေထိုင်ရန် စဉ်းစားလာသည်။ လူသည် တဲအိမ်ကလေးများ စုဖွဲ့ နေထိုင်လာသည်။ နို့ထွက်သော တိရစ္ဆာန်များကို ယဉ်ပါးအောင် မွေးမြူခဲ့ပြန်သည်။ တဲအစုအဖွဲ့ကလေးများသည် ရွာများ ဖြစ်လာသည်။ ရေမြောင်းများတူးကာ မြေနေရာများသို့ ရေရောက်လာအောင်သယ်ယူတတ်လာသည်။ တူရွင်းငန်းပြားသည် ရှေးဦးလူတို့ ပထမဆုံး တီထွင်လိုက်သော လယ်ယာအသုံးအဆောင် ဖြစ်သည်။ ငန်းပြားအကူအညီဖြင့် သစ်စေ့စိုက်ပျိုးရန် ဆည်မြောင်းနက်နက် တူးရသည်။ လယ်မြေကျယ်ဝန်းသည့်အခါ အလွန်ပင်ပန်းသည်။ ထို့ကြောင့် လယ်ထွန်ရန် ထယ်ကို တီထွင်လိုက်သည်။ အဝတ်အထည်ရက်လုပ်ရန် သိုးများမွေးသည်။ အစားအစာနှင့် နို့ထွက်ဖြစ်စေ၊ လယ်ယာလုပ်ငန်းကူလုပ်ပေးရန်ဖြစ်စေ နွားများ၊ မြည်းများ၊ မြင်းများ မွေးကြသည်။ ဤနည်းဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံလျက် ကုန်စည်ရောင်းဝယ်ဖောက်ကားခြင်း၊ ကုန်သွယ်ခြင်း အတတ်ပညာပေါ်လာသည်။ ကုန်စည်များကို ချိန်တွယ်ရန် ပစ္စည်းများ တီထွင်တတ်လာသည်။ တဲများမှ အိမ်၊ အိမ်မှ နန်းတော်များ အဖြစ် ပြောင်းလဲတည်ဆောက်လာခဲ့ကြသည်။ မိမိတို့၏ ပိုင်ဆိုင်မှုများကို အသက်ပေးကာကွယ်နိုင်ရန်အတွက် ခံတပ်များ ပတ်လည်တွင် ရေမြောင်းများ၊ ကျုံးများ တူးကြသည်။ ရှေးဦးလူသားတို့ အနက် ချမ်းသာဆုံးနှင့် အားအကြီးဆုံးသူသည် ခေါင်းဆောင် (ဘုရင်) ဖြစ်လာသည်။ ဘုရင်သည် မိမိနေထိုင်ရာဒေသ ကြီးကျယ်စည်ကားလာအောင် ကြိုးပမ်းရင်း တိုင်းပြည် (နိုင်ငံ) ပေါ်လာသည်။

ထိုညကပင် မျိုးမင်းဇော်ထံမှ မြန်မာအနွယ်တို့ ယဉ်ကျေးမှု နယ်ပယ်အဆင့်ဆင့်ကို မည်သို့ ဖြတ်သန်းတိုးတက်လာခဲ့ကြောင်း ကြားလိုက်ရသည်။ မူလက မြန်မာတို့သည် ခရစ်မပေါ်မီ နှစ်ပေါင်း ၃၀၀၀ ခန့်က ဂိုဘီသဲကန္တာရနှင့် တိဘက်ပြည်အကြား တရုတ်ပြည် အနောက်မြောက်ပိုင်း ကန်စုဒေသတွင် နေထိုင်ခဲ့သည်။ ခရစ်ပေါ် ပြီး နှစ်ပေါင်း ၅၀၀ ခန့်တွင် မြန်မာများအဖြစ် ကျောက်ဆည်လွင် ပြင်ဒေသသို့ ဆင်းလာကြသည်။ မြန်မာအနွယ်တို့သည် ကျောက်ဆည် လွင်ပြင်ဒေသသို့ ဆင်းမလာမီ ဧရာဝတီနှင့်သံလွင်အကြား ယူနန် ဒေသ၌ ကာလအတန်ကြာ နေခဲ့ကြသေးသည်။ ရှေးဟောင်း သုတေသီတို့ အဆိုအရ မြန်မာအနွယ်တို့သည် ထိုစဉ်က နန်ချို တို့၏လက်အောက်တွင် ကျရောက်နေခဲ့ရသည်။ နန်ချိုတို့က စစ်တိုက်နည်းပညာ သင်ပေးလိုက်သည်။ ကောက်ပဲသီးနှံ စိုက်ပျိုး ခြင်း အတတ်ပညာလည်း တတ်မြောက်ခွင့် ရခဲ့သည်။ မြန်မာတို့ သည် လွတ်လပ်မှုကို မြတ်နိုးကြသူများဖြစ်သည်။ ပညာလည်း အဖုံဖုံ တတ်မြောက်ခွင့်ရခဲ့သည်။ မြန်မာများသည် လွတ်လပ်ခြင်းကို ချစ် မြတ်နိုးကြသူများဖြစ်သည်။ နန်ချိုတို့လက်အောက်မှ ရုန်းထွက် ပြီး ကျောက်ဆည်ဒေသသို့ ဆင်းသက်အခြေစိုက်ကြသည်။ ကျောက် ဆည်ဒေသကို အခြေပြုလျက် ယဉ်ကျေးမှုခေတ်ကို တည်ထောင် လာကြသည်။ ပုဂံယဉ်ကျေးမှုသည် မြစ်သာတစ်ဆယ့်တစ်ခရိုင် အပေါ် အခြေပြုထွန်းကားလာခဲ့သည်။ ပုဂံဒေသ၌ စေတီပုထိုး ပေါင်း လေးသန်းကျော် တည်နိုင်ခဲ့ခြင်းသည် ပုဂံခေတ် ဆန်ရေ စပါးဂေါက်ကြွယ်ဝမှု အထောက်အထားဖြစ်သည်။

မျိုးမင်းဇော်က -

"ငါတို့မြန်မာတွေ သိပ်ပြီးခံတွင်းတွေ့နေတဲ့ ငါးပိကို ပုဂံသားတွေလည်း စားခဲ့တယ်ဆိုတာ ကျောက်စာတွေမှာ တွေ့ရတယ်ကွ" ဟု ပြောလိုက်သည်။ လှထွေးတို့လူငယ်တစ်သိုက် ပိုပြီး စိတ်ဝင်စားသွားသည်။

ကုန်းတန်းကြီးပေါ်တွင် တူးဖော်မှုပြုရန် ရက်ပိုင်းမျှအလို သာဦးတို့အိမ် ညဘက်စကားဝိုင်းတွင် လှထွေး အမေးအမြန်းအထူဆုံးဖြစ်သည်။ 'လူငယ်ဆိုတာ အရာရာကို ကြည့်တတ်မြင်တတ်မေးတတ်ရမယ်' ဟု မျိုးမင်းဇော်က လှထွေးကို အားပေးသည်။ တကောင်းတွင် ပျူတို့၏အရိုးအိုးများတွေ့ရပုံ၊ တကောင်းမင်းဆက်သည် သရေခေတ္တရာမင်းဆက်နည်းတူ ပျူမင်းဆက်ပင် ဖြစ်တန်ရာသည်ဟု ဆရာကြီးဦးဖိုးလတ်က ထင်မြင်ချက်ပေးဖူးကြောင်း မျိုးမင်းဇော်က စကားဆက်သည်။

"ဗိဿနိုးပျူခေတ်အကြောင်း သိချင်ရင် ဗိဿနိုးမြို့ကို ပထမဆုံးလေ့လာရမယ်ကွ။ ဗိဿနိုးဟာ သရေခေတ္တရာတို့ ဟန်လင်းတို့ထက်ပိုပြီး ရှေးကျတယ်လို့ဆိုတယ်။ ဗိဿနိုးကို ခရစ်သက္ကရာဇ် ၁ ရာစုလောက် စတင်ခဲ့တယ်လို့ မှတ်တမ်းတွေမှာတွေ့ရတယ်၊ ဗိဿနိုးကို ဗိဿဏိုး၊ ပိဿနိုးမြို့၊ ပန်ထွာမြို့လို့လည်း ရှေးတတ်ကြတယ်။ အဲဒီခေတ် အခြေခံစီးပွားရေးကတော့ လယ်ယာလုပ်ငန်းကိုအမှီပြုတဲ့ စီးပွားရေးပဲကွ။ ပျူတွေဟာ အိန္ဒိယတို့ တရုတ်တို့နဲ့ ကုန်သွယ်ခဲ့ကြတဲ့ အထောက်အထားတွေလည်း ရတယ်ကွ။ အိန္ဒိယ

နိုင်ငံကကုန်သည်တွေ၊ စွန့်စားသွားလာသူတွေ၊ ဘာသာရေးသမား တွေ အရောက်အပေါက်များလို့ ဗိသနိုးမြို့ရဲ့ယဉ်ကျေးမှုမှာ အိန္ဒိယ တောင်ပိုင်းယဉ်ကျေးမှုနဲ့ ဆက်စပ်နေတယ်ကွ” ဟု ကုန်းတန်းကြီး ရွာသား လူငယ်တစ်သိုက်နှင့် ပျူခေတ်များကို မိတ်ဆက်ပေးလိုက် သည်။

“သရေခေတ္တရာပျူခေတ်ကို လေ့လာတဲ့အခါမှာလည်း ဗိသနိုး လိုပဲ၊ လယ်ယာလုပ်ငန်းကိုအမှီပြုတဲ့ စီးပွားရေးစနစ်ရှိခဲ့တယ်ဆိုတာ တွေ့ရတယ်ကွ။ သရေခေတ္တရာဟာလည်း ဗိသနိုးလိုပဲ အိန္ဒိယ၊ တရုတ်ကုန်သွယ်ရေးလမ်းကြောင်းထဲ ကျရောက်ပါဝင်ခဲ့တယ်ကွ။ သရေခေတ္တရာမှာ ဗိသနိုးနဲ့ ဟန်လင်းလို ဒင်္ဂါးတွေ ပြုလုပ်သုံးစွဲ ခဲ့တဲ့ အထောက်အထားတွေ အများကြီး တူးဖော်တွေ့ရှိခဲ့တယ်ကွ။ ဟန်လင်းဆိုတာလည်း ပျူမြို့ပြနိုင်ငံတစ်ခုပါပဲ။ အဆောက်အအုံ ပညာ၊ ဒင်္ဂါးသွန်းလုပ်မှု၊ အိုးခွက်လုပ်ငန်းတွေချင်း အသွင်တူမှုအရ ဟန်လင်းဟာ သရေခေတ္တရာနဲ့ ဗိသနိုးထက် ပိုပြီးနီးစပ်တယ်လို့ ဆိုနိုင်တယ်ကွ”

မျိုးမင်းဇော်၏စကားအဆုံးတွင် တစ်ချိန်လုံးငြိမ်၍နားထောင် နေခဲ့သော သာဦးက -

“အခု ပျူတွေ ဘယ်ရောက်သွားသလဲခင်ဗျ။ အဲဒါလေးလည်း ပြောပြစမ်းပါဦး”

“ဗိသနိုး၊ သရေခေတ္တရာ၊ ဟန်လင်း စတဲ့ ပျူမြို့ပြနိုင်ငံတွေ ဟာ ခရစ်နှစ် ၁ ရာစုပတ်ဝန်းကျင်ကာလတွေမှာ ပေါ်လာခဲ့ကြတာ

ပါ။ ပုဂံဆိုတဲ့ ဝေါဟာရနဲ့ပဲ ရှင်းပြပါ့မယ်။ ပုဂံဆိုတဲ့စကားဟာ ပျူတို့နေသောရွာ၊ နေရာ၊ အရပ်လို့ အဓိပ္ပာယ်ရတဲ့ ပျူဂါမက ဆင်းသက်လာတာပါ။ ပျူဂါမက ပုဂါမ်၊ ပုဂါမ်က ပုဂံဆိုပြီး ဖြစ်လာတာလို့ဆိုပါတယ်။ ပုဂံကို သမုတိရာဇ်မင်း အုပ်စိုးချိန်ကစပြီး အနော်ရထာစတင်အုပ်စိုးတဲ့ နှစ်ပေါင်းကိုးရာကျော်အတွင်းမှာ ပျူနဲ့မြန်မာတွေရောစပ်သွားပါတယ်။ ပျူလည်း မြန်မာ၊ မြန်မာလည်း ပျူလို့ဆိုနိုင်လောက်တဲ့အခြေအနေကို ရောက်သွားပါပြီ။ ဒီတော့ ပျူဆိုတာကျွန်တော်တို့ မြန်မာတွေပဲပေါ့"

လှထွေးက မျိုးမင်းဇော်ပြောသမျှ စာအုပ်ထဲတွင် လိုက်မှတ်နေရင်းမှ -

"တစ်ခုလောက် နောက်ဆုံးမေးပါရစေ။ ကျွန်တော်တို့ရွာနားမှာရှိတဲ့ ကုန်းတန်းကြီးကို တစ်ချိန်က ပျူတွေ တည်ထောင်နေထိုင်သွားခဲ့တဲ့နေရာကြီးလို့ ဘာကြောင့် အစ်ကိုတို့ ပြောနိုင်ရတာလဲ"

မျိုးမင်းဇော်က တစ်ချက်ပြုံးလိုက်၏။

"ဒီရွာက ရရှိတဲ့အုတ်ချပ်ကြီးတွေ၊ အိုးကြီးတွေ၊ ပုတီးစေ့တွေကလည်း ပျူတွေနေခဲ့တဲ့နေရာလို့ ခိုင်ခိုင်မာမာကြီး သက်သေခံနေတယ်ကွ။ နောက်ပြီး ဒီကုန်းကြီးပတ်ပတ်လည်ကို လေယာဉ်ပေါ်က ကောင်းကင်ဓာတ်ပုံရိုက်ကြည့်တဲ့အခါ ဘယ်လိုပုံစံကြီးပေါ်လာသလဲ၊ သိကြရဲ့လား"

ကုန်းတန်းကြီးကျေးရွာသား လူငယ်များက မျိုးမင်းဇော်၏အဖြေကို စိတ်ဝင်တစား နားစွင့်လိုက်ကြသည်။

"အဝိုင်းပုံကြီးကွ၊ အဝိုင်းကြီး။ မြို့ရိုးပုံစံအဝိုင်းကြီးဆိုတာ ပျူမြို့ဟောင်းတွေရဲ့ လက္ခဏာပဲကွ"

□ □ □ □ □

## အခန်း (၁၀)

သည်နေ့ ဆရာဦးရဲတင့်တစ်ယောက် အလုပ်သမားစာရင်း ရေးမှတ်ပြီးပြီမို့ ဆေးလိပ်ကြီးတစ်လိပ်နှင့် အိပ်ရာခြေရင်းတွင် ထိုင်လျက် ဇိမ်ယူနေသည်။

"ဆရာဦးရဲတင့်၊ ဆရာဦးရဲတင့်"

အသံနှင့်အတူ ဇရပ်ပေါ်သို့ ဘကြီးမြိုင် ခပ်သုတ်သုတ်တက် လာသည်။ သူတို့နှစ်ဦး ခေါင်းချင်းရိုက်တိုင်ပင်နေကြသည်။ မိမိ အိပ်ရာထဲမှနေ၍ မျိုးမင်းဇော် မြင်နေရသည်။ ကြားနေရသည်။

ဦးရဲတင့်က ထုံးစံအတိုင်း သွှန်ဖူးပြောင်ပြောင်ကြီးကို လက်ဝါး ဖြင့်ရိုက်လိုက်ရင်း -

"ဟော. . . သေတာပဲ"

ထို့နောက် မျိုးမင်းဇော် လဲလျောင်းနေရာအနီးသို့ ခပ်သုတ် သုတ်လျှောက်လာသည်။ ဆိုင်းမဆင့်ဗုံမဆင့် စကားတစ်လုံးကို လည်း ရေရွတ်လိုက်သည်။

"ထစမ်း၊ ထစမ်း၊ တို့တော့ သေတာပဲ မျိုးမင်းဇော်ရေ"

မျိုးမင်းဇော်က ဟျာဟျာသလဲ ထထိုင်လိုက်သည်။ ဘကြီးမြိုင်ကို အကျိုးအကြောင်းမေးရသည်။

ဘကြီးမြိုင်ပြောပြမှ မျိုးမင်းဇော်ပါ ကိုယ့်နဖူးကိုယ် ရိုက်မိမလို ထိတ်လန့်သွားမိသည်။

ရွာထဲတွင် ကောလာဟလသတင်းတစ်ပုဒ် ပျံ့လွင့်နေသည်။ တရားခံမှာ မြို့ကလေးတွင် နတ်ဝင်သည့်အလုပ်ဖြင့် အသက်မွေးနေသူ ကုန်းတန်းကြီးရွာအနီး ရွာထဲက ဒေါ်ကျည်းတန်ကြီးဖြစ်သည်။ သတင်းရောက်လာသည့်နေ့ ညနေပိုင်းမှစ၍ တစ်ရွာလုံး အုန်းအုန်းကျွတ်ကျွတ်ဖြစ်ကုန်သည်။ လူအတော်များများ ထိတ်လန့်သွားကြသည်။

"ဒီအဘွားကြီး အိပ်မက်မက်ရင် ကြောက်ရတယ်နော်၊ သတိသာထားနေပေတော့"

ရွာသားအချင်းချင်းတွေ့လျှင် ဤသို့ဤနှယ် သတိပေးနေကြသည်။

ဒေါ်ကျည်းတန်အိပ်မက်ထဲတွင် လမင်းကြီးထိန်ထိန်သာနေသည်။ ကုန်းတန်းကြီးကျေးရွာတစ်ရွာလုံး အိပ်မောကျလျက်ရှိသည်။ ရုတ်တရက် တိမ်မည်းကြီးတစ်လုံးက လဝန်းကြီးကို ဖုံးအုပ်လိုက်သည်။ တစ်ရွာလုံးမှာ နက်ရှိုင်းသောအမှောင်ထုကြီးအတွင်းသို့ ကျရောက်သွားခဲ့သည်။ အမှောင်ထုကြီးကို အကာအကွယ်ပြုလျက် ကျတ်ကုန်းကြီးပေါ်မှ ဘီလူးကြီးတစ်ကောင် ရွာထဲဝင်လာသည်။ ဘုန်းကြီးကျောင်းဇရပ်ထဲတွင် အိပ်စက်နေသည့် ရန်ကုန်မှ ဧည့်သည်များကို ပါးစပ်ပြဲကြီးဖြင့် ကိုက်စားပစ်သည်။ ဧည့်သည်များကို လက်ခံထားသော ဘကြီးမြိုင်ကိုလည်း အရိုးအသားပင်

ရှာမတွေ့အောင် ဝါးမြှုပစ်လိုက်သည်။ ကျုတ်ကုန်းကြီးပေါ်သို့ ညှော်သည်များကိုခေါ်လာလျှင် ရှာကို မီးလောင်တိုက်သွင်းပစ်မည်ဟု ကြိမ်းမောင်းသွားသေးသည်။

အတွေးအယူမှန်ကန်သူများအတွက် သည်အိပ်မက်သည် ရယ်မောဖွယ်အချက်တစ်ရပ်သာပင်။ သို့ပေမယ့် ကြားသမျှကို ယုံတတ်နေဆဲ ကုန်းတန်းကြီးကျေးရွာသား တော်တော်များများအတွက်မူ အလွန်ထိတ်လန့်အံ့သြဖွယ် အန္တရာယ်ကြီးတစ်ရပ် ဖြစ်သွားသည်။

ဒေါ်ကျည်းတန်၏အိပ်မက်ကို တစ်ဆင့်ကြားပြီးကတည်းက အပြင်သို့ လုံးဝမထွက်ဝံ့သူများပင် ပေါ်လာသည်။ ဒေါ်ကျည်းတန်၏အိမ်သို့ ကိုယ်တိုင်သွားရောက်မေးမြန်းခဲ့သူများတွင် လှထွေးကြီးတော်ကြီးလည်း ပါသည်။ အိမ်ပြန်ရောက်လာသောအခါ အဒေါ်ကြီးက လှထွေးနာမည်ကို အသံကုန်ပ စ်လျက် အိမ်ပေါ် ပြေးတက်လာသည်။

"လှထွေး၊ လှထွေး၊ နင်တော့ သေတော့မှာပဲ"

အိပ်ရာထဲတွင် ညကအိပ်ရေးပျက်၍ အိ်မောကျနေသော လှထွေးဆံပင်ကို ဆွဲ၍ထိုင်ခိုင်းလိုက်သည်။

"လှထွေး၊ နင်တော့ ဒုက္ခလှလှကြီးရောက်တော့မယ်၊ သိရဲ့လား"

လှထွေး နားမလည်နိုင်အောင်ဖြစ်သွားသည်။ သူ အင်းမလှုပ်၊ အဲမလှုပ်ဖြစ်နေပုံကိုကြည့်၍ ဒေါ်ကြီး ဒေါပွလာသည်။

"နေစမ်းပါဦး ဒေါ်ကြီးရဲ့၊ ဘာဖြစ်လို့လဲဗျ"

"ဘာဖြစ်လို့လဲဗျ လုပ်မနေနဲ့၊ နင် သေတော့မယ်၊ နင်နဲ့ပေါင်းနေတဲ့ ဟိုကောင်တွေ. . .အဲ. , .အဲ၊ နင့်ဆရာတွေအားလုံး သေကုန်တော့မယ်တဲ့"

လှထွေးက စိတ်တိုသွားဟန်ဖြင့် ခပ်ဆတ်ဆတ်ပြန်မေးလိုက်သည်။

"ဒေါ်ကြီးကလည်းဗျာ၊ မဦးမချွတ် ဘာတွေလာပြောနေတာလဲ"

"နင် ဒေါ်ကျည်းတန်ကြီး အိပ်မက်မက်တာ မသိသေးဘူးထင်တယ်။ အဲဒီကျွတ်ကုန်းကြီးပေါ် နင်လိုက်မသွားနဲ့နော်။ ငမေးလည်း သနားပါတယ်။ သူလည်း လိုက်မသွားစေနဲ့။ လိုက်သွားရင် နင်တို့ကို ဘီလူးကြီးစားတော့မယ်ဟဲ့"

လှထွေးက ဒေါ်ကြီး၏စကားအဆုံးတွင် ကြောက်ရွံ့သွားဟန်ဖြင့် ပခုံးများကို တွန့်ပြလိုက်သည်။ ဒေါ်ကြီးက လှထွေး တကယ်ကြောက်သွားပြီဟု ထင်သွားသည်။

"ဘယ်လိုလဲ၊ နင်. . . ကြောက်သွားပြီမဟုတ်လား။ အဲဒီအိပ်မက်အဓိပ္ပာယ်ကို ဘိတိကျကျသိရရင်၊ နင် ပိုပြီးတော့တောင် ကြောက်သွားဦးမယ်။ အိပ်မက်ရဲ့အဓိပ္ပာယ်က ဒီလိုဟဲ့၊ လမင်းကြီးသာနေတာက ငါတို့ရွာဟာ တစ်ချိန်တုန်းက အလွန်အေးအေးချမ်းချမ်းရှိတဲ့သဘော. . . တဲ့။ တိမ်မည်းကြီးဖုံးသွားတာက မကြာခင် တို့ရွာမှာ ကံဆိုးမိုးမှောင်ကြီးတစ်ခု ကျတော့မယ်. . တဲ့။ ဘီလူးကြီးဆိုတာက နင်တို့သွားတူးမယ့် ကျတ်ကုန်းကြီးကို

အုပ်ချုပ်နေတဲ့ ဘုရင်ကြီးလေ။ သူနေတဲ့အရပ်ကို လာပြီးနှောင့်ယှက်လို့တဲ့။ ဟိုဧည့်သည်တွေထဲက အသားဖြူဖြူ အသက်ခပ်ကြီးကြီးကို စားပစ်တော့မယ်. . . တဲ့"

လှထွေးက ပြောင်စပ်စပ်မျက်နှာဖြင့် ငေးကြည့်လိုက်သည်။

"အဲဒီဆရာကြီးကို စားပြီးရင်. . . ကျန်တဲ့ဆရာလေးတွေကို စားပစ်တော့မယ်. . . တဲ့"

"ဟာ. . . ဆရာမျိုးမင်းဇော်တို့ ကိုဇော်ဟန်တို့ကို စားပစ်တော့မှာပေါ့နော်။ မဖြစ်ဘူး၊ မဖြစ်ဘူး။ သူတို့ကို အခုပဲသွားပြီးတော့ သတိပေးလိုက်ဦးမယ်"

ပြောပြောဆိုဆို လှထွေးက ဘကြီးမြိုင်အိမ်သို့ ပထမဆုံး ပြေးပြီးသတင်းပို့သည်။ ထိုအချိန်ကပင် ဘကြီးမြိုင် အတော် စိတ်ရှုပ်လျက်ရှိနေသည်။

"ဒါ့ကြောင့် ငါ့ရွာသားတွေ ပထမတော့ တူးဖော်ရေးဝင်လုပ်ချင်တယ်လို့ စာရင်းပေးပြီးကာမှ ဟိုရွာကိုထွက်သွား၊ ဒီရွာကို ထွက်သွား လုပ်နေကြတာကိုး"

သည်လိုနှင့် ဘကြီးမြိုင် ဆရာဦးရဲတင့်ရှိရာသို့ ထပ်ဆင့် သတင်းလာပို့ခြင်းဖြစ်သည်။

"ဆရာဦးရဲတင့်ရေ. . . ကျွန်တော်တို့အလုပ်သမားတွေ တစ်ယောက်မှမရှိတော့ဘူးခင်ဗျ"

"ဘာ့ကြောင့် မရှိရမှာလဲ ဘကြီးမြိုင်ရဲ့၊ ဟောဒီမှာ စာရင်းကို ကြည့်လေ"

ဘကြီးမြိုင်က ခေါင်းကိုခါယမ်းပြလိုက်ရင်း -

"သိန်းလွင်၊ မောင်စောနဲ့ ညဏ်တင်တို့က ဒီပြင့်ရွာမှာ တာဖို့တာသွားလုပ်မလို့တဲ့၊ နှုတ်ထွက်သွားတယ်။ မောင်ညွှန့်၊ မြင့်ဝေ၊ တင်ထွန်းနဲ့ ကျော်မြင့်တို့ကတော့ သိပ်နေမကောင်းလို့ အလုပ်မဆင်းပါရစေနဲ့တဲ့။ ရွှေညာနဲ့တင်မြင့်တို့ကတော့ ခရီးထွက်စရာရှိတယ်တဲ့။ ကျန်တဲ့ရွာသားတွေလဲ အကြောင်းတွေအမျိုးမျိုးပြပြီး ကျွန်တော်တို့တူးဖော်ရေးလုပ်ငန်းကို ရှောင်သွားကြပြီလေ"

ဆရာဦးရဲတင့်က နဖူးကြောကြီးများတင်းနေအောင် စဉ်းစားလျက်ရှိသည်။ ဆေးလိပ်ကြီးကိုလည်း သုံးလေးကြိမ် ခပ်ပြင်းပြင်း ဖွာရှိုက်လိုက်သည်။ သူ့နဖူးပြောင်ပြောင်ကြီးကိုလည်း လေးငါးကြိမ် ထက်မနည်း လက်ဝါးဖြင့်ပွတ်သည်။ ချွေးသုတ်သည်။ ပြီးမှ ဘာမျှမသိသောမျက်နှာဖြင့် သူတို့ကို ကြောင်စီစီရပ်ကြည့်နေသော မျိုးမင်းဇော်ဘက်လှည့်ပြီး -

"ကဲ. . . မျိုးမင်းဇော်ရေ၊ ငါတို့ ဘာလုပ်ရင်ကောင်းမလဲ၊ ပြောစမ်းပါဦးကွာ"

မျိုးမင်းဇော်က လုပ်ငန်းခွင်နှင့်ပတ်သက်၍ သူ့ကိုယ်ရေးကိုယ်တာကိစ္စများကို ခေတ္တမျှမေ့ပစ်လိုက်သည်။ ဦးရဲတင့်လက်မောင်းကို လက်တစ်ဘက်ဖြင့် ညှစ်လိုက်ရင်း -

"ဆရာရဲ. . . သူ့ရဲ့ တစ္ဆေဆိုတာ ယုံသလား"

"မယုံပါဘူးကွာ"

"တာဝန်ထမ်းဆောင်ရင်း သေရမှာကော ကြောက်သလား"

"မကြောက်ပါဘူးကွာ"

မျိုးမင်းဇော်၏မျက်နှာ ဝင်းလက်သွားသည်။ လက်ဖျစ်တစ်ချက် တီးလိုက်သည်။

"ကိုင်း. . . ကောင်းပြီ၊ စိန်လိုက်။ ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ ဆက်လုပ်မယ်။ ကျွန်တော်တို့ဆိုတာ ဆရာရယ်၊ ကျွန်တော်ရယ်၊ ဇော်ဟာန်ရယ်၊ စိန်မောင်မြင့်ရယ်၊ ကျော်ကျော်ဆွေရယ်၊ နောက်ပြီး ဘကြီးမြိုင်၊ နောက်ပြီး ကိုငမှေးရယ်၊ လှထွေးရယ်"

ထိုအခိုက်မှာပင် လှထွေးနှင့်ငမှေးတို့ ဇရပ်ပေါ်သို့ အပြေးအလွှားတက်လာကြသည်။

"ဟာ. . . လာကွာ၊ အတော်ပဲ၊ လာကြ"

မျိုးမင်းဇော်က လှထွေးတို့နှစ်ယောက်ကို လက်တို့ပြီးခေါ်သွားသည်။ ဇရပ်ထောင့်တစ်နေရာတွင် သွားထိုင်ကြသည်။ အတန်ကြာအောင် စကားတွေပြောဖြစ်သည်။ မျိုးမင်းဇော်က မိမိဘဝတစ်လျှောက် လှုပ်ရှားရုန်းကန်ခဲ့ရပုံများကို ပြောပြသည်။ မြို့မှာပင်နေနေ၊ တောမှာပင်နေနေ ခေတ်မီတိုးတက် ငြိမ်းချမ်းသောနိုင်ငံတည်ဆောက်မည့် ယနေ့လူငယ်များတွင် လိုအပ်သောအရည်အသွေးကောင်းများကို စိတ်ရှည်လက်ရှည်ပြောပြနေသည်။

"ဘဝမှာ လူတော်လူကောင်းကြီးတွေအဖြစ် တရွေ့ရွေ့တက်လှမ်းရောက်ရှိသွားချင်တဲ့ ဒီနေ့လူငယ်တွေမှာ မရှိမဖြစ်တဲ့ အရည်အချင်းကောင်း အချက်ပေါင်း (၂၀) ရှိတယ်ကွ"

"၁။ စည်းကမ်း သေသပ်မှုရှိရမယ်၊ ၂။ လူကြီးစကား နားထောင်တတ်ရမယ်၊ ၃။ မျိုးချစ်စိတ် ထက်သန်ရမယ်၊ ၄။ အရာရာအပေါ် သစ္စာစောင့်ထိန်းတတ်ရမယ်၊ ၅။ တစ်ကိုယ်ကောင်း စိတ် ဖယ်ရှားရမယ်၊ ၆။ အများအကျိုး ဆောင်ရွက်ပေးချင်စိတ် မွေးထားရမယ်၊ ၇။ ကိုယ့်ဒူးကိုယ်ချွန် လုပ်တတ်ရမယ်၊ ၈။ အမျိုးဂုဏ်၊ ဇာတိဂုဏ် စောင့်ထိန်းတတ်ရမယ်၊ ၉။ ဝိုင်းဝန်းကူညီ ရိုင်းပင်းတတ်ရမယ်၊ ၁၀။ ကိုယ်စိတ်နှစ်ပါး သန့်ရှင်းစင်ကြယ်နေ ရမယ်၊ ၁၁။ ပေးအပ်တဲ့ဝတ္တရားမှန်သမျှ ကျေပွန်ရမယ်၊ ၁၂။ တာဝန် သိတတ်ရမယ်၊ ၁၃။ ပညာဗဟုသုတ ရှာမှီးရမယ်၊ ၁၄။ ကောင်းကျိုး အတွက်ဆိုရင် အများနှင့်တိုင်ပင်ဆွေးနွေးတတ်ရမယ်၊ ၁၅။ မမှန် ရင်မလုပ်၊ မဟုတ်ရင် ခေါင်းငုံ့မခံတတ်သူဖြစ်ရမယ်၊ ၁၆။ မကောင်းမှုလုပ်ရပ်မှန်သမျှ ရှောင်တတ်ရမယ်၊ ၁၇။ ရိုသေသင့်သူ ကို ရိုသေတတ်ရမယ်၊ ၁၈။ စာနာစိတ်နဲ့ ပေးကမ်းစွန့်ကြဲတတ်ရ မယ်၊ ၁၉။ မာန်မာန နှိမ့်ချတတ်ရမယ်၊ ၂၀။ အသက်အရွယ် အလိုက် သီလ၊ အကျင့် တစ်ခုနဲ့ပြည့်စုံရမယ်"

သွားလေရာရာသို့ ရေးစရာစာအုပ်ကလေးတစ်အုပ် ယူသွား တတ်သူ လှထွေးက မျိုးမင်းဇော်က လူတော်လူကောင်း လူငယ် အရည်အသွေး ၂၀ ကို စာအုပ်ထဲတွင် လိုက်မှတ်နေသည်။

ထိုစဉ် ဆရာဦးရဲတင့်နှင့် ဘကြီးမြိုင်တို့ အနီးသို့ရောက်လာ သည်။

"ဟိတ်. . . မင်းတို့နှစ်ယောက် သုတ်သီးသုတ်ပျာနဲ့ ဘာပြော မလို့လဲ"

လှထွေးက ရောက်ရောက်ချင်းပြောရမည့် ဝမ်းသာစရာစကား ကို ယခုမှသတိတရ ပြောလိုက်မိတော့သည်။

"ဘကြီးမြိုင်တို့၊ ဆရာရဲတို့ ဘာမှမပူနဲ့တော့ဗျ၊ ကျွန်တော်တို့ နှစ်ယောက် မနက်ဖြန် အလုပ်လုပ်ဖို့ လူလိုက်စုတာ လူငယ်တွေ အများကြီးရခဲ့ပြီခင်ဗျ"

ဦးရဲတင့်က သူ့အမူအကျင့်အတိုင်း နဖူးပြောင်ကြီးကို လက်ဖြင့် ဖျတ်ခနဲနေအောင် ရိုက်လိုက်ရင်း -

"ဟာ. . . သေတာပဲ၊ ဒီလောက်ကြီးမားတဲ့ လုပ်ငန်းကြီးကို ကလေးတွေနဲ့ပဲ စရတော့မယ်ဆိုပါတော့"

အသာနားထောင်နေသော မျိုးမင်းဇော်က ရဲရဲဝံ့ဝံ့ အာမခံ ချက်ဝင်ပေးလိုက်သည်။

"ဆရာရဲ ဘာမှပူမနေနဲ့တော့။ လူကြီးတွေမပါရင် ဒီလူငယ် တွေနဲ့ ကျွန်တော် ဦးစီးပြီးလုပ်ပြမယ်။ ကျွန်တော် ရန်ကုန်ကို မပြန် သေးပါဘူး၊ စိတ်ချ"

□ □ □ □ □

## အခန်း (၁၁)

ကုန်းတန်းကြီးကျေးရွာထဲတွင် သူတို့ လှုပ်ရှားနေခဲ့သည်မှာ ငါးရက်ပင်ပြည့်ခဲ့ပေပြီ။ ဦးရဲတင့် ယခုအထိ ကျတ်ကုန်းကြီးပေါ်တွင် တူးဖော်ရေးလုပ်ငန်းကြီး မစနိုင်သေး၍ အားမလိုအားမရဖြစ်မိသည်။ ရုံးချုပ်ကထွက်လာစဉ်ကပင် လူစုံအောင် မနည်းကြိုးစားခဲ့ရသည်။ ခွင့်ယူထားသူများကို ပြန်ခေါ်ခဲ့ရသည်။ အရေးထဲ မျိုးမင်းဇော်ကလည်းတစ်မျောင့်။ သူက အလုပ်ထွက်ချင်သည်ဟု နားပူနားဆာလုပ်လာသည်။ နိုင်ငံခြားတွင် အလုပ်သွားလုပ်မလို့ဟု အကြောင်းပြသည်။ ဦးရဲတင့်အနေဖြင့် မျိုးမင်းဇော်နှင့် လက်တွဲလုပ်ခဲ့ရသည့်အကြိမ်ပေါင်း မနည်းတော့ပြီ။ အထက်လူကြီးစကားကို လေးစားလိုက်နာတတ်သော လူရွယ်တစ်ယောက်။ တာဝန်သိသိ သစ္စာရှိရှိဖြင့် ဖိဖိစီးစီးလုပ်ကိုင်တတ်သော လူရွယ်တစ်ယောက်။ သူ အလုပ်ထွက်တော့မည်ဟုပြောလာတိုင်း ဦးရဲတင့် စိတ်မချမ်းမသာဖြစ်ရတတ်သည်။ မထွက်ပါနှင့်ဟု အကြိမ်ကြိမ်တားမြစ်သည်။ အခု ဒီလိုခရီးထွက်ရတော့မည်ဟု ဆိုလာသောအခါ မျိုးမင်းဇော်ထွက်စာတင်ခိုင်းသည့်အချိန်နှင့် သွားတိုးနေသည်။ ဦးရဲတင့်

စိတ်မချမ်းမသာဖြစ်မိသည်။ ညာလက်ရုံးတစ်ဖက် ပြုတ်သွားရသလို ခံစားလာ ရသည်။ ဦးရဲတင့်က မတတ်သာသည့်အဆုံး မျိုးမင်းဇော်ကို အကြံ တစ်ခုပေးခဲ့သည်။ ကုန်းတန်းကြီးကျေးရွာ တူးဖော်မှုကို နောက်ဆုံး အကြိမ်အဖြစ် လိုက်ခဲ့ပါ။ ထိုကျမှ မပျော်ပိုက်လျှင် ရန်ကုန်ကို အချိန်မရွေးပြန်သွားပါဟု တောင်းပန်ထားရသည်။

မျိုးမင်းဇော်က သူစီစဉ်သည့်အတိုင်း လိုက်လာခဲ့သည်။ ရွာ ရောက်၍ သုံးရက်မြောက်နေ့တွင် ရန်ကုန်သို့ပြန်ချင်ကြောင်း လာပြောသည်။ ဦးရဲတင့်က ဘာမှပြန်မပြောနိုင်။ ပုဂံက ကိုသက်ဇင်ဦး လိုက်လာချိန်အထိ သည်းခံစောင့်ပါဦးဟု မေတ္တာ ရပ်ခံထားရသည်။

ဟော. . . အခုတော့ အခြေအနေတစ်မျိုးပြောင်းသွားခဲ့ပြီ။ ကျုတ်ကုန်းကြီးပေါ်မလိုက်ဝံ့၍ လူကြီးများရှောင်ထွက်သွားချိန်တွင် လူငယ်များကို ဦးဆောင်၍ သူ ကြည့်ကြပ်လုပ်ကိုင်ပါတော့မည်ဟု ကတိပေးခဲ့သည်။ မင်္ဂလာအရှိဆုံးစကားတစ်ရပ်က "ကျွန်တော် ရန်ကုန်ကို မပြန်တော့ဘူး" ဟူ၍ပင်။

ထိုညက လသာနေ၍ ဘုန်းကြီးကျောင်းဝင်းထဲတွင် လူငယ် များ၏တေးသံဝိုင်းက စိုပြည်မြိုင်ဆိုင်လျက်ရှိသည်။ ဦးရဲတင့်က ကိုယ်တိုင်သီချင်းဆို၍ ဂစ်တာတီးနေသော မျိုးမင်းဇော်ကိုကြည့်၍ ပီတိတွေဖြာနေသည်။ တစ်ကိုယ်တည်း ဆေးလိပ်ထိုင်သောက် နေရာမှ လူငယ်ဝိုင်းအနီးသို့ ထသွားခဲ့သည်။

"ဆရာရဲ သီချင်းတစ်ပုဒ်လောက် ဝင်ဟဲလိုက်စမ်းပါဦး"

မျိုးမင်းဇော်က ရွှင်လန်းတက်ကြွသောအသံဖြင့် ဦးရဲတင့်ကို ဆီးကြိုနှုတ်ဆက်သည်။ ဦးရဲတင့်က တဟားဟားရယ်လျက် ဇော်ဟန်အနီးတွင် ဝင်ထိုင်တော့မည့်ဆဲဆဲမှာပင် "ဝုန်း" ဟူသော ကြောက်စရာ့အသံကြီးတစ်သံ ထွက်ပေါ်လာသည်။ အေးချမ်း ငြိမ်သက်လျက်ရှိသော ပတ်ဝန်းကျင်တစ်ခုလုံး သွက်သွက်ခါယမ်း သွားသည်။

"ဘာသံလဲဟေ့၊ နားထောင်စမ်း"

အသံထွက်ပေါ်လာသည့်နေရာမှာ မယုံနိုင်လောက်အောင် ပင် ကျတ်ကုန်းကြီးဘက်ဆီမှဖြစ်နေသည်။

"ဟေ့. . . ဟေ့၊ လက်နှိပ်ဓာတ်မီးလေး ဘာလေးလည်း ယူထား စမ်း"

ဦးရဲတင့်စကားမဆုံးမီမှာပင် မျိုးမင်းဇော်က ကျတ်ကုန်းကြီး ဘက်သို့ကြည့်နေရာမှ -

"ဟော. . . ဟော၊ ဟိုမှာ၊ တောင်ကြီးပေါ်မှာ မီးတွေလောင် နေတယ်"

ထိုအခိုက် ဘကြီးမြိုင် ကျောင်းဝင်းထဲသို့ ပြေးဝင်လာသည်။

"ဘာဖြစ်တာလဲ. . . ဆရာရဲ၊ ဘယ်ကအသံလဲ"

ဦးရဲတင့်က ဘာမျှပြန်မဖြေ။ ကျတ်ကုန်းကြီးဘက်သို့သာ မျက်တောင်မခတ် စိုက်ကြည့်နေသည်။

"တောင်ပိုင်နတ်ကြီးရဲ့အသံလား မသိဘူး"

ဘယ်သူ့အသံမှန်းမသိ၊ ရွာသားတစ်ယောက်က ကျောင်းဝင်းထဲမှ ဖြတ်ပြေးသွားရင်း တောင်ပိုင်နတ်ကြီးဆိုသူကို မဆီမဆိုင် ဆွဲထည့်သွားသည်။ ဘကြီးမြိုင် စိတ်တိုသွားသည်။

"တော်စမ်းကွာ၊ ပေါက်ကရတွေ လာပြောမနေစမ်းနဲ့"

ဘကြီးမြိုင်က ဦးရဲတင့်နားကပ်၍ အခြေအနေစောင့်နေရန် ပြောလိုက်သည်။ ဦးရဲတင့်က မျိုးမင်းဇော်ကို တစ်ခုခုပြောရန် လှည့်ကြည့်လိုက်သည်။

"ကိုငမှုံးတို့၊ ကိုလှထွေးတို့ ကျွန်တော်နဲ့လိုက်ခဲ့ကြ"

ရုတ်တရက် မျိုးမင်းဇော်၏အသံ ထွက်လာသည်။ ရွာသားတစ်ဦးလက်ထဲမှ ငှက်ကြီးတောင်ဓားတစ်လက်ကိုလည်း ကောက်ယူလိုက်သည်။ လက်နှိပ်ဓာတ်မီးကိုလည်း လက်တစ်ဖက်တွင် ကိုင်ထားသည်။

"နေဦး. . . နေဦး၊ ကျွန်တော်တို့လည်း လက်နက်ရှာလိုက်ဦးမယ်"

ငမှုံးတို့လူစုက ပြောပြောဆိုဆို အနီးရှိခြံကြီးတစ်ခြံသို့ ဝင်သွားကြသည်။ မကြာမီ ဝါးရင်းတုတ်ကြီးတစ်ချောင်းကိုဆွဲလျက် ငမှုံး ပြန်ထွက်လာသည်။ အေးသန်းနှင့် အောင်သောင်းတို့ လက်ထဲတွင် သစ်သားခြံစည်းရိုးတန်းများ ကိုင်ထားသည်။ ကျန်လူငယ်တစ်စုမှာ အနီးတွင်တွေ့ရာတုတ်များ၊ ကျောက်ခဲများကို အလုအယက်ကောက်ကြသည်။ လှထွေးက လွယ်အိတ်ထဲမှ လက်စွဲတော်လေးခွကို အသင့်ပြင်ထားသည်။

မကြာမီ မီးတုတ်ကိုယ်စီဖြင့် လူအုပ်ကြီးတစ်အုပ် ကျတ်ကုန်းကြီးဘက်သို့ အပြေးအလွှားသွားနေကြသည်။ ရှေ့ဆုံးတွင်ကား

မျိုးမင်းဇော်။ လူငယ်များထွက်သွား၍ လူကြီးများလည်း မနေသာ။ ဘကြီးမြိုင်၊ ဦးရဲတင့်နှင့် ဦးလှမြင့်တို့ အပြေးအလွှားလိုက်သွားကြသည်။ ရန်နောင်စိုးတို့ ကင်းအဖွဲ့ကလည်း ရှေ့ဆုံးမှနေ၍ မီးတုတ်များဖြင့် လမ်းပြသွားသည်။

ကုန်းတန်းကြီးရွာမှ တစ်မိုင်ခန့်အကွာ လူသူအရောက်အပေါက်နည်းလှသည့် ကြောက်စရာနေရာကြီးတစ်ခုသို့ အပြေးအလွှားသွားနေရခြင်းကိုပင် လူငယ်များကိုကြည့်ရသည်မှာ စိတ်အားတက်ကြွနေပုံရသည်။ မျိုးမင်းဇော်တို့လူစုသည် ကျတ်ကုန်းကြီးနှင့် အနီးဆုံးနေရာသို့မရောက်မီ ရေခန်းခြောက်နေသည့် ချောင်းရိုးကလေးအတွင်း သဲပြင်ကျယ်ကြီးပေါ်မှ ဖြတ်သွားရသည်။ ကျတ်ကုန်းကြီးရှိရာ အမှောင်ရိပ်ကြီးတောင်ဘက်ယွန်းယွန်းတစ်နေရာမှ မီးလုံးကြီးတစ်လုံး ထပ်မံထိုးထွက်လာသည်။ ထိုနေရာတွင် သစ်ပင်ချုံနွယ်အများစု မီးများကူးစက်လောင်ကျွမ်းနေသည်။

ဘကြီးမြိုင်က လက်ထဲမှ လုံ့ရှည်ကြီးဖြင့် မျိုးမင်းဇော်တို့လူစုကို ရှေ့ဆက်မသွားရန် အချက်ပြလိုက်သည်။ လူကြီးများတားနေသည့်ကြားမှ တောင်ကုန်းကြီးပေါ်သို့ မရမကတက်ကြည့်ချင်သူများအထဲတွင် မျိုးမင်းဇော်က ရှေ့ဆုံးမှပါနေသည်။

မျိုးမင်းဇော် ဘာဆက်လုပ်မည်ကို ရိပ်မိလိုက်သည်။ ဦးရဲတင့်က မျိုးမင်းဇော်လက်ကို ဖမ်းဆွဲထားလိုက်သည်။

"ဘယ်ဖြစ်ပါ့မလဲ၊ မင်းတို့က ဒီတောင်ကုန်းကြီးပေါ်ကို တစ်ခါမှမရောက်ဖူးသေးဘဲနဲ့၊ နယ်မြေလည်း မကျွမ်းသေးဘူးလေ"

"မစိုးရိမ်ပါနဲ့ ဆရာရဲ့ရာ။ ဟောဒီမှာ မေမှ့တို့လည်းပါသားပဲ။ ကျွန်တော်တို့ တက်ကြည့်မယ်နော်"

ပြောပြောဆိုဆို အိုးမင်းဇော်က လူငယ်များဘက်သို့ လက်ပြ၍ ရှေ့ဆုံးမှထွက်သွားသည်။ ဆရာဦးရဲတင့်နှင့် ဘကြီးမြိုင်တို့ နှုတ်မှ တိုင်ပင်ထားသည့်အလား ပြိုင်တူအော်ဟစ်လိုက်သံ ပေါ်ထွက်လာ သည်။

"ဟေ့. . . ဟေ့၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ။ တို့လူကြီးတွေမှာ လည်း တာဝန်ရှိတယ်။ တို့လည်း လိုက်မယ်"

"ကျွန်တော်တို့ ဘယ်လမ်းကတက်ကြမလဲ"

ဦးရဲတင့်က တောင်နံရံမြင့်မြင့်စောက်စောက်ကြီးကို လက်နှိုပ် ခတ်မီးနှင့်ထိုးကြည့်ရင်း မေးလိုက်သည်။ ဘကြီးမြိုင်က ရန်နေခောင်စိုးလက်ထဲမှ မီးတုတ်ကိုတောင်းလိုက်ပြီး လမ်းမြင်ရ အောင် ကူညီလိုက်သည်။

"ဟိုဘက်ကို ကွေ့ဆင်းလိုက်ရင် လမ်းဟောင်းလေးတစ်ခု တော့ရှိတယ်ဗျ။ အဲဒီဘက်က နည်းနည်းနိမ့်တယ်"

ဘကြီးမြိုင်၏စကားအဆုံးတွင် မျိုးမင်းဇော်တို့လူစုက ကျတ်ကုန်းကြီး၏ အရှေ့ဘက်အခြမ်းကို ကွေ့ပတ်လျက် ခပ်သွက်သွက်လျှောက်သွားသည်။ ကုန်းတန်းကြီးကျေးရွာရှိ အခြား လူကြီးလူငယ်များနှင့်နှိုင်းစာလျှင် မေမှ့မှာ ကျတ်ကုန်းကြီးပေါ်သို့ အကြိမ်ကြိမ်ရောက်ဖူးသူဖြစ်သည်။ မဖြစ်ဖြစ်သည့်နည်းဖြင့် အပေါ် သို့ရောက်အောင်တက်ဖူးသည်။ လမ်းအမျိုးမျိုးရှာပြီး တက်ဖူး

သည်။ အခုလည်း ဘကြီးမြိုင်က ငမေ့းကိုပဲ အားကိုးရတော့သည်။ လမ်းကလေးဟုသာဆိုရသည်၊ လမ်းဘေးဝဲယာတစ်လျှောက် ဆူးပင်၊ ချုံပင်များနှင့်အပြည့်။ ဝါးရုံပင်ကြီးများကိုလည်း ကွေ့ပိုက်၍သွားနေရသည်။ အမှောင်ထဲတွင် ကန္တာရပင်၊ ဆူးပင်ငယ်များကြောင့်လည်း တစ်ဒုက္ခ။ တစ်ဖြောင့်တည်း မဟုတ်ပါ။ ကွေ့ရသည်။ ကောက်ရသည်။ တက်ရသည်။ ဆင်းရသည်။ လမ်းကလေးအတိုင်းသွားရာတွင် လူအုပ်လိုက်ကြီးနှင့်သွား၍မရ။ ရှေ့နောက်တစ်ယောက်ချင်း သွားနေရသည်။ ကျတ်ကုန်းကြီး၏ တောင်ကမ်းပါးယံပြင်ကြီးမှာ သူတို့၏လက်ဝဲဘက်တွင် တစ်ခါတစ်ရံဝေးသွားလိုက်၊ တစ်ခါတစ်ရံ နီးသွားလိုက်နှင့် တစ်ခါတစ်ရံတော့လည်း တောင်ကမ်းပါးယံကြီးများကိုပင် ခဲခဲယဉ်းယဉ်းတွယ်တက်ရသည်။ ကျဉ်းချိုင့်ကြီးများတွေ့လျှင်လည်း လူစင်စစ်က မျောက်များပမာ ခုန်ရပေါက်ရသေးသည်။

တော်တော့သည်။ မီးတုတ်များပါလာ၍သာ တော်တော့သည်။ မျက်စိမှုန်နေပြီဖြစ်သော ဘကြီးမြိုင်နှင့် ဦးရဲတင့်တို့မှာ မကြာမကြာ ခလုတ်တိုက်မိသည်။ မျိုးမင်းဇော်က ရှေ့ကသွားရင်း လမ်းပေါ်သို့ကိုင်းကျနေသည့် သစ်ပင်၊ သစ်ကိုင်းများနှင့် မျက်လုံးများမတိုးမိအောင် အဆက်မပြတ်သတိပေးသွားသည်။

"ဆရာမျိုးမင်းဇော်. . . သိပ်အတင့်မရဲနဲ့နော်၊ ကိုယ့်အချင်းချင်းလဲ လူအုပ်ကွဲမသွားစေနဲ့"

ဘကြီးမြိုင်က ခြေထောက်ကျိုးထောက်ကျိုးနှင့်ပြေးလိုက်ရင်း ရှေ့ကလူအုပ်ကို သတိပေးနေရသည်။

၁၅ မိနစ်ကျော်ကျော်မျှကြာသွားသည်။ မီးလောင်နေသည့်နေရာနှင့် အတော်ဝေးနေသေးသည်။ ဝါးပိုးကြီးများမီးလောင်ခံရ၍ တစ်ဖောင်းဖောင်း ပေါက်ကွဲနေသံများကိုလည်း အဝေးမှအဆက်မပြတ်ကြားနေရသည်။

မျိုးမင်းဇော်နောက်တွင် ကပ်လိုက်နေရာမှ ငမှေးက လက်ဝဲဘက်လျှိုကလေးအတိုင်း ဆင်းသွားရန် အကြံပေးသည်။ သူက မျိုးမင်းဇော်ရှေ့သို့ ကျော်တက်လိုက်သည်။ ရှေ့မှ ခပ်သုတ်သုတ်သွားနေသည်။

"ဟီး. . . ဟီး. . ဟီးဟီး. . . ဟီးဟီး. . . ဟီးဟီး"

"ဟော ဘာသံတွေလဲ၊ နားထောင်စမ်း"

ဘကြီးမြိုင်က ခဏရပ်၍ အခြေအနေစောင့်ကြည့်ခိုင်းသည်။

"ဟီးဟီး. . . ဟီးဟီး. . . ဟီးဟီး. . . ဟီးဟီး"

ထူးဆန်းသောအသံများ သူတို့လူစုနှင့် အထက်အမြင့်ပိုင်း ခပ်လှမ်းလှမ်းတစ်နေရာမှ ထပ်မံထွက်ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် ချုံနွယ်များကို တရကြမ်းတိုးဝှေ့၍ တစ်စုံတစ်ခုပြေးထွက်သွားသည့်အသံမျိုးများကိုလည်း ကြားလိုက်ရသည်။

ငမှေးက လမ်းကြောင်းပြောင်းခိုင်းပြန်သည်။ သည်လမ်းက ဆူးချုံအနည်းငယ်ရှင်းလာသည်။ လမ်းအနည်းငယ် ပြေလာသည်။ မကြာမီ သူတို့ရှေ့ဘက်တွင် လှေကားထစ်များသဖွယ် တစ်ဆင့်ပြီးတစ်ဆင့်မြင့်တက်သွားသော နေရာတစ်ခုကို မီးရောင်များကြောင့်မြင်လိုက်ရသည်။

"ဟာ. . . ဟောဒါ လှေကားကြီးနဲ့တူတယ်"

မျိုးမင်းဇော်က ထိုမြေအဆင့်များအတိုင်း တစ်ထစ်ပြီး တစ်ထစ်နင်းတက်သွားသည်။

"ဆရာရဲရေ. . . ကျွန်တော်တို့ ကုန်းကြီးပေါ်ကို ရောက်နေပြီဗျို့"

မှန်ပါသည်။ တရွေ့ရွေ့မြင့်တက်သွားသော သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်း မှောင်မှောင်မည်းမည်းလမ်းကလေး၏ အဆုံးတွင် နာမည်ကြီးလှသော ကျောက်ကုန်းကြီး၏အမြင့်ဆုံးအပိုင်း။ မြေအညီအညာဆုံးအပိုင်း။

□ □ □ □ □

## အခန်း (၁၂)

"ဟီးဟီး. . . ဟီးဟီး. . . ဟီးဟီး . . . ဟီးဟီး"

ရှေ့ဆုံးမှ အပြေးအလွှားသွားနေရင်း မျိုးမင်းဇော်က ခေတ္တရပ်တန့်ရန် အချက်ပြလိုက်သည်။ အသံထွက်ပေါ်လာရာသို့ အတိအကျရောက်ရှိသွားနိုင်ရန် လမ်းစရှာလျက်ရှိသည်။

ဦးရဲတင့်က မျိုးမင်းဇော်အနီးသို့ တစ်စုံတစ်ခုပြောချင်၍ ချဉ်းကပ်သွားသည်။ လမ်းကျဉ်းကလေးအတွင်း လူသုံးလေးယောက်ကိုကျော်တက်နိုင်ရန် ကြိုးစားရာတွင် ခြေထောက်တစ်ဖက်က မမျှော်လင့်ဘဲ ကျင်းတိမ်တိမ်တစ်ခုအတွင်းသို့ ကျသွားခဲ့သည်။ လဲတော့မလိုဖြစ်သွားသည့် ဦးရဲတင့်ကို ငမှေးက အမြန်ဆုံးပြေး၍ ထိန်းပေးလိုက်သည်။ စိုစိစိအရာများကို ခြေထောက်တွင်ကပ်ပါလာကြောင်း ဦးရဲမြင့် သတိပြုလိုက်မိသည်။

"ဟာ. . . နွားချေးတွေပါလား၊ ဘယ်ကနွားများ ဒီပေါ်တက်နေတာပါလိမ့်"

ငမှေးက နှာခေါင်းကို ရှုံ့ချည်ပွချည်လုပ်ကြည့်သည်။

"နွားချေးမဟုတ်ဘူး ဆရာရဲ့။ မြင်းချေးနဲ့၊ မြင်းချေးနဲ့"

အခုမှ သူတို့သဘောပေါက်သွားသည်။ "ဟီးဟီး. . . ဟီးဟီး" ဟူ၍ သူတို့အဝေးမှကြားနေရသောအသံသည် ဘာမျှ ထူးထူး ဆန်းဆန်းမဟုတ်။ မြင်းတစ်ကောင် (သို့မဟုတ်) နှစ်ကောင် အသံသာဖြစ်နိုင်သည်။

"ကေန္တ၊ ဟိုအရှေ့ဘက် ထိန်ကုန်းပြောင်ကကောင်တွေ ဒီပေါ် လာပြီး ရှုပ်ရှုပ်ယှက်ယှက် လုပ်တာနဲ့တူတယ်"

ဘကြီးမြိုင်က မေးဘက်သို့လှည့်ပြီး ကောက်ချက်ဆွဲလိုက်သည်။ အစက မကောင်းဆိုးဝါးသံကြီးဟုထင်မိ၍ ခြေလှမ်းခပ်တွန့်တွန့်ဖြစ်နေကြသော ရွာသားများမှာ အခုမှ တက်တက်ကြွကြွ ဖြစ်လာကြသည်။

"ဟိုတစ်နေ့က ကျွန်တော်တို့ရွာနားက လူနှစ်ယောက် မြင်းစီးသွားတာမြင်လိုက်တယ်လို့ ကလေးတွေက ပြောတယ်"

ရွာသားတစ်ဦးက ဘကြီးမြိုင်ကို ဝင်ပြောလိုက်သည်။ ဘကြီးမြိုင်က ရှေ့သို့တိုးလာရင်း -

"ဘာကွ၊ မြင်းနှစ်ကောင်နဲ့ လူနှစ်ယောက်၊ တို့ရွာနားမှာ ဘာလာလုပ်တာလဲ၊ ဘယ်သူတွေလဲကွ"

ဘကြီးမြိုင်၏အမေးကို အခြားရွာသားတစ်ဦးက ဝင်ဖြေသည်။

"ဒေါ်ကျည်းတန်ကြီးရဲ့ခြံထဲက မိုးကြီးအတော်ချုပ်မှ ပြန်ထွက်သွားတာကို တွေ့လိုက်တယ်လို့ ပြောနေကြတယ်"

ဘကြီးမြိုင်က တစ်စုံတစ်ခုကို သဘောပေါက်သွားဟန်ဖြင့် ခေါင်းကို တဆတ်ဆတ်ညိတ်နေသည်။

"ကဲဟေ့. . . ဘာမှကြောက်မနေနဲ့တော့။ ဒီပေါ်မှာ တို့နဲ့ရင်ဆိုင်ရမှာက ဘာမကောင်းဆိုးဝါးမှ မဟုတ်ဘူး။ မကောင်းဆိုးဝါးတွေထက် ယုတ်မာတဲ့ လူမသမာတွေနဲ့ ယှဉ်ပြိုင်ရမှာဟေ့"

ပြောပြောဆိုဆို ဘကြီးမြိုင်က မီးတုတ်တစ်ခုကို ပြေးယူကိုင်မြှောက်ပြီး မီးများလောင်နေရာဘက်သို့ ခပ်သုတ်သုတ်ဆက်သွားသည်။ မျိုးမင်းဇော်နှင့်ငမေ့းက နှစ်ဖက်ညှပ်၍ လိုက်သွားသည်။ ဦးရဲတင့်က မြေပုံပေါ်ကို ငုံ့ကြည့်သွားရင်း၊ နောက်ကလိုက်လာသူများကို သတိပေးလိုက်သည်။

"တွင်းကြီးတွေထဲကို လိမ့်ကျလိမ့်မယ်ဟေ့. . . သတိထားကြ"

မကြာမီ သူတို့လူစုကျောက်ပြားအကျိုးအပဲ့ကြီးများ ပြန့်ကြဲနေသော မြေပြင်တစ်နေရာကို ဖြတ်ကျော်သွားမိသည်။ ဦးရဲတင့်က မျိုးမင်းဇော်ကြားအောင် လှမ်းအော်လိုက်သည်။

"မျိုးမင်းဇော်ရေ. . . ဒီနေရာကို သေသေချာချာမှတ်ထားဦး. . . ဟေ့"

မျိုးမင်းဇော်က မီးတုတ်ကိုမြှောက်လိုက်သည်။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ပြီးမှ ဘကြီးမြိုင်နှင့်ငမေ့းနောက်သို့ ပြေးလိုက်သွားသည်။ ထိုနေရာတွင် အုတ်ကျိုးအုတ်ပဲ့များ မြင်မကောင်းအောင် ပြန့်ကြဲနေသည်။ အုတ်ကျိုးအုတ်ပဲ့များကို ခြေခလုတ်မတိုက်မိအောင် မနည်းကြည့်ရှောင်သွားနေရသည်။ တစ်ချက်တစ်ချက်တွင် မြေကမူမို့မို့ကြီးများကို ကျော်တက်ရသေးသည်။ ဘကြီးမြိုင်က သစ်ရွက်ခြောက်များ မီးလောင်ကျွမ်းပြီးစ အနံ့မျိုးကို လေထဲတွင် ရှူရှိုက်မိသည်။

"ဟိုမှာ. . . ဟိုမှာ"

မျိုးမင်းဇော်၏အသံကြောင့် ငမေ့းတို့ ခြေလှမ်းတုံ့သွားသည်။ ဝါးရုံတောများတစ်နေရာမှ မီးခိုးများအူထွက်နေသည်။ မီးလောင်ထားသကဲ့သို့သော နေရာကြီးတစ်နေရာသို့ ချဉ်းကပ်မိကြသည်။

"မီးလုံးကြီးထွက်လာတာ ဒီနေရာကနဲ့တူတယ်"

ဦးရဲတင့်က ဘကြီးမြိုင်ဘက်သို့လှည့်၍ သဘောတီးခေါက်ကြည့်သည်။ ဘကြီးမြိုင်က ခေါင်းတဆတ်ဆတ်လှုပ်ပြသည်။ မီးစတင်လောင်ထားသည့်နေရာတွင် သူတို့လူစုကြာကြာ မနေအားပါ။ မီးလောင်ဆဲနေရာသို့ အပူတပြင်းခရီးနှင်နေကြသည်။ ရှေ့သို့ခရီးပြင်းဆက်လေ၊ သူတို့လူစုအထိအခိုက်ပိုလာလေ။ ဦးရဲတင့် သစ်ပင်ကြီးတစ်ပင်နှင့်ပွတ်မိ၍ နဖူးပွန်းသွားသည်။ မျက်မှန်ကျွတ်ကျသွား၍ဝိုင်းရှာပေးရသည်။ ဆူးများခြစ်မိ၍ အားလုံးလိုလိုခြေလက်များပွဲ့သွားသည်။ ပုဆိုးပြဲသွားသူက "အိမ်ရောက်ရင်မိန်းမရိုက်တော့မှာပဲ"ဟု အရေးထဲ နောက်ပြောင်နေသည်။ တစ်နေရာတွင် ခလုတ်တိုက်မိ၍ ဘကြီးမြိုင် ခြေမမှ သွေးများပန်းထွက်လာသည်။ လုံချည်စုတ်ကို ဖြဲပေး၍ မျိုးမင်းဇော်က ပတ်တီးစည်းပေးသည်။ လူအုပ်ကြီးက သူတို့ကို ကျော်သွားသည်။ အတော်ကလေးအဆက်ပြတ်သွားသည်။

"ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲ"

ရှေ့လူအုပ်နှင့်ရောပါသွားသော လှထွေးက မီးတုတ်ကို ကိုင်မြှောက်ရင်း၊ ဘကြီးမြိုင်တို့ရှိရာသို့ ပြန်ပြေးလာသည်။ ဘကြီးမြိုင်၊

ဦးရဲတင့်နှင့်မျိုးမင်းဇော်တို့ ကျန်ရစ်၍ တစ်ခေါက်ပြန်ကျော့လာခြင်း ဖြစ်သည်။ လှထွေးက ဘကြီးမြိုင်တို့ အနီးရှိ တွင်းကလေးတစ်ခု အတွင်း မီးတုတ်ကို စိုက်ထားလိုက်သည်။ ဘကြီးမြိုင်ကို တွဲခေါ် သည်။ အုတ်ခဲပုံများကြားမှ မြေကမူကြီးတစ်ခုပေါ်တွင် ထိုင်ခိုင်း လိုက်သည်။ ဘကြီးမြိုင်က ထိုင်မချလိုက်ဘဲ တောင်ကမူကြီးအနီး သို့ လက်ညှိုးထိုးပြလိုက်သည်။ လက်မောင်းလုံးခန့်အရွယ် မြွေကြီး တစ်ကောင်သည် အုတ်ပြားကြီးများအကြားသို့ တရွေ့ရွေ့တိုးဝင် လျက်ရှိသည်။ မြွေကြီးတိုးဝင်နေသည့်နေရာမှာ ဧရာမတွင်းကြီး တစ်တွင်း၏နှုတ်ခမ်းဝဖြစ်နေသည်။ တွင်းဝကျယ်မှာ ၁၅ ပေထက် မလျော့နိုင်၊ တွင်းကြီး၏ထက်ဝက်နီးပါးမှာ အတွင်းပိုင်းသို့ လုံးဝ ပြိုကျလျက်ရှိသည်။ အောက်ခြေဘက်တွင် အတော်ကလေး မှောင် ပိန်းနေသည်။ တွင်းကြီးထဲသို့ ပြိုကျနေသည့်အုတ်ခဲများသည် မကြာမီကမှ ပြိုကျထားဟန်တူသည်။

"ဟာ ဒါတွေက ဘာတွေလဲ"

တွင်းကြီးကိုငုံ့ကြည့်နေကြခိုက် မျိုးမင်းဇော်က တစ်နေရာသို့ အလန့်တကြားလက်ညှိုးထိုးပြသည်။ မျက်စိအားလုံးက တွင်းနှုတ်ခမ်း အနီးရှိ အုတ်ပြားကြီးများပေါ်သို့ ကျရောက်သွားသည်။

"ဟင်. . . သွေးတွေပါလား"

မျိုးမင်းဇော်က နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။ ဘကြီးမြိုင်နှင့်ဦးရဲတင့်တို့ကို ကြည့်ရသည်မှာ ကြောက်ရွံ့မှုထက် အံ့သြမှုက ပိုမိုလွှမ်းကဲနေသည်။

"ဟုတ်တယ်ပော့. . . သွေးတွေ၊ ဘယ်သူ့သွေးတွေလဲ"

ဘကြီးမြိုင်က သူ့ခြေမဒဏ်ရာမှသွေးတွေ ကျကျန်ရစ်တာ လားဟူ၍ ဇဝေဇဝါဖြစ်နေသည်။ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။ သွေး များမှာ အုတ်ပြားကြီးများပေါ်တွင် မြင်မကောင်းအောင် အိုင်ထွန်း လျက်ရှိသည်။ သူတို့ရောက်မလာမီ မကြာခင်ကမှ ကျခဲ့သည့်သွေး များ ဖြစ်ပုံရသည်။ သူတို့ တွင်းကြီးပတ်ဝန်းကျင်ကို မီးရောင်ဖြင့် လှည့်ပတ်ကြည့်ကြသည်။

"ဟာ. . . ဒီနားမှာလဲ သွေးစက်တွေပါလား"

မျိုးမင်းဇော်က မြေပေါ်သို့ လက်ညှိုးထိုးပြသည်။ သွေးစက် များမှာ နေရာအချို့တွင် အတော်များများ ကျရောက်နေသည်။ သွေးစက်များက ကျွတ်ကုန်းကြီးကို ကန့်လန့်ဖြတ်အနေအထားဖြင့် တစ်ဖက်ပိုင်းသို့ တစ်စက်ချင်းကျရောက်၍ လမ်းပြလျက်ရှိသည်။ သွေးစက်များ ရှေးရှုသွားနေသည့် ဦးတည်အရပ်မှာ ထိန်ပင် မြောင်ဘက်သို့ လမ်းညွှန်နေသည်။

"ဟော့. . . ဟော့၊ သွေးစက်တွေက ဟိုရွာဘက်ကို သွားနေ ပါလား"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ဒီမှာကြည့်စမ်း. . . ရွာဘက်ကို တန်းနေတာပဲ"

"ဘယ်သူ့သွေးတွေလည်း မသိဘူး"

"ဘာပြုလို့ သွေးတွေဒီလောက်တောင်ကျနေရတာလဲ"

မျိုးမင်းဇော်တို့လေသံဖြင့် စကားမပြောနိုင်တော့။ တစ်ယောက် တစ်ပေါက်ဆူညံလျက်ရှိသည်။ သွေးစက်များနောက်သို့ လိုက်ကြည့်

ရန် ဆုံးဖြတ်ကြသည်။ ဘကြီးမြိုင်၏ဒဏ်ရာကြောင့် ခက်နေသည်။ သွားချင်တိုင်းသွား၍မရ၊ လိုက်ချင်တိုင်း လိုက်၍မရ။ ခရီးများစွာ မတွင်လှ။ နောက်ဆုံးတွင် ဗလအတော်ကလေးကောင်းသော ငမှေး က ဘကြီးမြိုင်ကို ကုန်းပိုးလိုက်သည်။ ဦးရဲတင့်နှင့် မျိုးမင်းဇော် တို့က နံဘေးမှ ဝိုင်းကိုင်ပေးထားကြသည်။ လှထွေးက ရှေ့မှ မီး တုတ်ပြသည်။ မျိုးမင်းဇော်က လမ်းတစ်လျှောက်လုံး သွေးစက်များ ကို ကြည့်သွားသည်။

"ဟာ. . . ဒီတောင်နံရံမှာလည်း အထစ်တွေလုပ်ထားပါလား၊ မကြာသေးခင်ကမှ လုပ်ထားတာနဲ့တူတယ်"

မျိုးမင်းဇော်က တအံ့တသြမှတ်ချက်ချလိုက်သည်။ ပြောပြော ဆိုဆို ထိုလှေကားထစ်များအတိုင်း အရှေ့ဆုံးမှ မြေပြင်ပေါ်သို့ ဆင်းလိုက်သည်။ ဦးရဲတင့်လက်ထဲမှ မီးတုတ်ကိုလည်း လှမ်းယူ လိုက်သည်။ တောင်နံရံကြီး၏အောက်ခြေမှ လမ်းပြပေးသည်။ အားလုံးတောင်နံရံကြီးအောက်သို့ ချောချောမောမောရောက်သွား သည်။ ထိုနေရာမှ ရွာဘက်သို့ ကောင်းစွာမြင်ရသည်။ ရွာဘက် တွင်လည်း မီးတုတ်များဖြင့် လှုပ်လှုပ်ရွရွဖြစ်နေသည်ကို တွေ့ရ သည်။ လှေကားထစ်များအဆုံးတွင် သွေးစက်များ ရုတ်တရက် ပျောက်ကွယ်သွားသည်။ အံ့ဖွယ်ကောင်းလေစွ။ မျိုးမင်းဇော်တို့ တစ်ဦးမျက်နှာတစ်ဦး ကြည့်မိကြသည်။ ဘယ်လိုအဓိပ္ပာယ်လဲ ဟူသည့်သဘော။

ရေခန်းခြောက်နေသည့် ချောင်းရိုးကလေးမှ ရွာဘက်သို့ သွားရာ လမ်းတစ်လျှောက်တွင်လည်း သွေးစသွေးနများ လုံးဝမတွေ့ရ။ ဒဏ်ရာရသူသည် အဘယ်မှာနည်း။ ထိန်ပင်မြောင်ဘက်သို့ ထွက်သွားသလော။ ဒါမှမဟုတ် ကုန်းတန်းကြီးရွာထဲများ ရောက်သွားပြီးလား။ လူဆိုးလော၊ လူကောင်းလော။ မြေလျှိုးသွားပြီးလော။ မိုးပျံသွားပြီးလော။

ငမှေး၊ လှထွေးနှင့်မျိုးမင်းဇော်တို့ ဘကြီးမြိုင်ကို တစ်လှည့်စီ ထမ်းခဲ့ကြသည်။ ဟော. . . ရွာနှင့်အတော်ပင်နီးလာပြီ။ မျိုးမင်းဇော်က ကျွတ်ကုန်းကြီးဘက်သို့ အမှတ်မထင် လှည့်ကြည့်လိုက်မိ၏။ တစ်နေရာတွင် မီးများကားလောင်နေဆဲ။ မီးလောင် နေရာသို့ မီးတုတ်ကိုယ်စီဖြင့် ရွာသားတစ်စု တရွေ့ရွေ့သွားနေကြသည်ကိုလည်း မြင်ရသည်။

ကျွတ်ကုန်းကြီးပေါ်တွင် ကျန်ရစ်ခဲ့သူတို့ ဘယ်သူတွေနဲ့ တွေ့ကြလေမလဲ။

ဘာတွေများ ဖြစ်ကြလေမလဲ။

□ □ □ □ □

## အခန်း (၁၃)

သည်နေ့နံနက် အားလုံးလိုလို အိပ်ရာထနောက်ကျသည်။ မျိုးမင်းဇော်အိပ်ရာမှနိုးလာချိန်တွင် ဦးရဲတင့်မှာ အိပ်ရာထဲတွင် နပ်ကောင်းနေဆဲပင်။ မကြာမီ ငမှေး၊ လှထွေးနှင့် လူငယ်တစ်စု ကျောင်းဝင်းထဲသို့ ရောက်လာကြသည်။ မျိုးမင်းဇော်နှင့်ဦးရဲတင့်တို့မှာ ဘကြီးမြိုင်ဒဏ်ရာရသွားသောကြောင့် သွေးစက်များ ကျနေသည့်နေရာမှ နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။

ငမှေးနှင့်ပါလာသော လူငယ်တစ်သိုက် ရန်သူအရှာထွက်ရင်း ကျန်ရစ်နေခဲ့သူများဖြစ်သည်။ သူတို့အုပ်စုထဲတွင် ရှေးပဟောင်း သုတေသနဌာနမှ ယာဉ်မောင်း တင်အောင်မြင့်လည်း ပါနေသည်။ သူက သစ်ပင်တစ်ပင်အောက်တွင် ရွာသားလူငယ်တစ်သိုက်နှင့် တဝါးဝါးပွဲကျလျက် ရှိသည်။ မကြာမီ လူသံ၊ ဆူသံများကြောင့် ဦးရဲတင့် အိပ်ရာမှထလာသည်။

"ဟာ. . . အတော်ပဲ၊ တင်အောင်မြင့်. . . မင်းညက တောင်ကုန်းကြီးပေါ် ကျန်ခဲ့တယ်မဟုတ်လား၊ မင်းတို့ ဘာတွေတွေ့ခဲ့သတုန်း"

တင်အောင်မြင့်က ရယ်ကျဲကျဲလုပ်နေသည်။

"တောင်ပေါ်ကို ပါသွားတာပေါ့ ဆရာရဲရဲ့။ ပျော်စရာ သိပ်ကောင်းတာ။ ဆရာရဲသာ ခရီးအစအဆုံးလိုက်ခဲ့ရင် သိပ်ကောင်းမှာပဲ"

တင်အောင်မြင့်က သူပြုနေကျအကျင့်အတိုင်း နှာခေါင်းကို တစ်ချက်ရှုံ့လိုက်သည်။ ဟူးခနဲ အသံထွက်သွားအောင် နှာသံနှစ်ချက်မျှ မှုတ်ထုတ်လိုက်သည်။ နှုတ်ခမ်းမွေးကလေးကိုလည်း လက်မ၊ လက်ညှိုးတို့ဖြင့် အသာအယာသပ်လိုက်သည်။

"ဆရာရဲကို သတ်ပစ်မယ်ဆိုတဲ့ ဘီလူးကြီးကို ဖမ်းမမိတာ နာတယ်ဗျာ။ ညက တွေ့များတွေ့ခဲ့ရင်. . ."

တင်အောင်မြင့် ဘုန်းကြီးကျောင်းလှေကားရင်းရှိ ခြသေ့်ရုပ်ကြီးနှစ်ကောင်ကို လက်ဝါးစောင်းဖြင့် ပြေး၍ ခုတ်လိုက်သည်။ ဦးရဲတင့်က တင်အောင်မြင့်လုပ်ပုံကြောင့် မျက်လုံးပြူးသွားပြီး-

"ဟေ့. . . ဟေ့၊ တင်အောင်မြင့်ရဲ့ ဘာတွေလုပ်နေတာလဲ"

"ဘီလူးကြီးကို ဇက်ပိုးအုပ်ပြနေတာလေ"

"ဘယ်က ဘီလူးကြီးလဲကွ"

"ဒေါ်ကျည်းတန်အိပ်မက်ထဲက ဆရာရဲကိုသတ်ချင်နေတဲ့ တောင်စောင့်ဘီလူးကြီးလေ"

ဦးရဲတင့်က သူ့နဖူးကြီးကို ထုံးစံအတိုင်း ဖျတ်ခနဲ တစ်ချက်ရိုက်လိုက်ပြီး-

"ဟာ. . . သေတာပဲ၊ စောစောစီးစီး ပေါက်ကရတွေ လာပြောမနေနဲ့ကွာ။ ညကဘာတွေတွေ့ခဲ့တယ်ဆိုတာ ငါ့ကိုပြောစမ်းပါ"

ထိုစဉ် မိုးမင်းဇော်က ဦးရဲတင့်လက်ကိုဆွဲ၍ အနီးရှိ ခုံတန်းရှည်ပေါ်တွင် ထိုင်ခိုင်းလိုက်သည်။

"ကျွန်တော် သူတို့အားလုံးကိုမေးကြည့်လို့ သိရသလောက်ပြောရရင်၊ မီးလောင်နေတာ ဝါးရုံပင်တွေတဲ့။ အဲဒီနားမှာ လူဆိုလို့လည်း တစ်ယောက်မှမတွေ့ရဘူးတဲ့။ ဒါနဲ့ မီးကိုဝိုင်းငြိမ်းပြီး သူတို့ပြန်လာခဲ့တယ်တဲ့။ အပြန်ခရီးမှာ မျက်စိလည်ပြီး ကျွတ်ကုန်းကြီးရဲ့မြောက်ဘက်အဖျားအထိ ရောက်သွားသတဲ့။ တစ်နေရာမှာ တွင်းကြီးတစ်တွင်းကိုတွေ့လို့ သေသေချာချာမှတ်ခဲ့သတဲ့။ တကယ်လို့များ အဲဒီတွင်းကြီးကို ဆရာရဲ တွေ့လိုက်ရရင် ငိုချင်စိတ်ပေါက်သွားလိမ့်မယ်တဲ့"

"ဘာဖြစ်လို့တုန်း၊ ဆိုစမ်းပါဦး"

"နှစ်ပေါင်းများစွာ လူတစ်ယောက်တည်းက စည်းမရှိကမ်းမရှိ အုတ်ပြားကြီးတွေ တူးယူခဲ့လို့၊ ဧရာမတွင်းကြီးဖြစ်နေလို့တဲ့"

ဦးရဲတင့်က နဖူးကိုရိုက်ပြန်သည်။

"ဟာ. . . သေတာပဲ"

မိုးမင်းဇော်က ခပ်ပြုံးပြုံးမျက်နှာဖြင့် ဦးရဲတင့်ကို ဆက်လက်ရှင်းပြသည်။

"အဲဒီတွင်းကြီးတူးထားတဲ့နေရာကို သေသေချာချာကြည့်တော့ အကျအနစီထားတဲ့ ရှေးဟောင်းအဆောက်အအုံကြီး ဖြစ်နေသတဲ့"

ဦးရဲတင့်က လက်ဖနောင့်ဖြင့် သူ့နဖူးသူရိုက်ပြန်သည်။

"ဟာ. . . သေတာပဲ။ တော်ပါတော့. . . တော်ပါတော့ မျိုးမင်းဇော်ရယ်။ ငါတော့ ကြာရင်ရင်ကျိုးသေတော့မှာပဲ"

ဦးရဲတင့်က ရင်ဝကိုလက်ဖြင့် ဖိပြရင်း၊ ဟန်ပါပါ တောင်းပန်လိုက်သည်။

ထိုအခိုက် လှထွေးနှင့်ငမှေးတို့ ဦးရဲတင့်နားသို့ ကပ်လာသည်။

"ကျွန်တော် မရှင်းတာတစ်ခု မေးချင်လို့ပါ။ ညက ကျတ်ကုန်းကြီးပေါ်မှာ ကျွန်တော်တို့တွေ့ခဲ့တဲ့ မြင်းချေးတွေဟာ ဒေါ်ကျည်းတန် အိမ်ကိုရောက်လာတဲ့ မြင်းစီးသမားနှစ်ယောက်နဲ့ ဆက်စပ်မနေနိုင်ဘူးလား ဆရာ၊ ဆက်စပ်နေတယ်ဆိုရင်၊ ကျွန်တော်တို့ ကျတ်ကုန်းကြီးပေါ်မှာ အလုပ်မလုပ်ဝံ့အောင် အိမ်မက်မက်တယ်ဆိုပြီး ခြောက်လှန့်ခဲ့တဲ့ ဒေါ်ကျည်းတန်ကြီးကို ဖမ်းလို့မရဘူးလား ဆရာ"

လှထွေး၏မေးခွန်းကို ဦးရဲတင့်က စဉ်းစားဟန်ဖြင့်၊ တော်တော်ကလေးကြာအောင် ဘာမျှပြန်မပြော။ ကျက်ကုန်းကြီးဘက်သို့သာ မမှိတ်မသုန် စိုက်ကြည့်လိုက်ပြီး -

"ဒီအဘွားကြီး. . . တို့ရောက်လာတာကို မကြိုက်ဘူးဆိုတာတော့ သေချာတယ်ကွ။ ဒီအဘွားကြီးနဲ့ ကျတ်ကုန်းကြီးပေါ်မှာ ညက တို့လိုက်ရှာတဲ့လူတွေ တစ်နည်းတစ်လမ်းတော့ ဆက်စပ်နေစရာရှိတယ်"

ငြိမ်၍နားထောင်နေသော ငမှေးက မေးခွန်းဝင်ထုတ်ပြန်သည်။

"ကျွန်တော်တို့ ညကဖြစ်တဲ့အကြောင်းကို မြို့ကလေးက ရဲစခန်းကို အကြောင်းကြားလိုက်တာ မမှားဘူးမဟုတ်လား ဆရာ"

ဦးရဲတင့်က ခေါင်းကိုသာညိတ်ပြလိုက်သည်။ ပြီးမှ မျိုးမင်းဇော်ကို အနားသို့ခေါ်ရင်း -

"ငါတို့ ဘာတွေဖြစ်နေဖြစ်နေ၊ ဘယ်လိုပဲ အနှောင့်အယှက် အန္တရာယ်တွေရှိနေရှိနေ တို့လာခဲ့တဲ့ ရည်ရွယ်ချက်ကို မဖြစ်မနေ အကောင်အထည်ဖော်လိုက်တော့မယ်။ မောင်မျိုးမင်းဇော်က သူတို့နဲ့ တိုင်ပင်ပြီး လုပ်ထားစရာရှိတာကို အသင့်ပြင်ထားပေတော့။ တို့လုပ်ငန်းကို အကောင်အထည်ဖော်မယ်ဆိုရင် နက်ဖြန်ကစပြီး လုပ်ကြတာပေါ့ ဟုတ်လား"

ထိုအခိုက် ရဲစခန်းမှ နယ်ထိန်းဦးကြီးမြင့်နှင့် တပည့်နှစ်ဦး ကျောင်းဝင်းထဲသို့ စက်ဘီးတွန်းရင်း ဝင်လာသည်။

ဦးရဲတင့်နှင့် မျိုးမင်းဇော်တို့က အားရဝမ်းသာ နှုတ်ဆက်လိုက်သည်။

"အလို. . . ပြည်သူ့ရဲကြီး၊ စောစောစီးစီးပါလား၊ ဘာများ အကြောင်းထူး တွေ့လာလို့လဲဗျ"

နယ်ထိန်းကြီးက ချွေးများရွှဲနေသော သူ့ခန္ဓာကိုယ်ဝဝကြီးကို အေးမြသွားအောင် အင်္ကျီကြယ်သီးများကို ဖြုတ်လိုက်ရင်း-

"ညက ကျတ်ကုန်းကြီးပေါ်မှာ မီးလောင်မှုဖြစ်ပွားတယ်၊ မသင်္ကာစရာတွေ တွေ့ရတယ်၊ သွေးစသွေးနတွေလည်း တွေ့ရတယ်လို့၊ ခင်ဗျားတပည့် ငမှေးတစ်ယောက် ဒီမနက်အစောကြီး စခန်းကိုလာ သတင်းပေးလို့ ကျွန်တော်တို့ စုံစမ်းဖို့လိုက်လာတာပါ"

မျိုးမင်းဇော်က နယ်ထိန်းကြီး၏လက်ကို တရင်းတနှီး ဆွဲကိုင်လှုပ်ယမ်းလိုက်ရင်း -

"ကျွတ်ကုန်းကြီးပေါ်ကို ဒီမနက်ပဲ နယ်ထိန်းကြီးတို့ သွားကြည့်ဖို့ကောင်းတယ်၊ ညကဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ အမြန်ဆုံး စုံစမ်းပေးစေလိုပါတယ်။ ကျွန်တော်တို့ သန်ဘက်ခါကစပြီး ကျွတ်ကုန်းကြီးပေါ် လုပ်ငန်းစပါတော့မယ်"

မျိုးမင်းဇော်မှာ ညက အိပ်ရေးပျက်ထားသော သူ့အပေါင်းအသင်းများကို ထပ်မံ၍ အကူအညီတောင်းရန် ဝန်လေးလျက်ရှိသည်။ အမှန်ဆိုရလျှင် ကျွတ်ကုန်းကြီးပေါ်သို့ ယခုနယ်ထိန်းအဖွဲ့နှင့် အမြန်ဆုံးပြန်လိုက်သွားချင်သည်။ ဆရာ ဦးရဲတင့်က နက်ဖြန်မှ တက်ပြီး ပန္နက်တိုင်ရိုက်ကြတာပေါ့ဟု ပြောထားသောကြောင့် အောင့်အည်းနေရသည်။

ညက ကျွတ်ကုန်းကြီးပေါ်တွင် သူသာ ကျန်ရစ်ခဲ့လျှင် ဘာများလုပ်နိုင်မလဲဟု စဉ်းစားမိသည်။ ဘာတွေ တွေ့ရလေမလဲဟု တွေးနေမိသည်။ ညက မီးရောင်ဖြင့် တွေ့ရသမျှ အခြေအနေကို ကြည့်လျှင် ကုန်းတန်းကြီးရွာဘက်မှ ကုန်းမြင့်ကြီးဘက်သို့ လူအသွားအလာမများလှကြောင်း ထင်ရှားသည်။ ထင်းခုတ်ဝါးခုတ်ရင်း ရောက်သွားတတ်သူ သတ္တိခဲအချို့မှာလည်း အများသုံးထားသည့် လူသွားလမ်း ကွေ့ကွေ့ကောက်ကောက်ကလေးများကိုသာ သုံးထားပုံရသည်။ အတွင်းပိုင်းကျကျသို့ပင် ရောက်ဖူးပုံမရ။ ကုန်းတန်းကြီးကျေးရွာသားများသာ အရောက်အပေါက်နည်းသည့် ကျွတ်ကုန်း

ကြီးပေါ် တက်နိုင်သည့်လမ်းစကိုထွင်၍ မသမာသူများကတော့ အမြဲလိုလို ရောက်တတ်ပုံပေါ်သည်။

ဘကြီးမြိုင်ခြေမ ဒဏ်ရာရသွားသည့်နေရာအနီးက ကျင်းကြီးကို အမှတ်ရမိသည်။ အလင်းရောင်ကောင်းကောင်းဖြင့် သွားကြည့်ချင်သည်။ ညက ကျတ်ကုန်းကြီးပေါ် ကျန်ခဲ့သူအချို့၏ ပြောပြချက်အတိုင်းဆိုလျှင် ထိုကျင်းကြီးမှာ သူတို့တူးဖော်မှုလုပ်ငန်းအတွက် များစွာအရေးပါနိုင်သည်။

သူတို့ပြောကြသလို အဆောက်အအုံကြီးတစ်ခု ပြိုကျပျက်စီးနေခြင်းပေလား။ လူမသမာများက ပစ္စည်းတူးဆွရှာဖွေရင်း ရောမကျင်းကြီးတစ်ကျင်းဖြစ်ပေါ်သွားရခြင်းပေလား။ ဒါမှမဟုတ် အခြားမြို့ဟောင်းကြီးများတွင် တွေ့ရတတ်သကဲ့သို့ နန်းတော်ကြီးတစ်ခုအတွင်း ဝင်ရောက်သည့် တော်ဝင်လှေကားထစ်ကြီးများပေလား။ ဘစ်ချိန်က အများသူငါ သုံးစွဲခဲ့သည့် ဈေးလယ်လမ်းမကြီးပေလား။

ဦးရဲတင့်ဇရပ်ထဲသို့ ပြန်ဝင်သွားသည်။ မျိုးမင်းဇော်ခုံတန်းတွင် ထိုင်လျက်ကျန်ရစ်သည်။ ငမှေးနှင့်လှထွေးတို့ သေတ္တာကြီးတစ်လုံးကိုမ,လျက် ဇရပ်ပေါ်မှ ဆင်းလာသည်။

လှထွေးတို့ကို မြင်မှ သူမှာထားသည့်အချက်တစ်ချက်ကို သတိရသွားသည်။ အမဲဆီသုတ်ထားသည့်ပေါက်တူး၊ ပေါက်ပြား၊ ပေါက်ချွန်းများကို စာရင်းနှင့်တိုက်ကြည့်ကြရန်မှာကြားထားသည် မဟုတ်လား။ ပေကြိုးတိုင်းနည်း၊ ရိန်းဂျင်းပိုးလ် ခေါ် ပေတံရှည်ကြီး

များဖြင့် တိုင်းတာနည်း၊ မှတ်တမ်းတင်နည်းများကို သင်ပေးမည်ဟု ကတိပေးထားသည် မဟုတ်လား။

အထူးသဖြင့် အိုးခြမ်းကွဲစာရေးအဖြစ် ခန့်ထားသည့် လှထွေးကို အိုးခြမ်းကွဲစာရေးတစ်ဦး၏ တူးဖော်ရေး လုပ်ငန်းခွင်အတွင်း တာဝန်ဝတ္တရားများ၊ လုပ်ငန်းများကို ပြောပြမည်ဟု ခေါ်ထားမိသည်မဟုတ်လား။

ထိုနေရာတွင် မျိုးမင်းဇော် အကြာကြီး ဆက်၍ထိုင်နေသည်။ သူဆုံးဖြတ်ချက်တစ်ခုကို ပြောင်းချလိုက်သည်။

"နိုင်ငံတော်နဲ့လူမျိုးအတွက် ဂုဏ်တက်စေမယ့်တာဝန်ကြီးကို ဆုံးခန်းတိုင် ငါဆက်လုပ်မယ်။ ရန်ကုန်မပြန်တော့ဘူး"

□ □ □ □ □

## အခန်း (၁၄)

ယခုရက်ပိုင်းအတွင်း မျိုးမင်းဇော်၏လှုပ်ရှားမှုကို ကြည့်၍ ဦးရဲတင့် အတော်ကလေးအံ့ဩနေသည်။ သူ့ကောင်မလေးကို သတိမရတော့ဘူးထင်ပါရဲ့ဟု တွေးလိုက်မိသည်။

ညနေတိုင်း ကျောင်းဝင်းအတွင်း လူငယ်ကလေးများနှင့် တွေ့ဆုံသည်။ ဂျူဒို၊ ကရာတေးတွေသင်ပေးနေသည်။ ဆေးလိပ်မသောက်ရေး၊ မူးယစ်ဆေးဝါးမသုံးစွဲရေး၊ အေအိုင်ဒီအက်စ် မဖြစ်အောင် ကြိုတင်ကာကွယ်ရေးတရားများ ဟောနေဘတ်သည်။ ဟော. . . အခုလည်းကြည့်။

စောစောပိုင်းကပင် ကျွတ်ကုန်းကြီးပေါ် တက်စုံစမ်းသည့် နယ်ထိန်းကြီးနှင့် စကားပြောနေသေးသည်။ ကျောင်းဝင်းကြီးထဲတွင် သူ ရှိနေသေးသည်။ မေမွေးတို့လှထွေးတို့နှင့်ပင် တူးဖော်ရေးပစ္စည်းများကို တစ်ခုချင်းစစ်ဆေးနေသေးသည်။ ပေကြိုးကြီးဖြင့် ပေတိုင်းနည်းတွေ သင်ပေးနေသေးသည်။ မြေပေါ်တွင် ဂရစ်ရိုက်နည်းများကိုပင် အားကြိုးမာန်တက် သင်ပေးနေသေးသည်။ သီယိုဒိုလိုက်ကိရိယာဖြင့် အကွာအဝေးတိုင်းနည်းတွေတောင် အော်ကြီး

ဟစ်ကျယ်ပြပေးနေသေးသည်။ အခုသုံးယောက်စလုံး ဘယ်ဆီရောက်သွားသည်မသိ။ သော့ခတ်ထားသည့် သေတ္တာကြီးသာ သစ်ပင်အောက်တွင် ကျန်ရစ်သည်။ အိပ်ရေးပျက်ထား၍ ဒီနေ့တော့ အနားယူပါဟု မေတ္တာရပ်ခံထားပါလျက် ကျတ်ကုန်းကြီးပေါ်သို့များ ရောက်နှင့်နေပြီလားမဆိုနိုင်။

မှန်ပါသည်။ ဦးရဲတင့်ဗေဒင်ဟောစားလျှင် ကြီးပွားနိုင်ပါသည်။ သူ တွေးသည့်အတိုင်းပင် မျိုးမင်းဇော်၊ ငမွေးနှင့် လှထွေးတို့ကျတ်ကုန်းကြီး၏ အရှေ့ဘက်ဝဲစ်နေရာသို့ ရောက်နေကြပြီမဟုတ်လား။

မျိုးမင်းဇော်က လှည်းလမ်းကြောင်းအတိုင်း လိုက်သွားနေရင်း ကျတ်ကုန်းကြီးကို နေရောင်အောက်တွင် အနီးကပ်၍ ကြည့်ခွင့်ရသွားသည်။ ရပ်နေသည့်နေရာမှ ကျတ်ကုန်းကြီး၏လေးဘက်လေးတန်သို့ လှေ့လာကြည့်သည်။ ဟုတ်ပါရဲ့။ ကျတ်ကုန်းကြီးနှင့်အနီးဆုံးရွာဟူ၍ ကုန်းတန်းကြီးကျေးရွာသာရှိသည်။ အခြားရွာနှင့်တူသော အရိပ်အယောင်ကိုမျှ မမြင်ရ။ ဘယ်နေရာကိုပင် လှည့်ကြည့်၊ လှည့်ကြည့်၊ ဆူးချုံပင်ကလေးများ ယှက်ထပ်စွာပေါက်ရောက်နေသည့် ကျတ်တီးလွင်ပြင်များသာတွေ့ရမည်။ ဘာကြောင့်များကုန်းတန်းကြီးကျေးရွာတစ်ရွာတည်း ဤကျတ်ကုန်းကြီးနှင့်အနီးဆုံးနေရာတွင် လာရောက်တည်ရှိနေရပါသလဲ။ ဘယ်သူများ ဘယ်လိုစိတ်ကူးဖြင့် သည်လိုကုန်းခေါင်ခေါင်နေရာကြီးမျိုးတွင် လာပြီးတည်ထားတာပါလိမ့်။

မျိုးမင်းဇော်က ကျွတ်ကုန်းကြီးအနီးတွင် ကြာကြာဆက်မနေနိုင်။ ငမှေးတို့ပြောထားသည့်အတိုင်း ထူးထူးဆန်းဆန်းအရာဝတ္ထုကြီးများဆိုသည်ကို လိုက်ကြည့်ရဦးမည်။

မကြာမီ သူတို့သုံးယောက်ကျွတ်ကုန်းကြီးကို နောက်ချန်ထားခဲ့သည်။ ထီးမပါ၊ ဦးထုပ်ဗလာဖြင့် နေပူကျဲကျဲကြီးထဲတွင် ဆူးချုံများပေါ်၌ ခရီးနှင်နေကြသည်။ ကျွတ်ကုန်းကြီးအရှေ့တောင်ဘက်ယွန်းယွန်းသို့ တစ်နာရီကျော်မျှကြာခဲ့ပြီ။ ငမှေးတို့ပြောသည့် ထူးထူးဆန်းဆန်းဆိုသည့်နေရာကြီးက ဘယ်နေရာမှာပါလိမ့်။ မျိုးမင်းဇော်ဝတ်ထားသည့် ဂျင်းဘောင်းဘီ၊ ဂျင်းအကျီတို့မှာ ချွေးတို့ဖြင့် ရွှဲရွှဲစိုလျက်။

အရေးထဲ လှထွေးက ဒေါ်ကျည်းတန်ကြီးအကြောင်း မေးနေသည်။ သူတို့ကို ဘာကြောင့်မလိုလားရကြောင်း သိချင်နေသည်။

မင်းတို့ပြောသလိုဆိုရင် "ဒေါ်ကျည်းတန်ဟာ အစ်ကိုတို့ဌာနကလူတွေ ရောက်မလာခင် ဒီရွာမှာ အင်မတန်အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပေါ့ကွာ။ ရုပ်ကလည်း ဆိုးတယ်။ အပြောကလည်း ကြမ်းတယ်။ ဘယ်သူကမှ သူ့ကိုပြန်ပြီးမပြောဝံ့ကြဘူး။ စောဒကမတက်ဝံ့ကြဘူး။ သူပြောသမျှအားလုံးကို လူတွေက မျက်စိမှိတ်ပြီးယုံခဲ့တယ်။ ဒါကို အခွင့်ကောင်းယူပြီး ကျွတ်ကုန်းကြီးအကြောင်းကိုပုံကြီးချဲ့ပြီးပြောထားတယ်။ ကျွတ်ကုန်းကြီးမှာစောင့်နေတဲ့အကောင်တွေနဲ့ပဲ သိကျွမ်းနေသယောင် အယုံသွင်းခဲ့တယ်။ ဗေဒင်လိမ်ဟောတယ်။ ညာပြီးဆေးကုစားတယ်။ အဲ. . . တို့ရောက်လာ

တော့ သူ စားပေါက်ပိတ်သွားပြီပေါ့ကွာ။ ဒီတော့ အိပ်မက်မက်တယ်ဆိုပြီး ဘာဘာညာညာလုပ်ရင် တို့ကိုထွက်ပြေးမယ်လို့ ထင်ခဲ့တယ်ကွ။ ဒါပေမဲ့ မင်းတို့ရွာက ယုံလွယ်တတ်တဲ့ လူကြီးတွေတို့နဲ့လာပြီး အလုပ်မလုပ်ဖို့အောင် သူ ကြိုးစားတာ အောင်မြင်သွားတာ မင်းတို့အသိပဲ"

မျိုးမင်းဇော်က ငမေ့းနှင့်ရင်ပေါင်တန်း၍ လျှောက်နေရာမှ ရှင်းပြသည်။ ထို့နောက် သုံးယောက်သား အတန်ကြာမျှစကားပြတ်သွားသည်။ မျိုးမင်းဇော်က "ကောလာဟလ" ဆိုသည့် ဝေါဟာရကိုစဉ်းစားရင်း ခြေလှမ်းသွက်သွက်လှမ်းသည်။ တကယ်ဆိုရင်တော့ ကောလာဟလဆိုသည်က တကယ်ရှုံမုန်းစရာကောင်းလှသည့် မသမာမှုတစ်ရပ်။ နိုင်ငံရေးဖြင့် ကိုယ်ကျိုးရှာလိုသူများ၊ စီးပွားရေးသောင်းကျန်းသူများ၊ ကျားငစဉ်းလဲများ၏ ရှုံမုန်းစရာလုပ်ရပ်။ နောက်ပြီး အစိုးရိမ်ကြီးတတ်သူများအတွက် ချိန်ကိုက်ဖောက်ခွဲလိုက်သည့် ဝါယောဗုံးတစ်လုံးပေပဲ။

"အစ်ကို ဟိုမှာရောက်ပြီ"

ရှေ့က ခပ်သုတ်သုတ်လှမ်းနေသည့် လှထွေးက အားရဝမ်းသာ ဟစ်အော်လိုက်သည်။ ငမေ့းနှင့် လှထွေးတို့လွင်ပြင်ကျယ်ကြီး တစ်နေရာသို့ အပြေးအလွှားသွားကြသည်။

"ဘာလဲဗျ၊ ဘာလဲ။ ဘာတွေ့လို့လဲ"

"ကျွန်တော်တို့ရှာနေတဲ့နေရာ ရောက်ပြီလေ၊ ဒီမှာ၊ ဒီမှာ လာကြည့်စမ်းပါဦး"

သူတို့နှစ်ယောက် ဒူးသောက်ထိုင်ချလိုက်သည့်နေရာသို့ မျိုးမင်းဇော် အပြေးအလွှားရောက်သွားသည်။ ဘူမိဗေဒအမြင်ဖြင့် ပတ်ဝန်းကျင်ကို မျက်စိကစားလိုက်သည်။

"ဟ. . . ဒီနေရာမှာ တစ်ချိန်က ချောင်းကြီးတစ်ခု။ ဒါမှမဟုတ် အိုင်ကြီးတစ်အိုင်ရှိဖူးလိမ့်မယ်ကွ"

ပြောပြောဆိုဆို မျိုးမင်းဇော်က ဘောင်းဘီအိတ်ထဲမှ မှတ်စုစာအုပ်ငယ်ကိုဆွဲထုတ်သည်။

"ဒီနေရာကို ဘယ်လိုခေါ်သလဲကွ"

ငမှေးအသံက လေထုကိုခွင်း၍ထွက်လာသည်။

"ကျစ်ချောင်"

မျိုးမင်းဇော်တစ်ခါမျှမကြားဖူးခဲ့၊ သူအလွန်အံ့ဩသွားသည်။

"ကျစ်ချောင်ဆိုတာ ဘာအဓိပ္ပာယ်လဲကွ"

လှထွေးက ဝင်ဖြေသည်။

"ကျစ်ချောင်ဆိုတာ ရွှံ့စေးတွေက တောင်ကုန်းကလေးတွေလို ဖြစ်နေတာကိုပြောတာပါ"

"ဟာ"

မျိုးမင်းဇော်က ရုတ်တရက် တစ်နေရာသို့ ပြေးသွားသည်။ တစ်စုံတစ်ခုကို မြေကြီးထဲမှ ဟူးထုတ်ရန်ကြိုးစားနေသည်။

"လှထွေးတို့ ဒီမှာလာကြည့်စမ်း။ ဒါကြီးကို တူးကြည့်စမ်း"

ငမှေးက မျိုးမင်းဇော် လက်ညှိုးထိုးပြသည့်အရာကိုကြည့်ရင်း တအံ့တဩမေးလိုက်သည်။

"အဲဒါ. . . ဘာကြီးလဲဆရာ"

"ကျောက်ဖြစ်ရုပ်ကြွင်းလေကွာ"

ငမှေးက နားမရှင်း၍ မျိုးမင်းဇော်ကို ကြောင်၍ကြည့်နေသည်။

"ကျောက်ဖြစ်ရုပ်ကြွင်းဆိုတာ၊ ရှေးနှစ်ပေါင်းတစ်သန်းကျော် လောက်က ရှိခဲ့ဖူးတဲ့သတ္တဝါတစ်ကောင်ရဲ့ အရိုးအကြွင်းတွေပေါ့"

လှထွေးက တူးထုတ်ရရှိသော ထူးထူးဆန်းဆန်းပစ္စည်းကို မျိုးမင်းဇော်လက်ထဲသို့ ကမ်းလိုက်သည်။

"ဒါဖြင့် ဒါကြီးကဘာလဲ"

"ဟိုး. . . တုန်းကရှိခဲ့တဲ့ နို့တိုက်သတ္တဝါတစ်ကောင်ကောင်ရဲ့ မေးရိုး။ ဒါကတော့ အဲ့ဒီသတ္တဝါတစ်ကောင်ကောင်ရဲ့ အံသွားတွေကွ"

မျိုးမင်းဇော်က ခါးကြားတွင်ထိုးထည့်လာသော သံလက်ကလေးထုတ်လိုက်၏။ မြေကြီးထဲမှ တစ်စုံတစ်ခုကို တူးဖော်ယူလိုက်သည်။ မျိုးမင်းဇော်၏လက်မှ အရာဝတ္ထုကိုကြည့်၍ -

"ဟာ. . . ဒီနေရာကိုရောက်လာတဲ့ ကျွန်တော်တို့ရွာကလူတွေက ရဟန္တာသွားဆိုပြီး ကိုးကွယ်နေကြတဲ့ပစ္စည်းကြီးပါလား"

"ကိုစံမြတ်ကြီးက ပြောတော့ ဘီလူးသွားတွေဆို"

မျိုးမင်းဇော်က နေပူကြီးထဲတွင် ခါးထောက်ရပ်ရင်း၊ တဟားဟားရယ်လိုက်သည်။

"မင်းတို့ တော်တော်ရယ်ရတဲ့ကောင်တွေပဲ။ အဲဒါ မသေမချင်း မှတ်ထားကွ၊ ကျောက်ဖြစ်ရုပ်ကြွင်းတွေကွ"

မျိုးမင်းဇော်က အခြားအရာဝတ္ထုတစ်ခု ကောက်ယူပြပြန်သည်။

"ဟောဒါကတော့၊ ကျောက်ခရု၊ ကျောက်ယောက်သွား တွေကွ"

"ကျွန်တော်တို့ရွာမှာ ဆေးကုတဲ့ အဘိုးကြီးကပြောတော့ မျက်စိနာရင်၊ အနာပေါက်ရင် သွေးလိမ်းရတဲ့ပစ္စည်းဆို"

မျိုးမင်းဇော်က ထပ်ပြီးရယ်လိုက်ပြန်သည်။ ငမှေးနှင့်လှထွေး တို့လည်း ရောယောင်၍ ရယ်လိုက်သည်။

ထူးထူးဆန်းဆန်း နေရာတစ်ခုက ထူးထူးဆန်းဆန်း ကျောက်ခဲမျိုးတွေ ပြမယ်ဆိုပြီး ခေါ်လာမိတာမှန်သွားပြီ။ ငမှေးက စဉ်းစားလိုက်မိသည်။

ဘာပဲပြောပြော အပြန်ခရီးတစ်လျှောက်လုံး သူတို့သုံးယောက် အလာခရီးထက်ပိုပြီး ပင်ပန်းသည်။ တစ်နာရီကြာမျှ မျိုးမင်းဇော် စိတ်တိုင်းကျ တူးယူလာခဲ့သော ထူးထူးဆန်းဆန်းကျောက်ခဲများကို တစ်နင့်တပိုး ထမ်းခဲ့သယ်ခဲ့ရသောကြောင့်ပင်။

ဘုန်းကြီးကျောင်းဝင်းထဲပြန်ရောက်တော့ မျိုးမင်းဇော်က သူ့ လက်ပတ်နာရီကိုငုံ့ကြည့်လိုက်သည်။ "ဟာ. . .တစ်နာရီတောင် ထိုးပါပေါ့လား"

မကြာမီ မျိုးမင်းဇော်နှင့်အတူ ရေချိုးရန်စောင့်နေသော ဦးရဲတင့်ကြီး ပြေးဆင်းလာသည်။

"ဟ. . . ဟ. . . မင်းတို့ ဘယ်ရောက်သွားကြတာလဲ။ ထမင်းစား ချိန်တောင်ကျော်နေပြီ။ ဒါတွေကရော ဘာတွေလဲကွ"

မျိုးမင်းဇော်က ဘုန်းကြီးကျောင်းဝင်းအတွင်း စာသင်ကျောင်းကလေးထဲမှ ခုံတန်းလျားရှည်သုံး၊ လေးလုံးကို သွားငှားခိုင်းလိုက်သည်။ ရောက်လာသည့်ခုံများကို တစ်ခုနှင့်တစ်ခု ဆက်ခင်းခိုင်းလိုက်သည်။ ပြီးနောက် သူတို့ တစ်ပင်တပန်းသယ်လာခဲ့ရသော အဖိုးတန်ရှေးဟောင်းပစ္စည်းများကို တစ်ခုနှင့်တစ်ခု တစ်လက်မစီလောက်ခြားလျက် စီချထားလိုက်သည်။

မျိုးမင်းဇော်က ဂုဏ်ယူဝံ့ကြွားသောမျက်နှာထားဖြင့် ပစ္စည်းတစ်ခုစီ၏ အမည်စာရင်းကို ထုတ်ဖော်ကြေညာလိုက်သည်။

"ဟာဒါက လွန်ခဲ့တဲ့အနှစ် ၅ သန်းနဲ့ ၁ သန်းအကြားက ဟောဒီကုန်းတန်းကြီးကျေးရွာနဲ့ မနီးမဝေးမှာ နေထိုင်ကျက်စားခဲ့ဖူးတဲ့ ကြံ့ကြီးတစ်ကောင်ရဲ့အံသွားတွေပါတဲ့ အောက်မေးရိုးကြီး။ ဟောဒါကတော့ စတီရိုဒွန်ဆင်ရဲ့မေးရိုးနဲ့ဆင်အံ။ ဟောဒါကလည်း အဲဒီဆင်မျိုးရဲ့ ကျောက်ဖြစ်နေတဲ့ အံသွားနဲ့အစွယ်ပေါ့"

မျိုးမင်းဇော်တစ်ခုချင်းရှင်းပြ၍ မပြီးမီမှာပင် အလွန်အံ့ဩနေသော အမူအရာဖြင့် ဦးရဲတင့်က "ဟိုက်" ခနဲအော်လိုက်သည်။ သူ့နဖူးပြောင်ပြောင်ကြီးကိုလည်း လက်ဖနောင့်ဖြင့် ဖျတ်ခနဲရိုက်လိုက်မိတော့သည်။

မကြာမီ ဆရာတော်ကြီး၊ ဦးမြိုင်နှင့် ကျောင်းအုပ်ဆရာကြီးတို့ ရောက်လာကြသည်။ စားပွဲပေါ်မှ ထူးထူးဆန်းဆန်းပစ္စည်းများကိုလည်း တစ်ခုချင်း တအံ့တဩကိုင်ကြည့်နေကြသည်။

မျိုးမင်းဇော်က ဆရာတော်ကြီးအား မြေပေါ်ဦးချလိုက်ရင်း-

"ဟောဒီတောင်ကုန်းကြီးကျေးရွာဟာ နှယ်နှယ်ရရရွာတစ်ရွာ မဟုတ်ပါဘူးဘုရား။ ရှေးပျူမြို့ဟောင်းကြီးတစ်မြို့ အထင်အရှားရှိခဲ့ဖူးတဲ့ အထောက်အထားတွေကြောင့် အလွန်ဂုဏ်ယူစရာကောင်းပါတယ်ဘုရား။ တပည့်တော် အခုစုဆောင်းရရှိလာတဲ့ အဖိုးတန်ပစ္စည်းကလေးတွေကလည်း ကုန်းတန်းကြီးကျေးရွာပတ်ဝန်းကျင်ဟာ မြန်မာ့ရှေးဦးလူသားတွေ စတင်ပေါက်ဖွားနေထိုင်ခဲ့တဲ့ နေရာဒေသဟောင်းကြီးတစ်ခု ဖြစ်ဖူးတယ်လို့ သက်သေခံနေကြတဲ့အတွက် ထပ်မံပြီးတော့ ဂုဏ်ယူစရာပါပဲဘုရား"

□ □ □ □ □

## အခန်း (၁၅)

ရန်ကုန်မြေကိုပင် လွမ်းသေးတော့။

ရန်ကုန်လေကို မရှူရှိုက်ရသည်မှာ ခုနစ်ရက်ပင်ပြည့်လုပြီ။

မျိုးမင်းဇော်မှာ စင်သီယာနှင့်ပတ်သက်၍ လွမ်းဝေဒနာကို မကြေညာအားတော့ပြီ။ ကျွတ်ကုန်းကြီးပေါ်တွင် ပန္နက်တက် ရိုက်ဖို့၊ တူးဖော်ရေးလုပ်ငန်းတွေစဖို့။ အလုပ်သမားတွေရဖို့။ ဒါတွေကိုသာ စိတ်အားထက်သန်နေတော့သည်။

သူရောက်ကတည်းက မနေမနား လှုပ်ရှားနေရသည်။ အတော်ကလေးမောနေပြီ။ ငမှေးတစ်ယောက်ရော ဘာထူးသေး သနည်း။ သူလည်း အတော်ကလေးဟိုက်နေပြီ။ လှထွေး တစ်ယောက်ရော သက်သာမည်ထင်သလား။ ရန်ကုန်စကားနှင့် ပြောရလျှင် သူလည်း ဖလက်မှာပြချင်နေပြီ။

မျိုးမင်းဇော်က သူ့စိတ်ကူးအာရုံကို အလုပ်ခွင်၌ မြှုပ်နှံထား နိုင်ရန် ကြိုးစားသည်။ ရန်ကုန်တွင် ကျန်ရစ်ခဲ့သော ပင်စင်စား အဖအိုကြီးနှင့် ကျောင်းသူအရွယ်ညီမလေးနှစ်ဦးအကြောင်းကို မေ့ ထားဖို့ကြိုးစားနေရသည်။ အထူးသဖြင့် စင်သီယာဆိုသောတိုင်း

တစ်ပါးရောက်နေသည့် ကောင်မလေးတစ်ယောက်အကြောင်းကို စိတ်ကူးထဲမှ မနည်းမောင်းထုတ်နေရသည်။ မေ့နိုင်ဖို့ကြိုးစားနေရပြီဆိုတော့ ငမှေးတို့နှင့်ပဲ မကွဲမကွာနေရသည်။ သူတို့ကိုခေါ်၍ ရွာထဲအနှံ့လေ့လာရေးထွက်ရသည်။ လေ့လာရင်း အလုပ်သမားစုဆောင်းရေးတာဝန်လည်း ပါသပေါ့။

အလုပ်သမားလိုက်ရှာရင်း ရွာထဲမှအိမ် အတော်များများသို့ ရောက်ရသည်။ စားလိုက်ရသည့် ထန်းလျက်တွေ၊ မြေပဲဆန်တွေ။ နေ့စဉ်လိုလိုစားနေရတော့ မျိုးမင်းဇော် အတော်ကလေး ငြီးငွေ့လာသည်။ သို့ပေမည့် အညာဓလေ့၊ လေ့လာနိုင်ခြင်းအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

ပြစမ်းပါဟု ရန်ကုန်တွင်သုံးနှုန်းတတ်သည်။ ဤဒေသ၊ ဤရွာတွင် တစ်ခုခုကိုကြည့်ချင်လျှင် "မှန်း. . ." ဟူ၍ ပြောသံကြားရသည်။ ညနေဘက် နေစောင်းလာလျှင် လှေထွေးတို့ဆွေမျိုးများအိမ်သို့ အလည်ပါသွားတတ်သည်။ ဖျင်ကြမ်းအကျီတစ်ထည်ဖြစ်လာဖို့ အညာသူလေးတွေ ဗိုင်းငင်ပုံ၊ ဝါဖန်ပုံတို့ကို လေ့လာခွင့်ရသည်။ မျိုးမင်းဇော်က လက်တွေ့သမား။ သူကိုယ်တိုင် တစ်ခါတစ်ခါ လက်တွေ့ဝင်လုပ်ကြည့်သည်။ ရက်ကန်းအလုပ်ကိုတော့ သူလို စိတ်ကူး အမြဲလွင့်နေတတ်သူတစ်ယောက်အတွက် ဘယ်လိုမှ မကိုက်ညီ။

အညာအိမ်တွင် အညာသူကလေးများနှင့် မောင်ရင်းနှမပမာ တရင်းတနှီး ပြောဆိုနေထိုင်နေရချိန်တွင် အိမ်မှညီမငယ်နှစ်ဦးကို

အမြဲသတိရသွားတတ်သည်။ အကယ်၍ သူ သည်ရွာမှပြန်သွားခဲ့ရလျှင် 'နောက်တစ်ခါ လာဦးနော' ဟူသော အညာသံကလေးများကို မေ့နိုင်ပါမည်လား။

ကုန်းတန်းကြီးရွာအတွင်း တစ်အိမ်တက်တစ်အိမ်ဆင်း လည်ပတ်သွားလာနေရခြင်းမှာ မျိုးမင်းဇော်အတွက် ကံထူးလှသည်ဟုဆိုနိုင်သည်။ ကိုတင်ဦးကြီးအိမ်သို့ ငမေးခေါ်သွား၍ လိုက်သွားသည်။ စကားစပ်မိရာမှ ကိုတင်ဦး၏မိခင်အိုကြီးမှာ ကယားပြည်နယ်မှ ကယန်းတိုင်းရင်းသားဖြစ်နေကြောင်း သိရသည်။ ကယန်းအဘွားအိုထံမှ ကယန်းစကားပုံတစ်ခုကို မှတ်သားလိုက်ရသည်။

"အနို့မူပရာ. . . ဟန်းအွင့်၊ ဟွင်းပူးပရာဟန်းပရိုင်း. . ." တဲ့။ မြန်မာလိုအဓိပ္ပာယ်က သဘောကျစရာကောင်းသည်။ "အားလုံးဝိုင်းစားကြလျှင်မြိန်သည်၊ အားလုံးလေချွန်မှ အသံကျယ်သည်. ." ဆိုပါကလား။ "တစ်နေ့အလုပ်မလုပ်လျှင် တစ်လငတ်တတ်သည်" ဟူသော ကယန်းစကားပုံတစ်ခုကိုလည်း မျိုးမင်းဇော် ကြားရဖူးသည်။ သို့ပေမယ့် ကယန်းလိုတော့ မမှတ်မိတော့။ ရန်ကုန်ရောက်လျှင် အိပ်ရာထနောက်ကျတတ်သူ ညီမငယ်နှစ်ဦးကို ကယန်းစကားပုံတစ်ခုသင်ပေးရဦးမည်။ ပြေပြစ်ချောမောလှပသော မိန်းကလေးသည် ပျင်းရိသော မိန်းကလေးဖြစ်တတ်သည်. . .တဲ့"

တစ်ခါကမူ လှထွေးနှင့် ထီးလင်းမြို့နယ် ဝက်လက်ရွာက တောင်သားအဘိုးအိုကြီးတစ်ဦးနှင့် စကားပြောခွင့်ရသည်။ "ခင်ဗျားတို့က ဝက်သားတဲ့၊ ကျုပ်တို့ တောင်သားလိုတော့ ဝေါ့သား

တဲ့။ အုန်းသီးကို ကျုပ်တို့ကအုန်းထယ်။ ငရုတ်သီးကို ကျုပ်တို့က ဆန်းဖော။ လက်ဖက်ရည်ကို ကျုပ်တို့က လက်ဖက်ထွီ။ ထန်းရည်ကို ထန်းထွီလို့ခေါ်သဗျ။ ခင်ဗျားတို့ သေသေချာချာနားထောင်ရင်တော့ နားလည်ပါလိမ့်မယ်"

ထိုတောင်သားအဘိုးအိုထံမှပင် မျိုးမင်းဇော် ယောနယ်အသုံးအနှုန်း အတော်များများရလိုက်သည်။ 'မောင်က တယ်ပွန်သကိုး' လို့ဆိုရင် 'မောင်က သိပ်တတ်တာပဲ' လို့ပြောတာတဲ့။ 'သည်မိန်းကလေး သေသေကွေကွေရှိတယ်လို့' ပြောရင် ကျစ်လျစ်သိပ်သည်းတာကိုဆိုလိုတာတဲ့။ 'လမ်းမှာ ဗီလာကြီးမအိပ်နဲ့' လို့ဆိုသံကြားရင် မိမိအိပ်တာ ကန့်လန့်ကြီးဖြစ်နေသလား သတိပြုကြည့်ဖို့ကောင်းပြီ။ တစ်ခါတစ်ခါ အောင့်ကျွတ်ကျွတ်မပြောနဲ့လို့ သတိပေးခံရလိမ့်မည်။ ဘုကလန့်ကျကျ ပြောလိုက်မိပြီဆိုတာ သေချာသည်။ 'ရေမဖောနဲ့' ဆိုတာကတော့ 'ရေမကူးဖို့ တားမြစ်တာ' ဆိုပါကလား။ 'အုန်းကြီး၊ အုန်းလေး' တို့ဆိုတာ 'ဦးကြီး၊ ဦးလေး' တို့ကိုခေါ်တာပါ" တဲ့။

ကိုထွေးမောင်တို့ဖခင်ကြီးကတော့ နှုတ်ခမ်းမွေးကားကားကြီးနှင့် သျှောင်ထုံးကြီးနှင့်။ တကယ့်မြန်မာကြီး။ ထားဝယ်သတ္တုတွင်းတွင် အတော်ကြာကြာ အလုပ်လုပ်ခဲ့ဖူးသည်။ သည်တော့ အခုထိ ထားဝယ်စကား အတော်များများသတိရနေသေးသည်။

"ထားဝယ်ရောက်ရင် မိစုသားလို့ ပြောသံကြားရလိမ့်မယ်ကွ။ မိစုရဲ့သားကို ပြောတာမဟုတ်ဘူး။ ထားဝယ်လို မိန်းကလေး ပေါက်စလေးတွေကို ပြောတာကွ။ အော့အဲဆိုတာ တောက်တဲ့။

ခေါင်းဖျင်းသန့်နေသလားလို့မေးရင် နှာစေးနေသလားလို့မေးတာကွ။ ပျောပန်ဆိုတာ ငှက်ပျောပင်၊ မှောန်းသီးဆိုတာ မာလကာသီး၊ ဖျင်းစွန်ဆိုတာက အိမ်ရှေ့ဝရန်တာကိုပြောတာကွ”

တစ်ညနေတော့ ရွာထဲလှည့် တိုင်းရင်းသားစကားတွေ လိုက်လံမေးမြန်းပြီးအပြန် မောမောနှင့် ရေပင်မချိုးနိုင်။ စခန်းချဇရပ်သို့ ပြန်ရောက်သည်နှင့် အိပ်ရာပေါ် ပစ်လှဲချလိုက်သည်။ ဩစတြေးလျသို့ထွက်မသွားမီ စင်သီယာ နောက်ဆုံးရေးလိုက်သည့် စာဟောင်းကလေးတစ်စောင်ကို ပြန်ဖတ်မိသည်။ စာထဲတွင် စင်သီယာက မျိုးမင်းဇော်နှင့်ပတ်သက်၍ စိုးရိမ်မကင်းပုံပါရှိသည်။ အကယ်၍ လော့စ်အင်ဂျလိစ်မြို့သို့ ရောက်သွားခဲ့လျှင် တောသားမြို့ရောက်ပုံစံမျိုးဖြစ်နေမှာစိုးသည်။ သူတို့ အမေရိကန်ပြည်တွင် သုံးနေသည့် ဘန်းစကားအတော်များများကို ရေးထည့်ပေးလိုက်သည်။

ALLIGATOR ဆိုတာ မိကျောင်းလို့ ပြောတာမဟုတ်ဘူး။ မြူးမြူးကြွကြွဂီတကို ကြိုက်တတ်တဲ့လူမျိုးကိုပြောတာ၊ ANGEL ဆိုတာ နတ်စေတမန်တွေမဟုတ်ဘူး။ မိန်းမလျာတွေကို ဆိုလိုတာတဲ့။ BILLY ဆိုတာ လူနာမည်မဟုတ်ဘူး။ ရဲတွေကိုင်တဲ့နံပါတ်တုတ်ကြီးကို ပြောတာတဲ့။ MULE ဆိုတာ မြင်းလားကြီးတွေ မဟုတ်ဘူးတဲ့။ မူးယစ်ဆေးဝါးသယ်ပေးသူတွေတဲ့။ ACID ဆိုတာလည်း ငရဲမီးမဟုတ်ပြန်ဘူး။ အယ်လ်အက်စ်ဒီဆိုတဲ့ လှုံ့ဆော်မှုအာရုံဖြစ်စေတတ် တဲ့ ဆေးဝါးတစ်မျိုးတဲ့။ BALL ဆိုတာ ဘောလုံးလို့ မထင်လေနဲ့။ မူးယစ်ဆေးဝါးပြား။ BENNY ဆိုတာ

မူးယစ်ဆေးဝါးလုံး။ POT ဆိုတာ ဆေးခြောက်။ MARY JAMES ဆိုတာလည်း ဆေးခြောက်။ MARIJUANA ဆိုတာလည်း အတူတူပဲ။ CHINESE TOBACCO လို့ဆိုရင် ဘိန်းလို့သာမှတ်ပေတော့။ ဘိန်းဖြူတစ်အောင်စကို CADILAC လို့ ပြောတတ်သတဲ့။ CAP ဆိုတာ ကက်ပ်ဦးထုပ် မဟုတ်ပြန်ဘူး။ မူးယစ်ဆေးတောင့်တွေကို ပြောတာတဲ့။ သူတို့ဆီမှာ မူးယစ်ဆေးဝါး လှည့်လည်ရောင်းချသူတွေကို OPERATOR လို့ ခေါ်သတဲ့။

စင်သီယာ၏စာထဲတွင် မူးယစ်ဆေးဝါးယဉ်ကျေးမှုတွေ၊ ဘိန်းဖြူယဉ်ကျေးမှုတွေ တော်တော်လွှမ်းမိုးနေပါလား။ DYNA-MITE ဆိုတာ ဆေးခြောက်ပါတဲ့ စီးကရက်တဲ့။ SNOW ဆိုတာ ကိုကင်းတဲ့။ ဒီမှာလို TEA ဆွဲမယ်လို့ ပြောလို့မဖြစ်ဘူးတဲ့။ တီးလို့ ပြောရင် အမေရိကန်မှာ ဆေးခြောက်ပါတဲ့စီးကရက်လို့ နားလည်ထားကြသတဲ့။ သူတို့ဆီမှာ စီးကရက်ကို BRAIN TABLET လို့လည်း ခေါ်သတဲ့။ COFFIN NAIL (လူသေအခေါင်းရိုက်တဲ့သံ) ဆိုတာလည်း စီးကရက်လို့ ဆိုပါကလား။

ထိုနေ့ညနေကပင် စင်သီယာ၏စာကို ပြန်ဖတ်မိပြီးမှ လူတစ်ကိုယ်လုံး မူးယစ်ထုံထိုင်းသွားသလို ခံစားလိုက်ရသည်။ သူ တွေးလိုက်မိ၏။

"ဆွေမတော် မျိုးမစပ်တဲ့ တိုင်းတစ်ပါးမှာ ငါ့ဘဝရှေ့ရေးရော မူးယစ်ထုံထိုင်းရီဝေနေတော့မည်လား"

□ □ □ □ □

## အခန်း (၁၆)

လှထွေးကို သူကြီးဒေါ်က အလုပ်ကထွက်ခဲ့ဖို့မှာလိုက်သည့် သတင်းကြောင့် မျိုးမင်းဇော်စိတ်အတော် ထိခိုက်သွားသည်။ စိတ်ပျက် အားလျော့သွားသလိုခံစားမိသည်။ လူကြီးအလုပ်သမားများ မရ တော့၍ ဦးရဲတင့်မှာ စိတ်မော၊ လူမောဖြစ်နေပုံရသည်။ သို့အတွက် မျိုးမင်းဇော်က အားပေးစကားပြောလိုက်သည်။

"ဘာမှမပူနဲ့ ဆရာရဲ၊ ကျွန်တော် ကြည့်စီစဉ်ပေးမယ်"

မျိုးမင်းဇော်က လှထွေးကို သစ်ပင်ရိပ်တစ်နေရာသို့ ဆွဲခေါ် သွားသည်။ သူတို့နှစ်ယောက် အတန်ကြာတွတ်တိုးနေကြသည်။ လှထွေးမျက်နှာဝင်းလက်သွားသည်ကို တွေ့လိုက်ရသည်။ မကြာမီ လှထွေးတစ်ယောက် ဘုန်းကြီးကျောင်းဝင်းထဲမှ ခပ်သုတ်သုတ် ပြန်ထွက်သွားခဲ့သည်။

၁၅ မိနစ်ခန့်ကြာသွားသည်။ လှထွေးတစ်ယောက် ခပ်ပြုံးပြုံး မျက်နှာဖြင့် ဦးရဲတင့်ရှိရာသို့ ပြန်ရောက်လာသည်။ မျိုးမင်းဇော်က "ဘယ်လိုလဲ" ဟူသောသဘောဖြင့် မေးငေါ့ပြောလိုက်သည်။ လှထွေးက လက်နှစ်ဖက်ကို အားပါးတရပွတ်ရင်း. . .

"အစိုးရအလုပ်ဆိုတာ လက်ခံပြီးရင် ချက်ချင်းပြန်ထွက်လို့ မရဘူးလို့ ပြောလိုက်တယ်။ ဒီတော့ ကျောင်းပိတ်ထားတုန်းတော့ လုပ်နေဦးပေါ့တဲ့"

မျိုးမင်းဇော်က လှထွေးနှင့်ရောၡ်ရယ်နေသည်။ ဦးရဲတင့်မှာ လှထွေး၏လက်ကို အကြိမ်ကြိမ်လှုပ်ခါယမ်းသည်။ ကျေးဇူးတင်စကားတွေ တတွတ်တွတ်ရွတ်သည်။

"ကျေးဇူးပဲဟေ့၊ ကျေးဇူးပဲ"

မကြာမီ လှထွေးခေါ်ထားသည့် ရွာထဲကလူငယ်တစ်သိုက် ဘုန်းကြီးကျောင်းဝင်းထဲသို့ ဝင်လာကြသည်။

"ဟ. . . များလှချည်လား၊ မောင်သာထွေး။ မင်း ဘယ်လိုပြောပြီးခေါ်လာခဲ့တာလဲ"

လှထွေးက ဘာမှမပြော။ ပြုံး၍သာနေသည်။ မျိုးမင်းဇော်က လူငယ်များ၏မျက်နှာကို အသေအချာမှတ်သည်။ ကိုယ်ကာယ အနေအထားကို ဂရုတစိုက်စစ်ဆေးသည်။ လူငယ်များတွင် အသက်ကြီးသူလည်းပါသည်။ ငယ်သူလည်း ပါသည်။ အချို့က အရပ်ရှည်ရှည်။ အချို့က ခပ်ပုပု၊ ခပ်ဝဝ။

ဘာပဲပြောပြော၊ မျိုးမင်းဇော် အားရကျေနပ်သွားသည်။ တူးဖော်ရေးလုပ်ငန်းကြီး စတင်နိုင်တော့မည်ဟု ဝမ်းသာသွားသည်။

လှထွေးက သူ့အပေါင်းအသင်းများကို ဦးရဲတင့်ရှေ့တွင် တန်းစီခိုင်းလိုက်သည်။ တစ်ဦးချင်း၏အမည်ကို ရွတ်သည်။ အိတ်ထဲမှ စာရွက်ကလေးတစ်ရွက်ကိုလည်း ထုတ်ယူပြီးဖတ်ပြသည်။

"(၁) ကိုကြည်ခင် (အဘ-ဦးအေး၊ ၂၃ နှစ်)၊ (၂) ကိုငမေး (အဘ-ဦးကုလား၊ ၁၇ နှစ်)၊ (၃) ကိုလှထွေး (အဘ-ဦးမှော်၊ ၁၆ နှစ်)၊ (၄) ကိုဖိုးတာ (အဘ-ဦးကျောက်ခဲ၊ ၁၆ နှစ်)၊ (၅) ကိုစိုး (အဘ-ဦးစီ၊ ၁၅ နှစ်)၊ (၆) ကိုအောင်မြင့် (အဘ-ဦးစိန်ရိုး၊ ၁၅ နှစ်)၊ (၇) ကိုသန်းအေး (အဘ-ဦးနီ၊ ၁၆ နှစ်)၊ (၈) ကိုချိုကြီး (အဘ-ဦးထွေးမောင်၊ ၁၆ နှစ်)၊ (၉) ကိုဝင်းနိုင် (အဘ-ဦးမြိုင်၊ ၁၅ နှစ်)၊ (၁၀) ကိုဝင်းကြိုင် (အဘ-ဦးမြိုင်၊ ၁၄ နှစ်)၊ (၁၁) ကိုလှအေး (အဘ-ဦးကျော်မြင့်၊ ၁၆ နှစ်)၊ (၁၂) ကိုထွေး (အဘ-ဦးတင်မြင့်၊ ၁၆ နှစ်)၊ (၁၃) ကိုထွန်းမြိုင် (အဘ-ဦးတင်မြင့်၊ ၁၈ နှစ်)၊ (၁၄) ကိုတိုးကြီး (အဘ-ဦးဉာဏ်တင်၊ ၁၆ နှစ်)၊ (၁၅) ကိုဝင်းအောင် (အဘ-ဦးပု၊ ၁၅ နှစ်)၊ (၁၆) ကိုကြည် (အဘ-ဦးတင်ထွန်း၊ ၁၆ နှစ်)၊ (၁၇) ကိုဝင်းရှိန် (အဘ-ဦးခင်ညွန့်၊ ၁၆ နှစ်)၊ (၁၈) ကိုမိုး (အဘ-ဦးတင်ဦး၊ ၁၅ နှစ်)၊ (၁၉) ကိုငွေး (အဘ-ဦးစော၊ ၁၆ နှစ်)၊ (၂၀) ကိုစံပ (အဘ-ဦးရွှေညာ၊ ၁၆ နှစ်)၊ (၂၁) ကိုသောင်း (အဘ-ဦးထင်၊ ၁၆ နှစ်)၊ (၂၂) ကိုကျော် (အဘ-ဦးစံခ၊ ၁၇ နှစ်)၊ (၂၃) ကိုလှပို (အဘ-ဦးတိုးကြီး၊ ၁၆ နှစ်)၊ (၂၄) ကိုရွှေမိုး (အဘ-ဦးသိန်း၊ ၁၈ နှစ်)၊ (၂၅) ကိုသာဦး (အဘ-ဦးစံအေး၊ ၁၉ နှစ်)"

လူငယ်တူးဖော်ရေးအဖွဲ့ဝင်များစာရင်းကို ကျော်ကျော်ဆွေက ရုံးသုံးပုံစံဖြင့် လိုက်လံမှတ်သားနေသည်။ လှထွေးက နာမည်တစ်လုံးခေါ် လိုက်တိုင်း မျိုးမင်းဇော်က မျက်နှာကို လိုက်ကြည့်သည်။ အားရ

ကျေနပ်သွားသည်။ ဤအဖွဲ့တွင် ကိုကြည်ခင်မှာ အသက်အကြီးဆုံး။ ပခုက္ကူအထိတက်၍ အလုပ်လုပ်ဖူးသည်။ စာရေးစာဖတ် တတ်သည်။ အတွက်အချက် တော်သည်။ သို့အတွက် ဦးရဲတင့်က ကိုကြည်ခင်ကို အလုပ်သမားခေါင်းဆောင် ခန့်လိုက်သည်။

ဒုတိယခေါင်းဆောင်က ကိုသာဦး။ သူက ဤအဖွဲ့တွင် ဒုတိယအသက်အကြီးဆုံး။ စာရေးစာဖတ် အနည်းအကျဉ်းတတ်သည်။ ရွာအတွက် ကာလသားခေါင်း။

လူငယ်များနှင့် နီးနီးကပ်ကပ် လုပ်ကိုင်နိုင်ရေးအတွက် ငမွေးနှင့်လှထွေးတို့က ရှေးဟောင်းသုတေသနဦးစီးဌာန၏ ဆက်သွယ်ရေးအရာရှိများ။

"ဆက်သွယ်ရေးအရာရှိဆိုပြီးတော့ ဘဝင်လည်း မမြင့်မသွားနဲ့ဦးဟေ့၊ ငါတို့နဲ့သူတို့ကြားမှာ မင်းတို့ လျှာထွက်အောင်ပြေးနေရမှာဟေ့"

မျိုးမင်းဇော်၏စကားကြောင့် ကျောင်းဝင်းကြီးတစ်ခုလုံး ရယ်သံများဖြင့် ဆူညံသွားတော့သည်။

□ □ □ □ □

# အခန်း (၁၇)

မှတ်မှတ်ရရ။ မတ်လ (၂၇) ရက်။ တပ်မတော်နေ့။

ထိုနေ့ကို မျိုးမင်းဇော်တို့ ဘယ်နည်းနှင့်မျှ မေ့နိုင်လိမ့်မည် မဟုတ်။ လူကြီးများကို မစည်းရုံးနိုင်မီ လူငယ်ကလေးများဖြင့် ရှေ့ပြေးလုပ်ကိုင်ပြရန် လူငယ်တူးဖော်ရေးအဖွဲ့ ကျတ်ကုန်းကြီး ပေါ်သို့ စတင်ထွက်ခွာခဲ့သည်။

"ပျော်သလားဟေ့. . . မောင်တို့ရေ"

"ပျော်တယ်ဟေ့. . . ပျော်တယ်ဟေ့"

ငမှေးတို့အုပ်စု တစ်ဖက်မှတေးသံများ မြိုင်မြိုင်ကြီးထွက်လာ သည်။

"ပျော်သလားဟေ့. . . မောင်တို့ရေ"

"ပျော်တယ်ဟေ့. . . ပျော်တယ်ဟေ့"

ငမှေးတို့နောက်မှ ကိုသာဦးတို့အဖွဲ့ (၃) က အားကျမခံ လိုက်၍အော်ဟစ်ကြသည်။ သူတို့ အပျော်ကြီးပျော်နေကြလေပြီ။ ပျော်လည်း ပျော်စရာပေပဲကိုး။

မျိုးမင်းဇော်က သီယိုဒိုလိုက် (အနိမ့်အမြင့်အတိုင်း ကိရိယာ) ကို ပခုံးပေါ်တွင် ဟန်ပါပါထမ်းလျက် ရှေ့ဆုံးမှလျှောက်နေရာမှ သူ့ရဲဘော်များကို လှည့်ကြည့်လိုက်သည်။

အို... ကြံ့ခိုင်လိုက်တဲ့ ပခုံးကြီးတွေ။ အဲဒီပခုံးကြီးတွေပေါ်က ကျက်သရေရှိလှတဲ့ ပေါက်တူးများ၊ ပေါက်ပြားများ။

အို. . . သန်စွမ်းလိုက်တဲ့ လက်တွေ။ ထိုလက်များထဲတွင် မြေကြီးထဲမှ ရွှေသီးများကို သယ်ထုတ်ပေးမည့် မြေသယ်ခြင်းတောင်းများ၊ မြေသယ်တောင်းများ။

အခုလိုအချိန်မျိုးတွင် ကျတ်ကုန်းကြီးပေါ်မှသာ သူတို့လူစုကို ငုံ့ကြည့်နေနိုင်ခဲ့ပါလျှင် နေရောင်အောက်တွင် မည်မျှအားကျစရာ ကောင်းပါမည်နည်း။ မည်မျှရွှင်လန်းတက်ကြွစရာ ကောင်းပါမည် နည်း။

မျိုးမင်းဇော်နှင့် ရှေးဟောင်းသုတေသနရှေ့ပြေးအဖွဲ့က ကျတ်ကုန်းကြီးနှင့် နီးသည်ထက်နီးလာပြီ။ ကျတ်ကုန်းကြီးက သူတို့ကို ရင့်ကျက်သောမျက်နှာဖြင့် ကြိုလင့်နေသယောင်။

မကြာမီ သူတို့လူစု တောင်ကုန်းကြီးကိုရစ်ပတ်လျက် လွင်ပြင်ကြီးပေါ်တွင် တစ်ချိန်က ခံ့ညားစွာ စီးဆင်းနေခဲ့ဟန်တူသော ယခုအခါ တိမ်ကောပပျောက်သွားပြီးဖြစ်သော ချောင်းရိုးကလေးကို ဖြတ်မိကြသည်။ လှည်းလမ်းဆုံကြီးတစ်ခုကိုလည်း ကန့်လန့်ဖြတ်ကျော်နိုင်ခဲ့ပြီ။

"ကျွန်တော်ငယ်ငယ် ရှစ်နှစ်၊ ကိုးနှစ်သားလောက်အထိ ဒီရိုးကလေးထဲမှာ ရေနည်းနည်းပါးပါးရှိသေးတယ် ဆရာရဲ့" ဘကြီးမြိုင်က ဦးရဲတင့်ကို လှမ်းပြောသည်။ ခမောက်တစ်လုံးဆောင်းလျက် တဖြည်းဖြည်းချင်း လျှောက်လှမ်းလာခဲ့သော ကျောင်းအုပ်ဆရာကြီးကလည်း ဘကြီးမြိုင်ဘက်မှ ထောက်ခံသည်။ ထိုအချိန်မှာပင် ကိုသာဦးတို့အဖွဲ့ (၃) ထဲမှ နှာခေါင်းရှုံ့သံ၊ ချောင်းဟန့်သံနှင့်အတူ ရှေးဟောင်းသုတေသနဌာနမှ ယာဉ်မောင်းတင်အောင်မြင့်၏အသံထိုးထွက်လာသည်။

"ဆရာ့ကို ကြုံတုန်းမေးရဦးမယ်။ အခု ကျွန်တော်တို့လျှောက်သွားနေတဲ့နေရာက မြေပြန့်ကြီးဖြစ်နေတယ်။ အဲဒါကြီးကတော့ ဘာဖြစ်လို့ တောင်ကုန်းကြီးဖြစ်နေရတာလဲ"

ဦးရဲတင့်က သိသိသာသာ တစ်ချက်ပြုံးလိုက်သည်။ တင်အောင်မြင့်၏ကျောကို မနာအောင် တစ်ချက်ထုလိုက်သည်။

"မင်းကတော့ ကတ်သီးကတ်သတ် မေးတော့မယ်။ မင်းတကယ်မသိဘူးလား။ ဒါနဲ့နေ့တိုင်း မင်း ရေမှန်မှန်ချိုးတယ်နော်။ ချေးတွန်းတယ်နော်"

"ဟာ ရေချိုးတာပေါ့ဆရာရဲ့၊ ချေးလည်း တွန်းတာပေါ့"

"အေး. . . မင်း နေ့တိုင်းရေမှန်မှန်ချိုးလို့ ချေးတွန်းလို့ အခုလို မိမွေးတိုင်း၊ ဖမွေးတိုင်းရုပ်နဲ့ နေနိုင်တာကွ"

တင်အောင်မြင့်က နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။ နှုတ်ခမ်းမွေးကလေးကိုလည်း လက်တစ်ဖက်ဖြင့် သပ်လိုက်သည်။

"နေ့တိုင်းရေချိုးတာနဲ့ မိမွေးတိုင်း၊ ဖမွေးတိုင်းနေနိုင်တာ ဘာဆိုင်သလဲဆရာရဲ့"

ဦးရဲတင့်က တင်အောင်မြင့်၏ပခုံးကို အသာအယာဆုပ်ကိုင်လိုက်သည်။

"ဒီလိုလေကွာ၊ မင်း နေ့တိုင်းရေမချိုးရင်၊ ချေးမတွန်းရင် ရေထဲကလွင့်ပါလာတဲ့ ဖုန်မှုန့်တွေ၊ မြူမှုန့်တွေနဲ့ မင်းကိုယ်ထဲက ထွက်တဲ့ ချွေးတွေပေါင်းလာတဲ့အခါ မင်းတစ်ကိုယ်လုံး ချေးညှော်တုံးကြီးတစ်တုံး ဖြစ်သွားလိမ့်မယ်ကွ"

တင်အောင်မြင့်က ပြုံးစိစိလုပ်နေသည်။ နှာခေါင်းကို တစ်ချက်ရှုံ့သည်။ ချောင်းတစ်ချက်လည်း ဟန့်လိုက်သည်။

"ဒီသဘောမျိုးပေါ့ကွာ။ အဲဒီတောင်ကုန်းကြီး ဖြစ်ပေါ်လာတာကို ဆရာ ပြောပြမယ်။ ပျူတွေရှိနေတုန်းကတော့ အဆောက်အအုံတွေဟာ မြေပြန့်ပေါ်မှာဆိုပါတော့ကွာ။ နောက်ဆုံးအကြောင်းအမျိုးမျိုးကြောင့် ပျူတွေပျောက်သွားပြီး လူသူမနေဘဲ နှစ်ပေါင်းထောင်ပေါင်းများစွာ စွန့်ပစ်ထားတဲ့အခါကျတော့ လေတိုက်တိုင်း မြူမှုန့်၊ ဖုန်မှုန့်တွေအလိပ်လိပ်၊ အထပ်ထပ်စုပုံကျရောက်လာခဲ့တယ်။ သတင်းစာဟောင်းတစ်စောင်ပေါ် သတင်းစာသစ်တစ်စောင်ချင်း ထပ်တင်သွားတဲ့သဘောမျိုးပေါ့ကွာ။ မြူမှုန့်၊ ဖုန်မှုန့်အလိပ်လိပ်၊ အထပ်ထပ်တွေဟာ တစ်နေ့ထက်တစ်နေ့ စုပုံလာတယ်။ နောက်ဆုံးတော့ ဖုန်မှုန့်တွေဟာ မြေသားတွေဖြစ်လာတယ်။ အဲဒီကတစ်ဆင့် တောင်ကုန်းကလေးတွေ၊ တောင်ပို့ကလေး

တွေဖြစ်လာပြန်ရော။ အဲဒီတောင်ကုန်းကလေးတွေပေါ်မှာ သစ်ပင်တွေ၊ ချုံနွယ်တွေကလည်း ရှင်းလင်းသုတ်သင်မယ့် သူမရှိတဲ့အတွက် တစ်နေ့တခြား ပိုပြီးထူထပ်ရှုပ်ထွေးလာခဲ့တာပေါ့။ ဒီလိုနဲ့ နှစ်တွေကြာလေ၊ တောင်ပူစာကလေးတွေက တောင်ကုန်းတွေဖြစ်လာတယ်။ ချုံပင်၊ ဆူးပင်ကလေးတွေက ရောမချုံတော၊ ဆူးတောကလေးတွေဖြစ်လာတယ်။ အဲဒီသဘောမျိုးပါပဲကွာ။ ပျူတွေ တည်ဆောက်နေထိုင်ခဲ့တဲ့ အုတ်ရိုး၊ အုတ်တိုက်တွေကို ဖုံးအုပ်လိုက်တဲ့မြေသားတွေဟာ နောက်ဆုံးတော့ မင်းအခုမြင်ရတဲ့အတိုင်း တောင်ကုန်းကြီးလို ဖြစ်သွားတာပေါ့"

ဦးရဲတင့်စကားအဆုံးတွင် ကျောင်းအုပ်ကြီးက နောက်မှ အမီလိုက်လာပြီး ပုဂံတူးဖော်မှုအကြောင်း ဝင်မေးလိုက်သည်။

"ဆရာကြီးသိတဲ့အတိုင်း ပုဂံပြည်ကို လေးနေရာ ပြောင်းရွှေ့တည်ထောင်ခဲ့လို့ ပုဂံနန်းတော်ရာ အမှတ်အသားလေးခုလည်း တွေ့နိုင်ပါတယ်။ ပထမယုန်လွှတ်ကျွန်းနန်းတော်ရာ၊ ဒုတိယ ကျောက်စကား "သီရိပစ္စယာ" နန်းတော်ရာ၊ တတိယ တမ္ပဝတီ၊ ဖွားစောနန်းတော်ရာ၊ စတုတ္ထ နဂါးဗိုလ် (ပုဂံ) နန်းတော်ရာဆိုပြီး ပုဂံနန်းတော်ရာ အမှတ်အသားလေးခုဖြစ်ပါတယ်။ ၁၉၈၉ ခုနှစ်မှာ ပုဂံမြို့ဟောင်းနန်းတော်ရာ (အောင်မြေကုန်း) ကို ပထမဦးဆုံးအကြိမ်အဖြစ် စတင်တူးဖော်ခဲ့ပါတယ်။ ကျန်စစ်မင်းကြီးရဲ့ ဇေယျဘုမ်နန်းတော်ရာလို့ ယူဆရတဲ့ ကျင်းရာတွေ၊ အုတ်ရိုးတန်းတွေ၊ ခန်းမဆောင်နံရံကြီးတွေနဲ့ မွန်ကျောက်စာ အကျိုးပိုင်းတစ်ခု

တူးဖော်တွေ့ရှိခဲ့ပါတယ်။ အဲ့ဒီနောက် နန်းတော်ရာကျောက်တိုင် တောင်ဘက်နဲ့ မြောက်ဘက်ပုဆစ်တုပ် ဘုရားအရှေ့ဘက်ကို ဆက်လက်တူးဖော်ကြည့်တဲ့အခါ အုတ်ရိုးတန်းတွေနဲ့ တိုင်ကျင်းရာတွေကို တွေ့ရပြန်ပါတယ်။ အဲဒီတုန်းက နန်းတော်ရာတူးဖော်မှုကို အခြေအနေအရ ရပ်ဆိုင်းထားခဲ့ပြီး အခုမှဆက်လက်တူးဖော်နေတာဖြစ်ပါတယ်"

ဦးရဲတင့်က မောသွားဟန်ဖြင့် တစ်အောင့်မျှနားလိုက်ပြီးနောက် ကျောင်းဆရာကြီး၏အမေးကို ဆက်လက်၍ဖြေကြားလိုက်သည်။

"ကျွန်တော်တို့ အဲဒီနေရာကို တူးဖော်ရခြင်းရဲ့ရည်ရွယ်ချက်ကတော့ ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ အနော်ရထာမင်းစောရဲ့နန်းတော်ရာဟောင်းကို တူးဖော်ရှာဖွေဖော်ထုတ်ပြီး ဇေယျဘုမ်နန်းတော်သစ်တည်ဆောက်ဖို့ ဖြစ်ပါတယ်။ တူးကြည့်တဲ့အခါ ပထမအဆင့် အုတ်ရိုးတန်းတွေဟာ မြေအောက် (၃) ပေအနက်လောက်မှာ အုတ်မြစ်ချထားတာတွေ့ရပါတယ်။ ဒုတိယအဆင့် (၅) ပေလောက်အနက်မှာ တိုင်ကျင်းရာတွေနဲ့ မြေအိုးတွေကိုတွေ့ရပါတယ်။ တတိယအဆင့် (၉) ပေခန့် အောက်ဆုံးမြေလွှာမှာ အုတ်ပတ်လည်တိုင်ကျင်းရာကြီးတွေကို အတန်းလိုက်တွေ့ရပါတယ်။ အဲဒီအုတ်ပတ်လည်တိုင်လုံးကြီးတွေဟာ အောင်မြေကုန်း နန်းတော်ရာတူးတုန်းက တွေ့ခဲ့ရတဲ့တိုင်တွင်းကြီးတွေနှင့် အတူတူပါပဲ။ အဲဒီလို အဆင့်သုံးဆင့်တူးဖော်တွေ့ရှိမှု အထောက်အထားတွေကို သုံးသပ်ကြည့်ရင် အောက်ဆုံးအဆင့် ပန္နက်ရာအုတ်ရိုး

တန်းနဲ့ တိုင်တွင်းရာကြီးတွေဟာ အနော်ရထာမင်းကြီးရဲ့ နန်းတော်ရာဟောင်းနေရာဖြစ်တယ်ဆိုတာ ပြသနေပါတယ်။ အလယ်အဆင့်မှာတွေ့ရတဲ့ ပန္နက်အုတ်ရိုးတန်းတွေ တွင်းရာတွေကတော့ အနော်ရထာရဲ့ အဆောက်အအုံပြိုပျက်ပြီး နှစ်ပေါင်းတစ်ရာလောက်ကြာမှ ဆောက်လုပ်ခဲ့တဲ့လက္ခဏာအဖြစ် ယူဆရပါတယ်။ အပေါ်ဆုံးအလွှာမှာရှိတဲ့ အုတ်ရိုးတန်းတွေ၊ အုတ်နံရံကြီးတွေနဲ့ မြေအိုးအမျိုးမျိုးက ပုဂံပျက်ပြီးနောက်ပိုင်းမှာ ဆောက်လုပ်ခဲ့တဲ့ နန်းတော်ရာဖြစ်နိုင်ကြောင်း အုတ်အရွယ်အစား၊ အုတ်မြစ်အနက်၊ အုတ်စီအုတ်နင်းအနေအထားတွေက သက်သေခံနေကြပါတယ်။ အတိုဆုံးပြောရရင် အောက်ဆုံးမြေလွှာမှာ တူးဖော်တွေ့ရှိရတဲ့ အုတ်ပတ်လည်တိုင်တွင်းရာကြီးတွေဟာ (၁၁) ရာစုထက် နောက်မကျဘဲ အနော်ရထာမင်းကြီးရဲ့ နန်းတော်ရာဟောင်းဖြစ်နိုင်ကြောင်း အခိုင်အမာပြောနိုင်ပါတယ်"

ထိုအချိန်မှာပင် တောင်ကုန်းကြီးရှိရာသို့ ရွေ့ပြေးအဖြစ်သွားနေသော မျိုးမင်းဇော်က ရှေးခေတ်ပဲခူးဟံသာဝတီနေပြည်တော်က ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီနန်းတော်ကြီးအကြောင်း ပြောပြသွားသည်။

"ဆီဇာဖရက်ဒရစ်ဆိုတဲ့ နိုင်ငံခြားသားတစ်ယောက်ရဲ့မှတ်တမ်းမှာ. . . ကမ္ဘောဇသာဒီနန်းတော်ကြီးသည်ကား ရွှေမြို့တော်၏အလယ်ဗဟိုတွင်ရှိသည်။ တံတိုင်းဝန်းရံထားသော ရဲတိုက်ကြီးနှင့်တူသည်။ ရေအပြည့် ကျုံးများက ဝန်းရံနေသည်။ နန်းတော်

ကြီးတွင် အဆောင်ပေါင်းများစွာရှိသည်။ ကျွန်းသစ်များဖြင့် ထုထွင်း ဆောက်လုပ်ထားသည်။ ရွှေအတိ ချထားသည်။ ပြာသာဒ်များက ကျက်သရေရှိလှသည်။ အဆောင်များသည် တန်ဖိုးကြီးမားလှသည်။ ရွှေပြားများဖြင့် မွမ်းမံထားသည်။ ဘုရင့်နန်းတော် ပီသပါပေသည်လို့ မှတ်တမ်းတင်ခဲ့တယ်ကွ"

မျိုးမင်းဇော်၏စကားအဆုံးတွင် လှထွေးတို့လူငယ်တစ်သိုက်ထဲမှ တူညီသောဆန္ဒပြုသံတစ်သံ ထွက်ပေါ်လာ၏။

"ကျွန်တော်တို့ တောင်ကုန်းကြီးပေါ်မှာလည်း နန်းတော်ကြီး တစ်ခု ရှိစေချင်လိုက်တာ. . ."

□ □ □ □ □

# အခန်း (၁၈)

မြို့ပေါ်မှာဆိုလျှင် အစိုးရရုံးပိတ်ရက်၊ မတ်လ (၂၇) ရက်၊ တပ်မတော်နေ့တွင် တူးဖော်ရေးလုပ်ငန်းကို ဦးရဲမြင့်တို့က စတင်သည်။

ထိုနေ့က မျိုးမင်းဇော်တို့ တစ်နေကုန်အလုပ်များနေသည်။ နံနက်ပိုင်း ကျတ်ကုန်းကြီးပေါ် ခြေချမိကတည်းက စတင်တူးဖော်ရမည့်နေရာကို ရှာကြ၊ ရွေးကြ၊ ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ကြ၊ ထွင်ကြ၊ ရှင်းလင်းကြနှင့်။

မျိုးမင်းဇော်က ကုန်းတန်းကြီးကျေးရွာသားများ သူရဲဘောကြောင်တတ်မှုအတွက် အခုမှဝမ်းသာနေသည်။ သူတို့ သတ္တိမရှိခဲ့၍သာ ကျတ်ကုန်းကြီးပေါ် နေ့တိုင်းမရောက်ခဲ့။ နေ့တိုင်းမရောက်ခဲ့၍လည်း အရိပ်ကောင်းကောင်း သစ်ပင်ကြီးအတော်များများ ရှင်သန်ကျန်ရစ်ခဲ့ရသည်မဟုတ်လား။

နောက်တစ်ရက်။ မတ်လ (၂၈) ရက်။

သစ်ပင်ချုံနွယ်များ အတော်ကလေးရှင်းပြီးပြီ။ ရှေးဟောင်းသုတေသနအဖွဲ့ ယာယီစခန်းချရန် တဲနှစ်လုံးဆောက်ကြသည်။

ပစ္စည်းသိုလှောင်ရန် တဲကလေးတစ်လုံးကိုလည်း ရုံးခန်းနှင့်တွဲဆောက်ကြသည်။

ငမှေးတို့လူစုက တဲများဆောက်ပေးနေချိန်တွင် လှထွေး၊ အောင်မြင့်နှင့် သန်းအေးတို့မှာ ဦးရဲတင့်နောက်သို့ တကောက်ကောက်လိုက်နေရသည်။ အစစအရာရာ ကူညီနေရသည်။ Grid (ခေါ်) အကွက်ရိုက်စနစ်ဖြင့် တူးဖော်နိုင်ရန် အနက်ရောင်တစ်ဝက်သုတ် သစ်သားငုတ်တိုင်ကလေးများကိုလည်း လိုက်စိုက်ရသည်။ တစ်တိုင်နှင့်တစ်တိုင် ၁၅ ပေစီခြားသည်။

လှထွေးက မျိုးမင်းဇော်ကို အလုပ်ကူလုပ်ရင်း မေးကြည့်သည်။

"တို့ အခုတူးဖော်မယ့်စနစ်ကို ကွက်ရိုက်စနစ်လို့ခေါ်တယ်။ ကျင်းရှည်စနစ်တူးဖော်နည်း၊ ကြားဖြတ်ကွက်ရိုက်တူးဖော်နည်း၊ အမှတ်စနစ်ဖြင့် တူးဖော်နည်း၊ သေတ္တာပုံစံစနစ်ဖြင့် တူးဖော်နည်း ဆိုတာတွေလည်း ရှိသေးတယ်ကွ"

စိန်မောင်မြင့်က ပေကြိုးခွေကိုပြန်ရစ်နေရာမှ ဝင်ရောက်ရှင်းပြသည်။

"တို့ အခုလို ငုတ်တိုင်ကလေးတွေနဲ့ အကွက်ရိုက်ထားတဲ့ လေးထောင့်ကွက်ကလေးထဲမှာ အနားပတ်လည်တစ်ပေစီကို မြေသားဘောင်သဘောမျိုး ချန်ထားရတယ်ကွ။ အဲ့ဒီလိုချန်ပြီးမှ အလယ်မှာ လေးထောင့်ကွက်ပုံစံအတွင်း တူးဖော်ရမယ်ကွ"

ထိုစဉ် ကျတ်ကုန်းကြီး၏ ကုန်းတန်းကြီးကျေးရွာလှေကားဘက်မှ လူမမြင်ရသေး။ တင်အောင်မြင့်၏အသံကို စတင်ကြားရသည်။

"ဟေ့. . . အိုးခြမ်းကွဲစာရေး၊ ဘယ်ရောက်နေသလဲကွ"

တင်အောင်မြင့်၏စပ်ဖြီးဖြီးမျက်နှာ ပေါ်လာသည်။

သူ့ပခုံးပေါ်တွင် သေတ္တာကြီးတစ်လုံး ထမ်းလာသည်။ သူ့နောက်မှ ဇော်ဟန် လိုက်လာသည်။

"ရော့. . . အိုးခြမ်းကွဲစာရေးအတွက် သေတ္တာ၊ ညနေတိုင်းတွေ့တဲ့ပစ္စည်းမှန်သမျှကို ဒီအထဲထည့်ပေတော့"

လှထွေးက သေတ္တာကြီးကိုဖွင့်ကြည့်သည်။ အထဲမှာ စာရွက်တွေ။ စာရွက်တွေတော်တော်များများ ပါသည်။

ဇော်ဟန်က ဆက်ပြောသည်။

"အဲဒါ ဒီနေ့အတွက် နံပါတ်ဘယ်လောက်ကျင်းက တွေ့တယ်။ ဘာပစ္စည်းတွေ့တယ်၊ ဘယ်မြေလွှာက တွေ့တယ်ဆိုတာ မှတ်တမ်းတင်တဲ့ဇယားတွေပဲကွ။ ဟောဒါက တွေ့တဲ့ပစ္စည်းမှာ ချည်ထားရမယ့် လေဘယ်ကတ်ပြားတွေပဲကွ"

□ □ □

မတ်လ (၃၀) ရက်။

"ဒုတ်. . . ဒုတ်"

လှထွေးက သေတ္တာကြီးထဲမှ စာရွက်များကို တစ်ခုချင်းကောက်ယူဖတ်ရှုနေချိန်တွင် ခပ်လှမ်းလှမ်းတစ်နေရာမှ ပေါက်တူးနှင့်မြေကြီးထိခတ်သံများ စတင်ကြားရသည်။

"လှထွေးရေ ဒီမှာလာကြည့်စမ်း"

လှထွေးက မျိုးမင်းဇော် လှမ်းခေါ်နေရာသို့ ပြေးသွားသည်။ ကုန်းတန်းကြီးကျေးရွာ ကျတ်ကုန်းကြီးတူးဖော်မှုကြီးကို စတင်

ဖွင့်လှစ်လိုက်သူကား ငမှေး။ သူကား အားကောင်းမောင်းသန် လူငယ်တစ်ဦး။

သူက ပေါက်တူးကြီးကို အားစိုက်ခွန်စိုက် အသုံးပြုနေသည်။ ပူပြင်းစပြုလာသော တပေါင်းလနေရောင်အောက်တွင် ငမှေး၏ ကျောပြင်ကြီးမှာ ချွေးများဖြင့်စိုလျက်၊ ရွှဲလျက်၊ နက်ပြောင်လျက်။

ပထမဆုံးတူးဖော်နေကြသည့်နေရာမှာ ကျတ်ကုန်းကြီး၏ အရှေ့မြောက်ထောင့်အနီး တစ်နေရာဖြစ်သည်။ ထိုနေရာမှာ ရှေးဟောင်းသုတေသနအမှတ်အသားအရ အမှတ် (၁) ကုန်း။

"ဒုတ်. . . ဒုတ်. . . ဒုတ်"

ငမှေး အတော်ကလေးမောသွားသည်။ လူငယ်များ တစ်လှည့်စီဝင်ပေါက်ကြသည်။

ပထမဆုံးဝင်လာသူက ကိုမိုး။

သူလည်း ဗလအတော်ကလေးကောင်းသည်။ အရပ်မြင့်သည်။ သူ ခွန်အားစိုက်၍ပေါက်လိုက်တိုင်း မြေကြီးခဲများ ဖွာခနဲ ဖွာခနဲလွင့်စင်ထွက်သွားသည်။

ဒုတိယဝင်လာသူမှာ ကိုဖိုးတာ။

သူက ဂင်တိုတိုနှင့် ဗလကောင်းသူ၊ အချက် ၃၀ ကျော် လောက်ပေါက်ပြီးနောက် မျိုးမင်းဇော်က သူ့ကို နားခိုင်းလိုက်သည်။ သူ့အစား အောင်မြင့်ဝင်လာသည်။ သူက အရပ်ရှည်ရှည်၊ လူက ခပ်ပိန်ပိန်။ သို့ပေမယ့် ဇွဲအလွန်ကောင်းသည်။ သူလည်း အတော်ကြာကြာပေါက်နိုင်သည်။

သူတို့ပေါက်ထုတ်လိုက်သမျှ မြေစိုင်မြေခဲများကို ချိုကြီးနှင့် သန်းအေးတို့က ဒိုင်ခံ၍သယ်ပေးနေရသည်။

အညာနွေက ပိုပူလာသည်။

မြေကြီးပေါက်သူရော၊ သယ်သူပါ မသက်သာတော့။

သူတို့အားလုံး ဖုန်အလိမ်းလိမ်း၊ ချွေးအလူးလူး။

ဒုတိယအဖွဲ့တွင် ထွန်းမြိုင်၊ တိုးကြီးနှင့်ဝင်းအောင်တို့ပါသည်။ ချိုကြီးနှင့်ဝင်းကြိုင်က မြေကြီးများကို သယ်ထုတ်သည်။ သူတို့အဖွဲ့ အလွန်ကံဆိုးသည်။ ထိုနေရာတွင် ဝါးရုံအမြစ်များက မင်းမူနေသည်။ မြေကြီးကလည်း မာလိုက်သေး။

မကြာမီ တတိယအဖွဲ့ အစားထိုးဝင်လုပ်သည်။ ကိုဌေး၊ လှပို၊ ရွှေမိုးတို့အလှည့်ဖြစ်သည်။ ဝင်းနိုင်နှင့် ဝင်းကြိုင်တို့က သူတို့နှင့် အပြိုင် မြေကြီးများကို အဆက်မပြတ် သယ်ထုတ်နေရသည်။ လှအေး၊ ကိုထွေးနှင့် သာဦးတို့ နေရာဝင်ယူကြပြန်သည်။ ပထမပိုင်းတွင် ထွန်းမြိုင်တစ်ယောက်တည်း မြေသယ်ပေးရသည်။ နောက်တော့ အနားယူသူများ ဝင်ကူကြသည်။

မျိုးမင်းဇော်က သူလူများ၏လုပ်ရှားတက်ကြွနေမှုများကို ကြည့်ပြီး ပြုံးပြုံးကြီးဖြစ်နေသည်။

သူက မခိုမကပ် လိုအပ်သောသူဟူသော သီချင်းလေး တစ်ပိုင်းတစ်စကို ညည်းဆိုလိုက်မိသည်။

ဟုတ်ပါသည်။

မခိုမကပ်သူတို့မှာ ကုန်းတန်းကြီးကျေးရွာမှ ဆယ်ကျော်သက် ကလေးများပင်ဖြစ်ပါသည်။

မခိုမကပ်သူများမို့ သူတို့က နိုင်ငံတော်၏အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးအတွက် တကယ်တမ်းလိုအပ်လှသူများ ကေန်အမှန်ဖြစ်ကြသည်။

□ □ □ □ □

## အခန်း (၁၉)

ဘာလိုလိုနှင့် မတ်လပင် ကုန်သွားပြီ။

အိုးခြမ်းကွဲစာရေးကလေး လှထွေးမှာ အပြာနှင့်အဝါရောင် ပုတီးစေ့ ၁၅ လုံးနှင့် ပျူဒင်္ဂါးသုံးပြားကိုသာ တွေ့ရှိပစ္စည်းစာရင်းသို့ သွင်းနိုင်သေးသည်။ ထိုနေရာမှာ လူနေအဆောက်အအုံတစ်ခု မဖြစ်သေးဟု ဦးရဲတင့်က မှတ်ချက်ချသည်။

ထိုနေ့ညနေပိုင်း။

အားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။ သာဦးနှင့်အဖွဲ့ အလှည့်တွင် အုတ်ရိုးကြီးတစ်ခုကို စတင်တွေ့ရသည်။ တစ်ဖွဲ့ပြီး တစ်ဖွဲ့ဆက်၍ တူးကြသည်။ အနားပင် မယူနိုင်ကြ။ အားလုံး စိတ်အားထက်သန်နေကြသည်။ ထိုအုတ်ရိုးမှာ မူလက အတော် ကလေးမြင့်မားနိုင်ကြောင်း ဦးရဲတင့်က ကောက်ချက်ချသည်။

အုတ်ရိုးတစ်ဖက်တစ်ချက်တွင် ကျရောက်မောက်မို့နေသည့် မြေလွှာများရှိအုတ်ကျိုး၊ အုတ်ပွဲ့များက မည်မျှမြင့်မားခဲ့ကြောင်း သက်သေပြသည်။ မျိုးမင်းဇော်ကျင်းထဲသို့ဆင်း၍ အုတ်လွှာများကို ရေတွက်သည်။ အုတ်လွှာပေါင်း ၁၅ လွှာ ကျန်သည်။ အမြင့် ၃ ပေ ကျော်သည်။

ပြေါလဆန်း။

အမှတ် (၁) ကုန်းကို ဆက်တူးကြသည်။ တူးဖော်ရေးသမား အားလုံးအလွန်အားတက်မိသည်။ အုတ်ရိုးကြီး၏ ကျန်အစိတ် အပိုင်းများ ထင်ထင်ရှားရှား ပေါ်လာသည်။ အုတ်ရိုးကြီး၏အလျား မှာ ပေ ၁၀၀ ထက်ပင် ကျော်နိုင်သည်။ ပေါ်လာပြီးသမျှအုတ်ရိုး ကြီးတွင် အကျယ်ဆုံးနေရာ၌ ဖြက် ၁၁ ပေ ရှိသည်။ အကျဉ်းဆုံး နေရာတွင် ရှစ်ပေ။

နေရှိန်ပိုပြင်းလာသည်။

လူငယ်များရော၊ လူကြီးများပါ ပင်ပန်းကြသည်။ လူငယ်အချို့ ဖျားနာသည်။ တချို့ ထိခိုက်ဒဏ်ရာရသည်။ အာဂသတ္တိခဲများပါပေ။ ဖျားနာနေသူများ နောက်တစ်နေ့ အလုပ်ပြန်ဆင်းသည်။ အိမ်မှာ မနေနိုင်။ မည်သူမျှ မခိုကတ်ကြ။ ထိခိုက်ဒဏ်ရာရသူများလည်း ပတ်တီးအဖွေးသားနှင့် နောက်တစ်နေ့ဆို ရောက်လာကြစမြဲ။

ရွာထဲတွင် အတာသင်္ကြန်ပွဲကျင်းပရန် တာစူနေလေပြီ။

တောင်ကုန်းကြီးပေါ်သို့ ဘယ်လူကြီးတစ်ဦးတစ်ယောက်မျှ လာပြီး တက်မကြည့်ကြသေး။ ဒေါ်ကျည်းတန်၏စနက်ကား လွန်စွာ ထိရောက်ပေစွ။ ညနေအလုပ်သိမ်း၍ ပြန်လာသူတိုင်းကို တစ္ဆေ မခြောက်ဘူးလားဟု အမျိုးသမီးထုကတော့ စပ်စုသည်။ ဥစ္စာစောင့် တွေ့ရင် ရွှေမန်ကျည်းတောင့်ရအောင်တောင်းပါလားဟု တချို့က နောက်ပြောင်သည်။ "ပန်တျာပြောင်ကြီး" ဟု နာမည်ပေးထားသည့် ခြောက်လုံးပတ်တီးသမား၊ နဖူးပြောင်ပြောင်နှင့် ကိုသိန်းလွင်ကြီး ကမူ လှထွေးနှင့်တွေ့တိုင်း ပြောတတ်သည်။

“ငါလည်းကျတ်ကုန်းကြီးပေါ်လာပြီး ကူညီချင်ပါရဲ့ကွာ”

သူကဆက်၍ ညည်းတွားသည်။

“မင်းတို့မကူရင် ဒီနှစ်သကြံန်စည်ပွဲမလားမသိဘူး”

တူးဖော်ရေးလုပ်ငန်းတွင် လူငယ်များက လူကြီးများကို အားကိုး၍ မရသေးပေ။ ကိုပြောင်ကြီးလိုလူကြီးပိုင်းကမူ လူငယ်ပိုင်းကို အားကိုးလိုစိတ် မကုန်သေးကြောင်း သိရသည်။ ဝမ်းသာစရာပင်။

လူငယ်များက ကျတ်ကုန်းကြီးပေါ်တွင် လူကြီးများ၏ လုပ်အားကို မျှော်လင့်တောင့်တလျက်ရှိကြောင်း သိကြပါလေစ။ သူတို့တစ်တွေ ဘယ်သောအခါမှ မှားယွင်းသောအယူအဆဟောင်းများမှ လမ်းခွဲသွားကြပါမည်နည်း။

ငမေးတို့အုပ်စုဘက်မှ ဆူဆူညံညံအသံများ ကြားရသည်။ တဲထဲမှ ဦးရဲတင့်တို့ ပြေးထွက်လာကြသည်။ ကျင်းထဲတွင် ပန်းရန် သမားသုံး သန်လျက်ကလေးများကိုယ်စီဖြင့် အမြဲအလုပ်များနေသူ မျိုးမင်းဇော်နှင့်ဇော်ဟန်တို့က “ဒီမှာ. . . ဒီမှာ” ဟု ကျင်းထဲမှ အသံပေးလိုက်သည်။ ဦးရဲတင့်တို့ ဆင်းကြည့်ကြသည်။ မြောက်ဘက်မှ တောင်ဘက်သို့ ဆန့်ထွက်နေသည့် အုတ်တန်းရှည်ကြီး တစ်ခုကို ထပ်မံတွေ့ရပြီ။ ငမေးတို့ အားကြိုးမာန်တက် ဆက်တူးကြသည်။ လူလဲ၍ တူးကြသည်။ အလှည့်ကျတူးကြသည်။ ငမေး တစ်ယောက်တည်း ဒိုင်ခံ၍ အကြာကြီးတူးနေသည့်အခါလည်း ရှိသည်။

ညနေ ၃ နာရီကျော်သွားပြီ။

ရှည်ရှည်လျားလျားနှင့်ဖြက်ကျယ်ကျယ် အုတ်တန်းကြီးတစ်လုံး ဘွားခနဲပေါ်လာပြီ။ ဦးရဲတင့်ကိုယ်တိုင် ဝမ်းသာအားရ အုတ်ကန်ကြီးကို ဆင်းတိုင်းကြည့်သည်။ အရှည် ၂၂ ပေ၊ အကျယ် ၅ ပေ။

သာဦးတို့ တူးနေသည့်ဘက်မှလည်း အလားတူအုတ်ကန်ကြီး တစ်တန်း၏အစကို တွေ့ထားပြီဟု သတင်းလာပို့သည်။ အားလုံး ဝမ်းမြောက်သွားကြသည်။ သို့ပေမယ့် ဆက်တူးရန်အချိန်မရတော့။ အလုပ်သိမ်းချိန်ရောက်ပြီ။ သန့်ရှင်းရေးလုပ်ရဦးမည်။

မျိုးမင်းဇော်တို့ လှထွေး၏အကူအညီဖြင့် ပန်တျာပြောင်ကြီးကို ဆက်သွယ်မိသည်။ လူငယ်များနှင့်အတူ ကျတ်ကုန်းကြီးပေါ်တွင် လာရောက်လုပ်ကိုင်ပေးလိုသူ ပန်တျာပြောင်ကြီးနှင့် မျိုးမင်းဇော် တို့ လူငယ်တစ်သိုက် ခေါင်းချင်းဆိုင်ခဲ့ကြသည်။ နောက်ဆုံးတွင် ရွာထဲက လူကြီးများကို အသိပညာပေးနိုင်မည့်အစီအစဉ်တစ်ရပ် ကို စတင်ကြသည်။

မျိုးမင်းဇော်က သကြံန်သံချပ်များရေးပေးမည်။

ပန်တျာပြောင်ကြီးတို့ ဒိုးပတ်ဝိုင်းက ဝိုင်းကူတီးပေးဖို့. . .။

အားလုံး အဆင်ပြေသွားပြီဆိုတော့ သူတို့စိတ်ကူးကို လက်တွေ့ အကောင်အထည်ဖော်ကြသည်။

ပန်တျာပြောင်ကြီး၏အိမ်တွင် ကျတ်ကုန်းကြီးတူးဖော်ရေး လုပ်ငန်းခွင်မှ မျိုးမင်းဇော်နှင့် လူငယ်များ စုဝေးမိကြသည်။ ဒိုးပတ် သံဖြင့် အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် သကြံန်သံချပ်များ တစ်ရွာလုံးအပေါ် ဖုံးလွှမ်းသွားတော့သည်။

ရှေးဟောင်းသုတေသနပညာဟာ -
ပြည်မြန်မာတိုးတက်စေဖို့
ပြည်မြန်မာတိုးတက်စေဖို့

ရှေးဟောင်းသုတေသနပညာဟာ -
အမျိုးချစ်တဲ့သူမှန်ရင်
လူမျိုးတာဝန် - ဝင်ပြီးထမ်းကြ
လူမျိုးတာဝန် - ဝင်ပြီးထမ်းကြ
အမျိုးချစ်တဲ့ သူမှန်ရင်

နိုင်ငံချစ်တဲ့သူဆိုရင်
နိုင်ငံ့တာဝန် - ကူပြီးထမ်းကြ
နိုင်ငံ့တာဝန် - ကူပြီးထမ်းကြ
နိုင်ငံချစ်တဲ့သူဆိုရင်

အမျိုးချစ်တဲ့သူတွေရေ
မြန်မာ့အမွေ - ဝိုင်းပြီးရှာကြ
မြန်မာ့အမွေ - ဝိုင်းပြီးရှာကြ
အမျိုးချစ်တဲ့သူတွေရေ

နိုင်ငံချစ်တဲ့သူတွေရေ
နိုင်ငံ့အမွေကို - ဝိုင်းပြီးထိန်းကြ

နိုင်ငံ့အမွေကို - ဝိုင်းပြီးထိန်းကြ
နိုင်ငံချစ်တဲ့သူတွေရေ

လူငယ်၊ လူကြီးညီညွတ်ပါ
အောင်ပွဲရှေ့မှာ - ဘယ်ကိုပြေးမလဲ
အောင်ပွဲရှေ့မှာ - ဘယ်ကိုပြေးမလဲ
လူငယ်၊ လူကြီးညီညွတ်ပါ

လူငယ်၊ လူကြီးစည်းလုံးပါ
ဒါမှမြန်မာ - တိုးတက်မယ်ဗျို့
ဒါမှမြန်မာ - တိုးတက်မယ်ဗျို့
လူငယ်၊ လူကြီးစည်းလုံးပါ

လွဲမှားနေတဲ့ အယူအဆတွေ
ရှက်စရာပေါ - တောထုတ်နှင်စို့
ရှက်စရာပေါ - တောထုတ်နှင်စို့
လွဲမှားနေတဲ့ အယူအဆတွေ

ကုန်းတန်းဆိုတဲ့ တို့ကျေးရွာ
ပြည်တစ်ခွင်မှာ - ကျော်ကြားစေဖို့
ပြည်တစ်ခွင်မှာ - ကျော်ကြားစေဖို့
ကုန်းတန်းဆိုတဲ့ တို့ကျေးရွာ

ကုန်းတန်းဆိုတဲ့ တို့ကျေးရွာ
ပြည်တစ်ခွင်မှာ - မော်ကြွားစေဖို့
ပြည်တစ်ခွင်မှာ - မော်ကြွားစေဖို့
ကုန်းတန်းဆိုတဲ့ တို့ကျေးရွာ

ပြည်မြန်မာအောင်ဖို့များ
ဆွေသဟာ - တောင်သို့သွား
ဟေလာ - မောင်ရို့ . . . ဝါး။

□ □ □ □ □

## အခန်း (၂၀)

"ရှေးဟောင်းသုတေသနပညာဟာ-ပြည်မြန်မာတိုးတက်စေဖို့
ပြည်မြန်မာတိုးတက်စေဖို့-ရှေးဟောင်းသုတေသနပညာဟာ"

နံနက်ပိုင်းနေရောင်ပင် ကောင်းကောင်းမရသေး၊ မျိုးမင်းဇော်တို့လူငယ်တစ်သိုက် ကျတ်ကုန်းကြီးတစ်နေရာသို့ စောစောစီးစီးရောက်နေကြပြီ။ လုပ်ငန်းခွင်သို့မဝင်မီ ကျတ်ကုန်းကြီးပေါ်မှနေပြီး ကုန်းတန်းကြီးရွာဘက်သို့လှည့်၍ သံချပ်များတိုင်ကြသည်။

တစ်ရက်မျှပင် မကြာလိုက်။

သံချပ်များသည် ရွာထဲမှကလေးများ၏ပါးစပ်ထဲသို့ ရောက်သွားသည်။ သူတို့မှတစ်ဆင့် သံချပ်များသည် မိခင်များ၊ အစ်မများ၊ အစ်ကိုများ၊ ညီမများထံသို့ ပျံ့နှံ့သွားသည်။ သို့နှင့် ပန်တျာပြောင်ကြီး၏ဒိုးပတ်ဝိုင်းတော်သား ကိုတင်မြင့်၊ ကိုဉာဏ်တင်၊ ကိုပု၊ ကိုတင်ထွန်းနှင့် ကိုကျော်မြင့်တို့ ကုန်းမြင့်ကြီးပေါ်သို့ အလိုလိုရောက်လာကြသည်။

ထို့နောက် တစ်နွယ်ငယ် တစ်စင်ပါဆိုသလို ရွာထဲမှ ကိုခင်မောင်ညွန့်၊ ကိုမြင့်ဝေနှင့် ကိုတင်ဝင်းတို့ သူတို့အဖွဲ့နှင့်ပေါင်းမိကြသည်။

မကြာပါချေ။

ကိုစော၊ ကိုရွှေညာနှင့် ကိုထွေးမောင်တို့ မဖိတ်ခေါ်ဘဲ တောင်ကုန်းကြီးပေါ်တက်လာသည်။ အရပ်ရှည်လွန်း၍ အရှည်ကြီးဟု လူသိများသူ ကိုတင်ဦးကြီးတစ်ယောက်လည်း ဖျိုင်းအောက်လို ခြေတံရှည်ကြီးနှင့် တစ်နေ့တော့ တစ်ကိုယ်တည်း တက်လှမ်းလာခဲ့သည်။

"ဟော့ကောင်လေး၊ ဘာတွေဆေးနေတာလဲ"

အရှည်ကြီးက လှထွေး မြေဆေးတံများ ရေဆေးနေသည်ကို ကြည့်၍ လှမ်းမေးလိုက်သည်။ ထိုစဉ် ဆရာဦးရဲတင့် တဲထဲမှထွက်လာသည်။

"ကဲ. . . ဆရာတို့ လက်ဖက်ရည်ကြမ်း သောက်ရအောင် တဲထဲကို ကြွကြဗျာ"

"အမြည်းရော မပါဘူးလားဆရာရဲ့"

အရှည်ကြီးက နောက်နောက်ပြောင်ပြောင်နှင့် ရှေ့ဆုံးက ဝင်လာသည်။ တဲအတွင်းသို့ထိုင်မိကြစဉ် ကိုညဏ်တင်က ရေဆေးပြီးထောင်ထားသည့် မြေဆေးတံတစ်ခုကို ကောက်ကိုင်လိုက်သည်။

"ဆရာတို့၊ ဒီဆေးတံအကျိုးအပဲ့တွေကို ဘာဖြစ်လို့ယူထားတာလဲ"

ဆရာဦးရဲတင့်က လှထွေးဘက်သို့လှည့်၍ ပြုံးပြသည်။ ကိုညဏ်တင်လက်ထဲမှ မြေဆေးတံကျိုးကို လှမ်းယူလိုက်သည်။

"မြေဆေးတံကို လေ့လာကြည့်ရင်၊ တစ်နေရာက တစ်နေရာကို ယဉ်ကျေးမှုတွေ ဘယ်လိုပျံ့နှံ့သလဲဆိုတာ သိနိုင်ပါတယ်။ ဆေးတံမှာ ပုံဖော်ထားတဲ့ ဟောဒီလိုကြာပွင့်တွေ၊ ကနုတ်ပန်းတွေ၊ ဘီလူးခေါင်းတွေကို လေ့လာလိုက်တော့ အဲဒီခေတ်က လက်မှုပညာရဲ့အဆင့်အတန်းနဲ့ လူတွေရဲ့စိတ်ကူးစိတ်သန်းကောင်းပုံကို အကဲခတ်နိုင်ပါတယ်"

"အိုးခြမ်းကွဲတွေကရော ဘာလုပ်ဖို့လဲ၊ ကျွန်တော်တို့ ရွာထဲမှာဖြင့်အပုံ"

ကိုထွေးမောင်က မေးခွန်းတစ်ခု ဝင်မေးပြန်သည်။

"ကိုထွေးမောင်က အိုးခြမ်းကွဲအကြောင်းကိုမေးလို့ ပြောရဦးမယ်။ ကျွန်တော်တို့ဌာနအတွက်ကတော့ ရှေးဟောင်းအိုးတွေနဲ့ အိုးခြမ်းကွဲတွေဟာ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတွေထက် အများကြီးတန်ဖိုးကြီးမားလှပါတယ်"

ဦးရဲတင့်က ရေနွေးအိုးကြမ်းခွက်ကို ပါးစပ်တွင်တေ့ပြီးမှ ပြန်ချထားလိုက်သည်။

"အဲဒါကြောင့်လည်း ရှေးဟောင်းမြို့တွေကို တူးဖော်တဲ့အခါ အိုးခြမ်းကွဲတွေ့တိုင်း တစ်စမကျန်အောင် ကောက်ယူရပါတယ်။ ရေတွေဘာတွေဆေးပြီး သေသေချာချာလေ့လာကြည့်ရပါတယ်။ ခေတ်တွေပြောင်းလာသလို ပုံစံတွေလည်း အမျိုးမျိုးပြောင်းလဲလာတတ်ပါတယ်။ ရှေးခေတ်လူတွေဟာ အိုးတစ်လုံးကွဲသွားရင် သူတို့နေထိုင်တဲ့ အနီးပတ်ဝန်းကျင်မှာပဲ စွန့်ပစ်တတ်ကြပါတယ်။

ဒါကြောင့်မို့ မြို့ဟောင်းတစ်ခုမှာ အိုးခြမ်းကွဲများများတွေ့ရင် လူတွေနေထိုင်ခဲ့တဲ့နေရာလို့ တစ်ထစ်ချပြောနိုင်ပါတယ်"

ဦးရဲတင့်က တစ်ခဏမျှနားနေလိုက်သည်။ လက်ဖက်သုပ်တစ်ဇွန်းကို ခပ်ယူစားလိုက်သည်။

"ကျွန်တော်တို့ဌာနက ပျူတွေရဲ့မြို့တော်တွေဖြစ်တဲ့ ဗိသနိုး၊ ဟန်လင်းနဲ့ သရေခေတ္တရာတို့ကို တူးဖော်ကြည့်တဲ့အခါ အိုးပုံစံအမျိုးမျိုးတွေ့ခဲ့ရပါတယ်။ ပျူတွေဟာ အိုးထိန်းစက်နဲ့ အိုးတွေလုပ်တတ်နေပြီဗျ။ အိုးဘေးပတ်လည်မှာ ဘီးပတ်နဲ့အကွက်တွေ၊ အရုပ်တွေဖော်တတ်နေပြီဆိုတာ သိရတယ်။ အိုးခြမ်းကွဲအချို့မှာ လိပ်ရုပ်တွေ၊ ငါးရုပ်တွေပါရှိနေတယ်။ ပျူတွေဟာ ဗိသနိုးနတ်မင်းကြီးကို ယုံကြည်ကိုးကွယ်ခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။ ပျူအရိုးအိုးတွေမှာလည်း ပျူဘာသာစာတန်းတွေ ပါတတ်ပါတယ်။ အဲဒီစာတန်းကို ဖတ်ကြည့်တာနဲ့ ဘယ်မင်းဆက်တွေ အုပ်စိုးခဲ့တယ်ဆိုတာကို တိတိကျကျပြောနိုင်ခဲ့ပါတယ်"

ကိုထွေးမောင် မေးခွန်းအပြီးတွင် ကိုတင်မြင့်က တစ်စခန်းထပြန်သည်။

"ဒငီးတွေကရော၊ ရွှေတွေ၊ ငွေတွေနဲ့လုပ်ထားလို့ ဂရုတစိုက်သိမ်းနေတာလားဆရာ"

"မဟုတ်ပါဘူးဗျာ၊ ပျူတွေဟာ ပန်းထိမ်ပညာကို ဘယ်လောက်အထိ အဆင့်မြင့်နေပြီလည်းဆိုတာကို သိချင်လို့ပါ။ ဒငီးတွေကို လေ့လာကြည့်ဗျ။ ကျပ်ပြား၊ မှုံးစေ့၊ မတ်စေ့ဆိုပြီး တန်ဖိုးခွဲထားတာ

တွေ့လိမ့်မယ်။ အရွယ်အစားချင်းလည်း ခွဲထားတတ်တယ်။ ပျူဒင်္ဂါး တစ်ပြားကိုကြည့်လိုက်တာနဲ့ အဲဒီတုန်းက ဘာကိုကိုးကွယ်နေကြသလဲဆိုတာကို တချို့ဒင်္ဂါးတွေမှာ အပေါက်ကလေးတွေတောင် ဖောက်ထားတယ်။ လည်ပင်းမှာ ဆွဲတတ်တယ်နဲ့တူတာပဲဗျ”

ထို့နောက် ဘကြီးမြိုင် မေးမည့်အလှည့်ရောက်လာသည်။

“ကျွန်တော်တို့နိုင်ငံထဲမှာ ရှေးဟောင်းပစ္စည်းတွေကို လယ်လုပ်ရင်း၊ ယာလုပ်ရင်း တူးဖော်တွေ့ရှိရင် ဘာဖြစ်လို့ ရောင်းစားလို့မရတာလဲ”

ဦးရဲတင့်က တစ်ချက်ပြုံးလိုက်သည်။

“အဲဒီပစ္စည်းတွေဟာ နိုင်ငံရဲ့အမျိုးသားရှေးဟောင်းအမွေအနှစ်တွေဖြစ်လို့ပါပဲ။ မြေထဲကထွက်လာတဲ့ လက်စွပ်၊ လက်ကောက်တွေတင်မကပါဘူး။ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်က ပြဒါးလင်းဂူကို လွန်ခဲ့တဲ့နှစ်ပေါင်း ၁၃၀၀ ကျော်က ဂူနံရံပန်းချီတွေ ဆွဲထားတဲ့ သဘာဝလူနေဂူကြီးတွေ၊ ပုံတောင်ပုံညာဒေသက လွန်ခဲ့တဲ့နှစ်ပေါင်းသန်း ၄၀ လောက်က ကျောက်ဖြစ်ရုပ်ကြွင်းတွေ၊ အထက်အညာဒေသကနေ အောက်ဘက်တနင်္သာရီ၊ ထားဝယ်စတဲ့ တောင်ဘက်အစွန်းအထိ၊ အရှေ့ဘက် သံလွင်မြစ်အရှေ့တစ်လွှားအထိနဲ့ အနောက်ဘက် ရခိုင်ပြည်နယ်အထိ ရှိသမျှ ရှေးဟောင်းအဆောက်အအုံတွေ၊ ယဉ်ကျေးမှုအနုပညာလက်ရာတွေဟာ ကျွန်တော်တို့ပြည်ထောင်စုသားအားလုံးရဲ့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တွေပါပဲ။

ကျွန်တော်တို့ရဲ့ ရှေးအစဉ်အဆက်တွေ ဖန်တီးလုပ်ကိုင်ခဲ့တဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေဟာ လူသားတွေရဲ့ဘေးအန္တရာယ်နဲ့၊ သဘာဝဘေးအန္တရာယ်တွေကြောင့် ပျက်စီးဆုံးရှုံးပျောက်ကွယ်ခဲ့ရပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ ရေခိုးရေငွေ့ကြောင့်၊ ရေတိုက်စားမှုကြောင့်၊ လေတိုက်စားမှုကြောင့်၊ ငလျင်ဘေးဒဏ်ကြောင့်၊ မြေအောက်ရေငွေ့ဓာတ်ကြောင့်၊ မြေအောက်ဆားဓာတ်ကြောင့်၊ နောက်ပြီး ကန့်ဓာတ်တွေကြောင့် ပျက်စီးသွားရတာကို ပြောတာပါ။ အဆိုးရွားဆုံးအန္တရာယ်ကတော့ လူသားတွေရဲ့အန္တရာယ်ပါပဲ။ လူတွေဟာ ရှေးဟောင်းအဆောက်အအုံ ကုန်းတွေပေါ်မှာ ယာတွေထွန်ကြတယ်။ ဗိဿနိုးမြို့ရဲ့ အပြင်မြို့ရိုးအပေါ်မှာ လှည်းတွေမောင်းလို့ ယာတွေလုပ်လို့ ပျက်စီးသွားကြတယ်။ လူအချို့ဟာ ရှေးဟောင်းအဆောက်အအုံတွေ ရှိနေတဲ့နေရာဒေသတွေမှာ ရွှေကျင်ဖို့ မြေတွေတူးထုတ်ပစ်ကြတယ်။ သရေခေတ္တရာပျူမြို့ဟောင်းမှာဆိုရင် ရွှေကျင်လူတွေလက်ချက်ကြောင့် မြေလွှာတွေနဲ့အုတ်ရိုးတန်းတွေ ပျက်စီးသွားခဲ့ရတယ်"

ဦးရဲတင့်က မောသွားဟန်ဖြင့် တစ်အောင့်ရပ်နားလိုက်သည်။ လက်ဖက်ရည်ကြမ်းခွက်ကို ပါးစပ်တွင်တေ့ပြီး အပူမှုတ်သောက်လိုက်သည်။

"ဗြိတိသျှနယ်ချဲ့တွေခေတ် မီးရထားလမ်းဖောက်တဲ့အခါ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နားက ကျိုက္ကသာမြို့ရိုးဟောင်းနေရာအတော်ပဲထိခိုက်ပျက်စီးခံလိုက်ရတယ်။ အဲဒီမြို့ရိုးဟောင်းမှာ မြို့ရိုး

ရှစ်ထပ်ရှိတဲ့အနက် လေးထပ်ကို တူးဖော်ပစ်ခဲ့ကြတယ်ဗျာ။ မြစ်သားမြို့နယ်၊ မိုင်းမောပျူမြို့ဟောင်းမှာ ပျူတွေလုပ်ခဲ့တဲ့ မြေသား တမံတွေကို ရိုးရိုးမြေသားကုန်းတန်းတွေမှတ်လို့၊ မြေထိုးစက်နဲ့ ထိုးညှိလိုက်လို့ နမူနာပြစရာ ဂစ်ခုပဲကျန်တော့တယ်ဗျ။ လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က ပုဂံရွှေစည်းခုံဘုရား တံတိုင်းဝင်းအတွင်းမှာ ပန္နက်သဲဂူလေးလုံးရှိခဲ့တာ၊ ပြခန်းဆောက်ဖို့ မြေညှိလိုက်တာ အမြင့် ခုနစ်ပေလောက်ရှိတဲ့ ပန္နက်သဲဂူအစိတ်အပိုင်းတွေ လုံးဝပျောက် ကွယ်သွားရတယ်ဗျ”

ဦးရဲတင့်က အနီးရှိ အလုပ်လုပ်နေသော လူငယ်များကို လှမ်းခေါ်ပြီးဆက်ပြောသည်။

“ဟေ့ကောင်လေးတွေ မင်းတို့လည်း သတိထားကြ။ မသိတဲ့ လူကြီးတွေကို ပြောပြကြ။ ရှေးဟောင်းဒေသ၊ ရှေးဟောင်းမြို့၊ ရှေးဟောင်းရွာ၊ ရှေးဟောင်းအဆောက်အအုံတွေပေါ်များတဲ့ ဒေသတွေမှာ မြေထိုးစက်၊ မြေညှိစက်တွေနဲ့ ရမ်းပြီးမတူးကြ မဆွ ကြနဲ့ကွ။ မတူးခင် မဆွခင် သက်ဆိုင်ရာကို အသိပေးခွင့်တောင်း ပြီးမှ လုပ်ကြကိုင်ကြကွ။ အဆိုးရွားဆုံးက မင်းတို့လူငယ်တွေ လုပ်တတ်ကြတယ်။ ရှေးဟောင်းအဆောက်အအုံနံရံတွေပေါ်မှာ သံချောင်းနဲ့ဖြစ်ဖြစ်၊ မြေဖြူခဲနဲ့ဖြစ်ဖြစ်၊ မီးသွေးခဲနဲ့ဖြစ်ဖြစ်၊ တုတ်ချောင်းတွေနဲ့ဖြစ်ဖြစ် အရုပ်တွေ၊ စာတွေမရေးကြနဲ့။ ဘယ်နေ့ ဘယ်ရက်က ဘယ်ရွာက ဘယ်ကောင်မလေးနဲ့ ဘုရားဖူးလာတယ် ဆိုတဲ့ စာမျိုးတွေ မရေးကြနဲ့ကွ။ တွေ့ရင်လည်း ဝိုင်းတားကြကွ”

လူငယ်အုပ်စုက ဦးရဲတင့်စကားအဆုံးတွင် ဝါးခနဲပိုင်းရယ်ကြသည်။

“တဲ. . . အခုမှ ဦးမြိုင်မေးတဲ့ မေးခွန်းကို ပြောရတော့မယ်။ အနယ်နယ်အရပ်ရပ်မှာ အကြောင်းအမျိုးမျိုးနဲ့ ရှေးဟောင်းပစ္စည်းတွေတွေ့ရင် ရောင်းမစားရဘူး။ သက်ဆိုင်ရာကို အကြောင်းကြားရမယ်။ အပ်နှံရမယ်။ ဒါမှ မြန်မာနိုင်ငံသား တာဝန်သိသူတွေ ပီသရာရောက်မယ်။ အဲဒီလို အကြောင်းကြားရင် သက်ဆိုင်ရာက နိုင်ငံတော်က ဆုကြေးငွေပြန်ပြီးပေးအပ်ပါ့မယ်။ အဲဒီလို ဆုချီးမြှင့်တဲ့အခါ တွေ့ရှိတဲ့ပစ္စည်းရဲ့ မူလတန်ဖိုးပေါ်မှာ ခေတ်ကာလရှေးကျမှုနဲ့ လက်ရာကောင်းမွန်မှု၊ ရှားပါးမှုရာခိုင်နှုန်းတွေ ထပ်ဆောင်းပြီး ထိုက်ထိုက်တန်တန် ချီးမြှင့်ပါလိမ့်မယ်။ အဲဒီတော့ နှပ်ကောင်လေးတွေ ရှေးဟောင်းပစ္စည်းတစ်ခုခုတွေ့ရင် မင်းတို့ ဘာလုပ်ရမလဲ”

လူငယ်များ၏အသံများ တစ်ပြိုင်နက်ထွက်ပေါ်လာသည်။

“သက်ဆိုင်ရာကို အမြန်ဆုံးအပ်ပါ့မယ်”

□ □ □ □ □

## အခန်း (၂၁)

"ဆရာတို့ ဆရာတို့"

ဆူဆူညံညံ အော်လိုက်သံများ ရုတ်တရက်ထွက်ပေါ်လာရာသို့ ဦးရဲတင့်တို့ ပြိုင်တူလှည့်ကြည့်မိကြသည်။

တဲထဲသို့ နယ်ထိန်းရဲတပ်ကြပ်ကြီး ဦးကြီးမြင့်နှင့် ဦးသိန်းထွန်းတို့ ဝင်လာကြသောကြောင့်ဖြစ်သည်။ ဦးကြီးမြင့်က နေရာမှထ၍ ကြိုနေသည့် ဦးရဲတင့်ကို လက်ဆွဲ၍ ပြန်ထိုင်ခိုင်းလိုက်သည်။ ပြီးမှ နေရာမှထလိုက်ရင်း -

"ဆရာရဲ. . . လာဗျာ၊ ဟောဟိုမှာ ထွက်ကြည့်စမ်းပါဦး။ လွန်ခဲ့တဲ့လေးရက်လောက်က ကျုတ်ကုန်းကြီးပေါ်မှာ ဆရာရဲတို့ကို ဒုက္ခပေးသွားတဲ့ အကောင်တွေကို မိလာပြီလေ"

"ဟာ. . . ဟိုဟာ အလီဘိုင်နဲ့ မြင့်ဆွေတို့မဟုတ်လား"

ဦးရဲတင့်က မျက်မှန်ကောက်တပ်ပြီး သေသေချာချာကြည့်ရင်း တအံ့တသြပြောလိုက်သည်။

"ဟုတ်တယ်ဆရာ၊ ဆရာရဲတို့ရောက်နေတာတောင် ရွာထဲကို ရဲရဲတင်းတင်း ဝင်ထွက်ရောင်းဝယ်နေတဲ့ကောင်တွေလေ။ ပဲဝယ်

သလိုလို နှမ်းဝယ်သလိုလိုနဲ့ ရွာတွေထဲဝင်ပြီး ရှေးဟောင်းပစ္စည်းလိုက်ရှာနေတဲ့ ဗျတ်ဝိ၊ ဗျတ္တညီနောင်ပေါ့။ ဒီနှစ်ကောင်က ရွာတကာလှည့်ပြီး ရှေးဟောင်းပစ္စည်းတွေကို ပြောင်လည်းဝယ်တယ်။ တစ်ဖက်ကလည်း ညဘက်၊ ညဘက်ကျရင် ရှေးဟောင်းပစ္စည်းတွေ ခိုးတူးနေတဲ့ကောင်တွေပေါ့။ အခုမှမိလို့ စစ်ဆေးကြည့်တော့မှ ကျတ်ကုန်းကြီးပေါ်ကို မကြာမကြာရောက်တယ်ဆိုပါလား"

ရဲတပ်ကြပ်ကြီးက ဦးရဲတင့်လက်ကိုဆွဲ၍ တောင်ကုန်းကြီး၏ အောက်ခြေသို့ခေါ်သွားသည်။

"ဟိုး. . . တစ်ညက ကျတ်ကုန်းကြီးအပေါ် မီးတက်ရှို့တဲ့ တရားခံကိုတွေ့ချင်ရင် ကျွန်တော်နဲ့လိုက်ခဲ့။ ကိုထွေးမောင်တို့ ကိုတင်မြင့်တို့ ဒီကောင်လေးနှစ်ကောင်ကို ကြည့်ထားကြ"

ဦးရဲတင့်က ရပ်ထားသည့်လှည်းတစ်စီးအနီးသို့ လိုက်သွားသည်။ လှည်းပေါ်တွင် ရဲသားတစ်ဦး၏နံဘေး၌ လူတစ်ယောက်ဆောင့်ကြောင့်ထိုင်နေသည်။ လူက မှုန်တေတေ၊ ခေါင်းတွင်လည်း ပတ်တီးစည်းထားသည်။

"ဒါနဲ့ ဆရာရဲ၊ သူ့ကို မြင်ဖူးလား"

ဦးရဲတင့်က တရားခံ၏မျက်နှာကို တစ်ခါထပ်ကြည့်သည်။ မမြင်ဖူးကြောင်း ခေါင်းခါပြသည်။ ဦးကြီးမြင့်က ရယ်နေသည်။

"ဟား ဟား. . . ဟား ဟား၊ ဆရာရဲတို့ ဘယ်မြင်ဖူးမလဲဗျ။ တစ်ခါက ကုန်းတန်းကြီးကျေးရွာထဲမှာ ဦးစိန်ထွန်းဆိုတဲ့ အဘိုးကြီး တစ်ယောက်နေသွားပြီး တစ်ခါတည်းပျောက်သွားခဲ့တယ်ဗျ။ သေပြီ

လိုလို ရှင်ပြီလိုလို သတင်းတွေလည်း အမျိုးမျိုးထွက်ခဲ့တယ်ဗျ။ အခု လည်းပေါ်ကကောင်ဟာ အဲဒီဦးစိန်ထွန်းကြီးရဲ့သားပေါ့။ မူးယစ်ဆေးဝါးစွဲနေတဲ့ကောင်လေးဆိုတော့ ဒီက ၅ မိုင်ဝေးတဲ့ မြို့ကလေးမှာ ဆိုက်ကားနင်းနေတဲ့အလုပ်ကို စွန့်လိုက်တယ်။ လူရှုပ်လူပွေတွေနဲ့ အပေါင်းအသင်းဖွဲ့တယ်။ အဲဒီကောင်တွေရဲ့ အကူအညီတွေနဲ့ သူ့အဖေကြီး ဒင်္ဂါးတွေရသွားသလို သူလည်း ရနိုင်တယ်ဆိုပြီး တစ်ခါတစ်ခါ ကျတ်ကုန်းကြီးပေါ်တက်ပြီး တူးဖော်ကြည့်တတ်တယ်။ ညညကျမှ သူတို့ဟာ ကျတ်ကုန်းကြီးပေါ်မှာ မီးတုတ်တွေနဲ့ လိုက်ရှာတတ်သတဲ့"

ဦးရဲတင့်က မရှင်းလင်းသည့်အချက်ကို ဖြတ်မေးလိုက်သည်။

"ဒါနဲ့ နေစမ်းပါဦး၊ ဆားပုလင်းကြီးရဲ့။ ဒီကောင်ကို အဲဒီညက မီးရှို့သွားတဲ့အကောင်လို့ ဘယ်လိုလုပ်ပြီးပြောနိုင်တာလဲဗျ"

နယ်ထိန်းကြီးက သူ့အဖော် ဦးသိန်းထွန်းဘက်သို့လှည့်၍ ပြုံးပြလိုက်သည်။

"ကိုင်းဗျာ. . . ကိုသိန်းထွန်းကပဲ ဆရာတို့ကို ရှင်းပြလိုက်စမ်းပါဦး"

"ဒီလိုပါ ဆရာရဲရယ်။ အဲဒီညက ဟိုအပေါ်မှာတွေ့ခဲ့တဲ့ ဟိုညီနောင်ကလည်း ထုံးစံအတိုင်း ရှေးဟောင်းပစ္စည်း အလကားပဲတင်းရအောင်ခိုးတူးဖို့ တောင်ကုန်းကြီးပေါ်ရောက်နေတယ်။ ဟောဒီ ခင်သန်းဆိုတဲ့ကောင်ကလည်း မူးယစ်ဆေးဝါးဝယ်ဖို့ ဘိုင်ပြတ်နေတာနဲ့ အဖော်နှစ်ယောက်ကိုခေါ်ပြီး ကျတ်ကုန်းကြီး

ပေါ်ရောက်နေတာနဲ့ ဆုံနေတယ်ခင်ဗျ။ ဆရာရဲတို့ရှေ့ဟောင်းအဖွဲ့က ဒီတောင်ကုန်းကြီးကို တစ်ရက်နှစ်ရက်အတွင်း သိမ်းယူလိုက်တော့မယ်ဆိုတဲ့သတင်းကိုလည်း ကြားထားတော့၊ အဲဒီညက နောက်ဆုံးပိတ် အိတ်နဲ့လွှယ်တော့မယ်ဆိုတဲ့ သဘောပေါ့ခင်ဗျာ။ တိုတိုပြောရရင် ဟိုညီနောင်ကလည်း ဒီအကြံနဲ့ပဲ ရောက်လာတာဆိုတော့ ပက်ပင်းသွားတိုးကြတဲ့အခါ ပြဿနာတွေပေါ်ကုန်တာပေါ့"

ထိုအချိန်တွင် မျိုးမင်းဇော်နှင့် ငမှေးတို့ တောင်ကုန်းကြီးအောက်သို့ဆင်းလာကြသည်။ လှည်းပေါ်မှ ပတ်တီးနှင့်ကိုယ်တော်ကို သေသေချာချာကပ်ကြည့်ပြီးနောက် -

"ဆရာဦးကြီးမြင့် ဒီကောင် ဘယ်သူလဲဗျ"

"ဟိုညက မောင်ရင်လေးတို့ကို အလုပ်ပေးသွားတဲ့အကောင်ပေါ့။ အခုပဲ ဒီကောင့်အကြောင်းပြောပြနေတာ"

ရဲတပ်ကြပ် ဦးသိန်းထွန်းက ပြောလက်စ စကားကို ဆက်ပြောသည်။

"ဆရာတို့ကို ကျွန်တော်ပြောပြဖို့ အချက်တစ်ခုကျန်သွားတယ်။ အဲဒါကတော့ ဟိုပေါ်ကနှစ်ကောင်ရော၊ ဒီလှည်းပေါ်ကအကောင်ကရော စိတ်ကူးချ[illegible]းတူနေကြ[illegible]ယ်ဗျ။ ဒီကျွတ်ကုန်းပေါ်မှာ ကြောက်စရာလန့်စရာ တစ်ခုခုလုပ်ပြရင်၊ ဆရာရဲတို့ရော ရွာကလူတွေပါ အတော်ကလေး ထိတ်လန့်သွားလိမ့်မယ်လို့ တွက်ထားကြတယ်ဗျ။ တကယ်လို့ ကြောက်လန့်သွားကြရင် ဆရာရဲတို့လူစုရန်ကုန်ကိုပြန်ပြေးမယ်၊ ရွာသားတွေလည်း ဟိုတုန်းကထက်ပိုပြီး

ကျတ်ကုန်းကြီးကိုကြောက်လို့ ဘယ်သူမှ လာဝံ့မှာမဟုတ်တော့ဘူး လို့ ထင်ထားကြတယ်။ ဒါနဲ့ အဲဒီညကျတော့ သူတို့တွေပုံးပေါင်းပြီး ဝါးရုံပင်တွေကြားမှာ မြက်ခြောက်တွေစုပုံပြီး မီးရှို့လိုက်တယ်။ ရုတ်တရက် မီးတောက်ကြီးတွေမြင်လိုက်တော့ သူတို့လိုပဲ အကြံနဲ့ ကျတ်ကုန်းကြီးပေါ်က ကျင်းကြီးထဲ ကြိုတင်ရောက်နေတဲ့ ပောဒီ ခင်သန်းနဲ့ အဖော်နှစ်ယောက် လန့်သွားပြီး ထွက်ပြေးဖို့ကြိုးစား ကြတယ်။ သူ့အဖော်နှစ်ယောက်က မြင်းတွေပါတယ်ဆိုတော့ မြင်းတွေနဲ့ထွက်ပြေးကုန်ရော။ သူလည်း တစ်ယောက်တည်း ကျန်ရစ်တာနဲ့ ကုန်းတန်းကြီးရွာဘက်ကိုဆင်းတဲ့ လှေကားဘက်ကို အပြေး မြင်းဟီသံတွေကြားလို့ ထွက်ပြေးဖို့ပြေးလာတဲ့ ဟိုညီနောင်နဲ့ သွားတိုးတဲ့အတွက် ကြောက်ကြောက်နဲ့ လက်ထဲမှာပါလာတဲ့ သံတုတ်ကို လွှဲယမ်းရိုက်ချလိုက်တယ်။ ခင်ဗျားတို့ တောင်ကုန်းကြီး ပေါ်မှာ တွေ့ခဲ့ရတဲ့သွေးတွေဟာ ဒီကောင့်ခေါင်းက ကျခဲ့တဲ့ သွေးတွေပေါ့"

ဦးရဲတင့်က ဤနေရာတွင် မေးခွန်းတစ်ခု ဝင်မေးလိုက်သည်။

"နေစမ်းပါဦး၊ ကိုသိန်းထွန်းရဲ့။ မရှင်းတာလေးတစ်ခု မေးစမ်း ပါရစေ။ သွေးစက်တွေက လမ်းတစ်လျှောက်လုံးကျလာပြီးမှ လှေကားအဆုံးကျတော့ ဘာဖြစ်လို့ပျောက်သွားတာလဲဗျ"

ဦးကြီးမြင့်က ချောင်းတစ်ချက်ဟန့်၍ ဝင်ဖြေသည်။

"ဒဏ်ရာရသွားတဲ့ ခင်သန်းဟာ တွင်းကြီးနားက ကမူကလေး နားမှာ လဲကျကျန်ရစ်ခဲ့တာဗျ။ နောက်မှသတိရလာပြီး တရွေ့ရွေ့နဲ့

လှေကားဘက်ကို လျှောက်သွားခဲ့တယ်။ လှေကားကို ခဲခဲယဉ်းယဉ်း ဆင်းခဲ့ရတယ်။ အောက်ရောက်တော့ တစ်ခါတည်းလဲကျသွား တော့တယ်ဆိုပါတော့ဗျာ။ အဲဒီအချိန်မှာပဲ မြင်းနဲ့ပြန်ရောက်လာတဲ့ အဖော်က သူ့ကို မြင်းပေါ် ပွေ့တင်ပြီး သူတို့ရွာဘက်ကို ထွက်ပြေး သွားတယ်ဆိုပါတော့။ ဒါ့ကြောင့်မို့ ဆရာရဲတို့ မျက်စိလည်သွားတာ ပေါ့လေ”

ရှေးဟောင်းပစ္စည်း ဖျက်ဆီးရေးဒုစရိုက်ကောင်များ၊ တာဝန်မဲ့ မှောင်ခိုအရောင်းအဝယ် တရားခံများကို နယ်ထိန်းဦးကြီးမြင့်နှင့် ဦးသိန်းထွန်းတို့ခေါ် ဆောင်ရာနောက်သို့ လိုက်ပါသွားကြသည်ကို ကြည့်ရင်း လူငယ်များရင်ထဲတွင် မျိုးမင်းဇော် မကြာခဏပြောဖူး သည့်စကားတစ်ရပ် စွဲမှတ်ကျန်ရစ်သည်။

“ငါတို့နိုင်ငံရဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နဲ့ပတ်သက် ရင် မင်းတို့ တန်ဖိုးထားတတ်အောင် ကြိုးစားကြရမယ်ကွ။ ရှေးဟောင်းပစ္စည်းနဲ့ပတ်သက်ရင် တိုင်းတစ်ပါးသားလက်ထဲကို မြေဆေးတံအိုး အကျိုးအပဲ့ကလေးတစ်ခုဖြစ်ဖြစ်၊ မြေမီးဖုတ် ပန်းကန်ပြား အပဲ့အရွဲ့ကလေးပဲဖြစ်ဖြစ်၊ မီးသွေးခဲကလေးတစ်ခဲ ဖြစ်ဖြစ်၊ အိုးခြမ်းကွဲကလေးတစ်စ၊ အရိုးတစ်စဖြစ်ဖြစ် အရောက် မခံကြနဲ့ဟေ့”

□ □ □ □ □

## အခန်း (၂၂)

"ကျတ်ကုန်းကြီးပေါ်မှာ ကျောက်သေတ္တာကြီးပေါ်လာသတဲ့"

"ကျောက်ဖျာကြီး တွေ့ရသတဲ့"

"ပလ္လင်ကြီးတစ်ခု တွေ့ရပြီတဲ့ဗျော့"

ထွက်ပေါ်လာသည့်သတင်းများ အမျိုးမျိုးစုံသည်။ ယုံစရာလည်းကောင်းသည်။ အံ့ဩစရာလည်း ကောင်းသည်။ ရယ်စရာပင် ကောင်းသေးတော့သည်။

စတင်တူးဖော်သည့်နေ့က တစ်နေရာမှ ဘုရားဆင်းတုများ ပေါ်လာသည်။ ဘုရားများတွေ့သည်ဟု တူးဖော်သူအချင်းချင်း သတင်းပေးသည်။ တစ်နေ့လုံး ပြောလို့မဆုံး၊ ဆိုလို့မဆုံး။

ညနေဘက် အလုပ်ခွင်သိမ်းချိန်တွင် ထိုသတင်းက ရွာထဲသို့ ပါသွားသည်။ ရွာထဲတွင် ပြောမဆုံး ဆိုမဆုံး။ သို့ပေမယ့် သတင်းပျံ့ပုံမြန်သလောက် သတင်းပုံစံက တစ်မျိုးပြောင်းသွားသည်။ ဘုရားများတွေ့သည်ဟူသည်က သတင်းမှန်၊ နဂါးများတွေ့သည်ဟူသည်က သတင်းမှား။

သတင်းမှားကို ယုံမိကြတော့ ရွာသားအတော်များများ ထိတ်လန့်သွားကြပြန်သည်။ အလုပ်ဝင်လုပ်မည်ဟု အားခဲထားသူ

အချို့ပင် စိတ်ပြောင်းသွားသည်။ သတ္တိခဲအချို့လည်း ပေါ်လာသည်။ အဲဒီနဂါးတွေကို အခုပဲသွားကြည့်ကြမည်ဟု ဟန်ပြင်ကြသည်။ မိုးက အတော်ကလေးချုပ်သွားပြီ။ ကျတ်ကုန်းကြီးတစ်နေရာရှိ မျိုးမင်းဇော်တို့လူငယ်များစခန်းမှ မီးရောင်လဲ့လဲ့ကိုမြင်နေရသည်။

ပလ္လင်ကြီးပေါ်နေပြီဆိုသောကြောင့် ကျတ်ကုန်းကြီးပေါ်တစ်ခါမျှမရောက်ဖူးသော အဘိုးကြီး၊ အဘွားကြီးများပင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ နောက်တစ်နေ့တွင် မြေးများကို လက်ဆွဲ၍တက်ကြည့်ချင်နေသည်။ အမှန်စင်စစ် ရှေးဟောင်းအဆောက်အအုံအစိတ်အပိုင်းကြီးများ ဤမျှမြန်မြန်ဆန်ဆန် ပေါ်ထွက်လာခြင်းမှာ အရှည်ကြီး ကိုတင်ဦးတို့၊ ပန်တျာပြောင်ကြီးတို့၊ ကိုထွေးမောင်တို့ လာရောက်ကူညီခဲ့သောကြောင့်ပင်။

ကျောက်ဖျာကြီး၊ ကျောက်သေတ္တာ၊ ကျောက်ပလ္လင်ကြီးသည်တို့မှာ အုတ်ရိုးကြီးများ၊ အုတ်တန်းကြီးများသာဖြစ်သည်။ ဘုရင်ထိုင်သည့်ပလ္လင်ကြီး တကယ်ပေါ်လာသည်လည်းမဟုတ်၊ အင်္ဂလိပ်ဘာသာဖြင့် အောက်ခံအုတ်ခုံကြီးများကို "PLINTH" ဟုခေါ်ကြောင်း ရွာသားတို့ မသိကြ။ ရှေးဟောင်းသုတေသနပညာရှင်များက အုတ်ခုံကြီးများတွေ့လျှင်တွေ့ချင်း "ပလင့်သ်တွေတွေ့ပြီ" ဟု အားရဝမ်းသာ အော်ဟစ်သတင်းပို့ခဲ့သည်မဟုတ်လား။ ၎င်းကို ခပ်ဝေးဝေးတစ်နေရာတွင် တူးဖော်နေကြသည့် ရွာသားတချို့က အထူးအဆန်းလုပ်၍ ပြေးကြည့်ခဲ့ကြခြင်းပဲဖြစ်သည်။

ဘာလိုလိုနှင့် မျိုးမင်းဇော်တို့ ကုန်းတန်းကြီးကျေးရွာသားများနှင့်လက်တွဲလုပ်ကိုင်လာကြသည်မှာ ရက်ပေါင်းနှစ်ဆယ်ပင် ပြည့်ခဲ့ပြီ။ လူကြီးအုပ်စုရောက်လာကတည်းက လူအင်အား ပိုမိုတောင့်တင်းလာသည်။ အုပ်စုများစွာ ခွဲလာနိုင်သည်။

ဆရာဦးရဲတင့်က ကျင်းကြီးနေရာတစ်ပိုက်တွင် တူးဖော်ရေးတာဝန်ယူသည်။ မျိုးမင်းဇော်က လှထွေး၊ ငမှေးတို့နှင့်အတူ ဟိုးတစ်လောက မီးလောင်ထားသည့် ဝါးရုံတောကြီးအတွင်း တူးဖော်ကြရသည်။ မျိုးမင်းဇော်က ထိုနေရာတစ်ဝိုက်တွင် အုတ်ခုံဝိုင်းကြီးသုံးလေးဝိုင်းကို စတင်တူးဖော်မိပြီဖြစ်၍ အလွန်အားတက်နေသည်။ ငမှေးနှင့်လှထွေးတို့မှာလည်း ပွဲဦးထွက်အတွေ့အကြုံမို့ မောရမှန်းမသိ၊ ပန်းရမှန်းမသိ။ အမောဖြေရမှန်း နားမလည်။ အလုပ်ကို ဆက်တိုက်လုပ်သွားချင်ကြသည်။

ကျတ်ကုန်းကြီးပေါ်တွင် အညာနွေသည် အညာလေတို့နှင့်လက်တွဲ၍ လူသားတို့နှင့် အားချင်းပြိုင်နေသည်။ အရေးထဲ ရေကလည်း အလွန်ငတ်သေးသည်။ လူတိုင်းတွင် ခေါင်းဆောင်းရန် လုံချည်အပို (သို့မဟုတ်) ခမောက်တစ်လုံးစီ မရှိ၍မဖြစ်။ ဘာပဲဖြစ်ဖြစ် မိမိတို့ဘဝတွင် သည်တစ်ကြိမ်သည် ကျတ်ကုန်းကြီးပေါ်တွင် ရဲရဲတင်းတင်း ပထမဆုံးခြေချနိုင်သည့်အချိန်၊ နောက်ပြီး လူကြီးလူငယ်စုံစုံညီညီ လက်တွဲလုပ်ကိုင်ခွင့်ရပြီမို့ အားလုံး ဝမ်းသာနေကြသည်။

နေက မြင့်သထက်မြင့်လာသည်။ ခေါင်းပေါ်တည့်တည့် ရောက်လာသည်။ မည်သို့ပင်ဖြစ်နေပါစေ၊ အမှတ် (၁) ကုန်းပေါ်မှ လူငယ်များ၊ အမှတ် (၂) ကုန်းပေါ်မှ လူကြီးများ ပြိုင်ပွဲကြီး ကျင်းပနေသည့်နှယ်ပင်။ အမျိုးသမီးများက ရေအိုးများကို အဆက်မပြတ်ပို့သည်။ အိုးများ၊ ခွက်များကို အဆက်မပြတ်ဖြည့်သည်။ သည်တော့ တူးသူများက အဆက်မပြတ်တူး၊ မြေသယ်သူများက အဆက်မပြတ်သယ်နှင့် ကြည့်ရသည်မှာ အားတက်စရာကြီး၊ ပျော်စရာကြီး။

သစ်ပင်ရိပ်အောက်တွင် ရေနွေးအိုးဝိုင်းတည်ပေးနေသည့် ဘကြီးမြိုင်က ချွေးတွေရွှဲနေသည့် မျိုးမင်းဇော်ကို နောက်ပြောင်အော်ဟစ်လိုက်သည်။

"ဟေ့. . . မောင်မျိုးမင်းဇော်၊ ဘယ်မှာလဲကွ။ တို့အဘွားတွေပြောခဲ့တဲ့ သူရဲတွေ၊ တစ္ဆေတွေ"

မျိုးမင်းဇော်က ရေအိုးထဲမှ ရေတစ်ခွက်ခပ်သောက်ရင်း -

"ဘာလဲ ဘကြီးမြိုင်က သူရဲမတစ်ကောင် လိုချင်လို့လား။ ညနေကျရင် သူရဲမတစ်ကောင်ဖမ်းပြီး ဘကြီးမြိုင်အိမ်ကို ဝင်ပို့ပေးခဲ့မယ်"

ဘကြီးမြိုင်က ပျာပျာသလဲလက်ကာလျက် -

"တော်စမ်းပါ၊ မောင်မျိုးမင်းဇော်ရာ။ ကျုပ်ရဲ့အဘွားကြီးတအိမ်မှာ တစ်ယောက်တည်းနေခဲ့ရတာကိုတောင် ကြောက်လို့တဲ့"

ရုတ်တရက် အမှတ် (၂) ကုန်းဘက်မှ ကိုတင်ဦးကြီး၏ အလန့်တကြားအော်သံ ထွက်လာသည်။

"လာကြည့်ကြစမ်း၊ လာကြည့်ကြစမ်း။ ဘာကြီးလဲ မသိဘူး"

ဦးရဲတင့်၊ ဘကြီးမြိုင်နှင့် လူငယ်များ ကိုတင်ဦးတို့တူးဖော်နေရာသို့ အပြေးအလွှားသွားကြည့်ကြသည်။ မျိုးမင်းဇော်က ကိုတင်ဦးနှင့် ကိုထွေးမောင်တို့ မော့ကြည့်နေသည့် တွင်းထဲသို့ ပထမဦးဆုံး ခုန်ချလိုက်သည်။ လက်ထဲတွင်ပါလာသော ပန်းရန်ဆရာများသုံးတတ်သည့် သံလျက်ကလေးဖြင့် တစ်ပိုင်းတစ်စ ပြူထွက်နေသော အုတ်နံရံလို အရာဝတ္ထုကြီးတစ်လျှောက် မြေကြီးများကို ခြစ်ထုတ်ပစ်နေသည်။

"ဆရာရဲရေ . . . လာကြည့်စမ်း၊ လာကြည့်စမ်း။ ဗိဿနိုးမှာ ကျွန်တော်တို့တွေ့ခဲ့တဲ့ မြို့ရိုးတံခါးကြီးကို တွေ့ပြီဗျ"

ဦးရဲတင့်၊ ကျော်ကျော်ဆွေ၊ စိန်မောင်မြင့်၊ ဇော်ဟန်တို့လည်း တွင်းကြီးထဲ ခုန်ဆင်းသွားကြသည်။ သူတို့အားလုံး ပျော်သွားသည်။ ဇော်ဟန်က အားရဝမ်းသာ ခုန်ပေါက်နေသည်။

ရှေးဟောင်းသုတေသနဌာနကလူတွေ ပျော်သွားသည်မှာ အဆန်းမဟုတ်။ သူတို့ ကျတ်ကုန်းကြီး၏ တောင်ဘက်မြို့ရိုးတံခါး ကို စတင်တွေ့ခဲ့ကြပြီကိုး။

မျိုးမင်းဇော်က မြို့ရိုးတံခါးတည်နေဟန်ကို ပုံဆွဲကြည့်နေသည်။ သူတို့ ဟိုတစ်ညက မီးတုတ်ကိုယ်စီဖြင့် မမြင်မစမ်းပြေးလွှားဖြတ်သန်းသွားခဲ့ကြသည့် လူသွားလမ်းမျှင်မျှင်ကလေးက အမှတ် (၁) ကုန်းနှင့် အမှတ် (၂) ကုန်းတို့ကို နယ်ခြားအဖြစ် သတ်မှတ်ပေးထားသည်ကို တွေ့ရသည်။

ဦးရဲတင့်က နဖူးပြောင်ကြီးပေါ်တွင် ရွှဲရွှဲစိုနေသည့် ချွေးသီးချွေးပေါက်များကိုပင် မသုတ်အား။ သည်ကျတ်ကုန်းကြီးအပေါ် စတင်ကွင်းဆင်းသည့်နေ့မှစ၍ ခန့်မှန်းရေးဆွဲထားသော ပန္နက်ပုံနှင့်တိုက်ကြည့်နေသည်။

"မျိုးမင်းဇော်ရေ အမှတ် (၂) ကုန်းကို မြို့ရိုးတစ်နေရာလို့ တို့ယူဆထားတာ မှန်သွားပြီဟေ့"

နောက်တစ်နေ့ ထုံးစံအတိုင်း၊ မျိုးမင်းဇော်တို့လူငယ်များ အိပ်ရာမှစောစောနိုးသည်။ ငမေ့းက ထမင်းကြော်သည်။ လှထွေးက ရေနွေးအိုးကျိုသည်။ နေရောင်ကလေးပြူထွက်စမှာပင် ဦးရဲတင့်၊ ဘကြီးမြိုင်နှင့်လူကြီးအလုပ်သမားများ ကျတ်ကုန်းကြီးပေါ်ရောက်လာကြပြီ။ သူတို့အားလုံး ရွှင်လန်းနေကြသည်။ တက်ကြွနေကြသည်။ ဦးရဲတင့်က ယနေ့တူးရမည့်အစီအစဉ်ကို ရှင်းပြသည်။ မျိုးမင်းဇော်က လူစစ်သည်။ ကျော်ကျော်ဆွေက စာရင်းမှတ်သည်။ ပြီးတော့မှ ထုံးစံအတိုင်းလူခွဲသည်။ သည်နေ့ အစီအစဉ်က တစ်မျိုး၊ လူကြီးဝိုင်းတွင် လူငယ်များကို တွဲဖက်ပေးလိုက်သည်။

"ဒါမှ လူကြီးတွေမောလာရင် လူငယ်တွေက ကူညီနိုင်မှာပေါ့"

ဦးရဲတင့်က ရှင်းပြသည်။ ဘကြီးမြိုင်ကိုခေါ်၍ မြို့ရိုးတံခါးကြီးကို ဆက်လက်တူးရမည့်နေရာကို ရွေးကြသည်။

နေထွက်လာသည့်အချိန်မှစ၍ ကျတ်ကုန်းကြီးပေါ်တွင် ပုံမှန်အတိုင်းလှုပ်လှုပ်ရွရွဖြစ်နေပြီ။ အရှိန်အဟုန်ကောင်းနေလေပြီ။ ကံကောင်းသည့် နေ့တစ်နေ့။ ပျူဒင်္ဂါးများ အစုလိုက်၊ အပုံလိုက်

တူးဖော်ရရှိသည်။ အရှည်ကြီးကိုတင်ဦး ပေါက်တူးနှင့်ခုတ်မိ၍ ဒဂီး တစ်ပြားပိန်ရှဲ့သွားသည်။ သို့ပေမယ့် ကိစ္စမရှိ၊ သည်နေရာတွင် ဘာကြောင့်များ ဒဂီးတွေအစုလိုက်၊ အပုံလိုက် တွေ့နေရပါလိမ့်။ တစ်နေရာတွင် ကိုထွေးမောင်၏ပေါက်တူးအောက်တွင် ဒုတ်ခနဲ မြည်သံကြီးတစ်ခု ကြားလိုက်ရသည်။ တစ်ကြိမ်သာမဟုတ်၊ နှစ်ကြိမ်၊ သုံးကြိမ်။

လှထွေးနှင့်ဒဂီးများကို စာရင်းမှတ်နေခိုက် ခေါ်သံကြား၍ ကိုထွေးမောင်တို့တွင်းထဲသို့ လာဝိုင်းကြည့်ကြသည်။ ထိုအခိုက် လူသံများ ကြားလိုက်ရသည်။ အားလုံး လှည့်ကြည့်မိကြသည်။

"ဟ… စံခတို့ ညီနောင်တွေပါလား"

ဘကြီးမြိုင်က တအံ့တသြ ရေရွတ်လိုက်သည်။ ညီအစ်ကို သုံးဦးအနက် အကြီးဆုံးစံလှက ဘကြီးမြိုင်မမေးမီ တင်ကြို၍ လှမ်းအော်သည်။

"ကျွန်တော်တို့လည်း ဒီမှာအလုပ်လုပ်မလို့"

ဘကြီးမြိုင်တို့ မည်သို့မျှ အံ့သြခြင်း မဖြစ်မိ။ သည်ညီနောင် သုံးဦးမှာ ဒေါ်ကျည်းတန်အိပ်မက်ကို ရွာထဲတွင် ပထမဆုံးသတင်း လွှင့်ခဲ့သူများ။ ပထမဆုံး အကြောက်လွန်ခဲ့သူများ။ ပထမဆုံး အလုပ်သမားစာရင်းမှ နာမည်ဖျက်သိမ်းသွားသူများ။ နောက်ပြီး ကျတ်ကုန်းကြီး၏အနောက်ဘက်ရှိ ရွာတစ်ရွာတွင် တာဖို့လုပ်ငန်း သွားလုပ်မည်ဟုဆိုကာ ကုန်းတန်းကြီးကျေးရွာမှ တိမ်းရှောင်သွား ကြသူများ။

အခု သူတို့တစ်တွေ သည်ကအောင်မြင်မှုသတင်းများကို သိသွားကြပြီထင့်။ အယူအဆဟောင်းတွေလည်း စွန့်ပစ်လိုက်ကြပြီထင့်။

ဘကြီးမြိုင်နှင့်ဦးရဲတင့်က သူတို့ကို ခွင့်လွှတ်လိုက်သည်။ အားရဝမ်းသာလက်ခံလိုက်သည်။

"မောင်မျိုးမင်းဇော်ရေ... ကိုစံခတို့ကို အဆိုင်း (၃) ထဲ ထည့်ပေးလိုက်ပါဟေ့"

မျိုးမင်းဇော် ဦးဆောင်သောလူငယ်များက အမှတ် (၁) ကုန်းကြီးကို ဆက်တူးကြသည်။ တူးပြီးသမျှကို ပေတိုင်းကြည့်သည်။ အမှတ် (၁) ကုန်းနှင့် အမှတ် (၂) ကုန်းသည် တစ်ခုနှင့်တစ်ခု ဘယ်လောက်မျှမဝေး။ အမှတ် (၁) ကုန်းသည် အမှတ် (၂) ကုန်းမြေ၏ တောင်ဘက် (၁၀) ကိုက်မျှအကွာအဝေးတွင် တည်ရှိသည်။ အမှတ် (၂) ကုန်း တည်ရှိရာမြို့ရိုးမှ ကြည့်လျှင်၊ အမှတ် (၁) ကုန်းသည် အပြင်ဘက် သို့ အနည်းငယ်ထွက်နေသည်။ အမှတ် (၁) ကုန်းတွင် တူးဖော် တွေ့ရှိထားသည့် အုတ်ခုံကြီးကို ငမိုးနှင့် လှထွေးတို့ အပြီးသတ် တိုင်းတာကြည့်ကြသည်။ အလျား ၁၀၅ ပေ။

အုတ်တစ်ချပ်လျှင် အလျား ၁ ပေ ၆ လက်မ၊ အနံ ၉ လက်မ နှင့် ထု ၃ လက်မ။

အုတ်ခုံကြီးမှာမူလတည်ဆောက်ခဲ့စဉ်ကနှင့် ဘာမျှ မထူးခြားသလိုပင်။ အုတ်ခဲများက သစ်လွင်နေဆဲ။ အုတ်စီထားပုံများ ညီညီညာညာ၊ အတိမ်းအစွန်းမရှိသေး၊ အုတ်အလွှာများကို ရေတွက်ကြည့်သည်။ စုစုပေါင်း ၁၅ လွှာ။

အုတ်တန်းကြီးကို ကြည့်ရသည်မှာ ဆန့်တန်းထွက်ပေါ်သည့် လက်စွယ်တစ်ခုကိုလည်း တွေ့ရှိထားပြီးဖြစ်သည်။

မျိုးမင်းဇော်က လက်စွယ်နှစ်ခုစလုံး၏အတိုင်းအတာကို ကိုယ်တိုင်ဆင်း၍တိုင်းကြည့်သည်။

အရှေ့ဘက်ရှိလက်စွယ်သည် ၂၂ ပေ ရှည်သည်။ ၅ ပေ ကျယ်သည်။ ၃ ပေနှင့် ၁ လက်မ မြင့်သည်။ အနောက်ဘက်ရှိ လက်စွယ်က ဟိုလက်စွယ်လောက် သိပ်မရှည်၊ အလျား ၁၆ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၂ ပေ ၉ လက်မ။လက်စွယ်နှစ်ခုစလုံးသည် ကျုတ်ကုန်း၏မြောက်ဘက်မှတောင်ဘက်သို့ သွယ်တန်းလျက်။

ထိုနေ့ကနောက်ဆက်တွဲ တူးဖော်တွေ့ရှိမှုမှာ လူငယ်များအတွက် ဝမ်းမြောက်စရာပင်၊ ရှေးဟောင်းသုတေသီများအတွက်မူ ပြောစရာပင်မရှိတော့။ မြောက်ဘက်မှ တောင်ဘက်သို့ သွယ်တန်းနေသည့် လက်စွယ်ကြီးနှစ်ခုနှင့် အနီးပတ်ဝန်းကျင်ကို ဆက်တူးကြသည်။ လည်ရစ်များစွာပါသော ရေတည်အိုးများ၊ ချက်ပြုတ်အိုးများ၊ သပိတ်ပုံစံအိုးပုံစံများ အမြောက်အမြားတွေ့ရသည်။ အချို့လည်းအကွဲ၊ အချို့လည်း အကောင်းအတိုင်း။ လက်ဖွဲ့ ငွေပြားကလေးများစွာမှာလည်း မြေကြီးထဲတွင် ဟိုနေရာမှပေါ်လာလိုက်၊ သည်နေရာမှ ပေါ်လာလိုက်နှင့်။ ရောင်စုံကျောက်ပုတီးနှင့် မြေပုတီးများ၊ မြေဒိုးဝိုင်းများ၊ ကြွေစေ့နှင့် ယောက်သွားများသည် မြေကြီးအောက်တွင် ပုန်းမနေနိုင်တော့။ အားလုံး ထွက်လာသည်။

လူပျိုကြီး ကိုစံခ တူးလိုက်သည့်နေရာမှ ထူးထူးဆန်းဆန်း ပစ္စည်းနှစ်မျိုးထွက်လာ၍ လူငယ်များက ဝိုင်းရယ်ကြသည်။

ပျူအမျိုးသမီးတစ်ဦး အသုံးပြုခဲ့ဟန်တူသော အရိုး သို့မဟုတ် ဆင်စွယ်ဖြင့် ပြုလုပ်ထားသော ဆံထိုးတစ်ချောင်းနှင့် မျက်ခွံဆိုး ရာ၌ သုံးရသည့် သံချောင်းကလေးတစ်ချောင်း။

□ □ □ □ □

## အခန်း (၂၃)

လူငယ်များ အမှတ် (၂) ကုန်း ပတ်ဝန်းကျင်ကို စတင်တူးဖော်ကြသည်။

နေ့လယ်ပိုင်းအထိ ကြိုးစားပမ်းစားတူးကြသည်။ ခိုကတ်သူမရှိ။ အားလုံးတက်ညီလက်ညီ ပျော်ပျော်ပါးပါး။

နေ့လယ်ပိုင်းတွင် တူးဖော်မှုအားလုံးကို ရပ်ဆိုင်းလိုက်သည်။ မျိုးမင်းဇော်၊ ကျော်ကျော်ဆွေ၊ ဇော်ဟာန်၊ စိန်မောင်မြင့်တို့ ငမေးတို့နှင့် ရွာထဲလိုက်သွားသည်။ ရွာထဲတွင် ပျော်ပျော်ပါးပါး ရေကစားကြသည်။ ရင်းရင်းနှီးနှီး စားကြသောက်ကြသည်။

ဧပြီလ (၁၃) ရက်နေ့။

တူးဖော်မှုလုပ်ငန်းကြီးကို ရပ်နားထားသည်။ သို့ပေမယ့် လူငယ်များက စိတ်အားထက်သန်နေကြသည်။ အလုပ်လုံးဝပိတ်သည်ကို သဘောမကျကြ။ နေ့တွက်ခ မရလျှင်နေပါစေ။ နေ့တစ်ဝက်ဖြစ်ဖြစ် လုပ်အားပေးချင်ကြသည်။ လူငယ်များ၏ဆန္ဒကို လူကြီးပိုင်းကလည်း မလွန်ဆန်နိုင်။ သူတို့ပါလူငယ်များနှင့်ရောရှက်ကျွတ်ကုန်းကြီးပေါ် သို့ ရောက်လာတတ်ကြသည်။

သင်္ကြန်အကြတ်နှင့်အတက်နေ့။

လူကြီးများနှင့်လူငယ်များ တူးလက်စအမှတ် (၂) ကုန်းကို ဆက်တူးကြသည်။ မြို့ရိုးကြီး၏အစအနကို စတင်တွေ့ရပြီ။ အားလုံးဝမ်းသာလို့မဆုံး။ အတက်နေ့တွင် ရွာထဲတွင် အများပျော် ၍မျှ သူတို့လူစုမပျော်နိုင်။ ဖွဲကောင်းကောင်းနှင့် တစ်နေကုန်တူး ကြသည်။

နောက်တစ်နေ့။ နှစ်ဆန်းတစ်ရက်နေ့။

မင်္ဂလာရှိသောနေ့တွင် မင်္ဂလာရှိသောသတင်းစကားကို မျိုးမင်းဇော်မှတစ်ဆင့် ဦးရဲတင့်ထံ ပေးပို့ခဲ့သည်။ တူးဖော်ရေးသမား များက မြို့ရိုးဟောင်းကြီးကို အတော်ပင်ရှည်ရှည်လျားလျား တူးဖော် ပေးလိုက်နိုင်သည်။

သို့ပေမင့် ထိုနေ့ကလုပ်ငန်းကို တစ်ဝက်တစ်ပျက်နှင့် ရပ်ဆိုင်း လိုက်ရသည်။ ရွာထဲတွင် သက်ကြီးပူဇော်ပွဲကျင်းပနိုင်ဖို့ ဝိုင်းဝန်း ကူညီရမည်မဟုတ်လား။ ရွာလယ်လမ်းမကိုလည်း လူကြီးလူငယ် အားလုံး ဝိုင်းပြင်ပေးရဦးမည်မဟုတ်လား။

သက်ကြီးပူဇော်ပွဲတွင် မျိုးမင်းဇော်က မြန်မာဝတ်စုံနှင့် အလွန် ကြည့်ကောင်းနေသည်။ ငမှေးတို့ လှထွေးတို့လည်း အဝတ်သစ် အစားသစ်တွေနှင့်။

သက်ကြီးပူဇော်ပွဲအတွက် ရှေးဟောင်းသုတေသနဝန်ထမ်း များက ငွေအားလူအားနှင့် ကူကြသည်။ အခမ်းအနားကျင်းပမည့် ခြေတံရှည်ဘုန်းတော်ကြီးကျောင်းအောက်၌ မျိုးမင်းဇော် ဦးဆောင် ၍ လှလှပပပြင်ဆင်ပေးထားသည်။ သက်ကြီးပူဇော်ပွဲအတွက်

ကုန်းတန်းကြီးကျေးရွာသားများ၏ အလှူဒါနက အလွန်ထူးခြားလှသည်။ သူတို့က လုပ်အားခငွေများကို စုပေါင်း၍ပေးလှူတတ်ကြသည်။

"အမေကြီးကို အခုလိုဖိတ်တဲ့အတွက် ဝမ်းသာလို့မဆုံးပါဘူး သားတို့ရယ်"

သက်ကြီးပူဇော်ပွဲတွင် ရွာသားများက သဘောထားကြီးကြီး ထား၍ အသက် (၆၀) ကျော် ဒေါ်ကျည်းတန်ကြီးကိုပင် ဖိတ်ခေါ်လာသည်။ အဘွားကြီးမှာ ဝမ်းသာလွန်း၍ မျက်ရည်တစမ်းစမ်း။

"ကဲဟေ့. . . အသင့်ပြင်ကြ၊ ဆရာတော်ကြီး ကြွလာနေပြီ"

ဘကြီးမြိုင်က ကျောင်းကြီးပေါ်မှ အပြေးအလွှားဆင်းလာပြီး အသင့်ပြင်ထားခိုင်းသည်။ မကြာမီ ဦးရဲတင့်နှင့် မျိုးမင်းဇော်တို့ တစ်ဖက်တစ်ချက်မှတွဲပြီး ဆရာတော်ကြီး ကြွလာသည်။

"ဟဲ့. . . ဟဲ့၊ ထွေးမောင်တို့ ခင်အောင်တို့ ဉာဏ်တင်တို့၊ မင်းတို့ တူးဖော်ရေးလုပ်ငန်းတွေမှာ ပောဒီဒကာဦးရဲတင့်တို့နဲ့ ဝိုင်းလုပ်နေပြီလို့ကြားရတယ်။ ဘုန်းကြီး သိပ်ဝမ်းသာမိတယ်။ မင်းတို့ လိမ္မာလာကြပြီကိုး။ နိုင်ငံအတွက်၊ တိုင်းပြည်အတွက်၊ လူမျိုးအတွက်လို့ ဆိုလိုက်တာနဲ့ မောင်မျိုးမင်းဇော်ဦးဆောင်တဲ့ လူငယ်တွေကမှ ရှေးဆုံးကို ထွက်ဖော်ရသေးတယ်။ မင်းတို့လူကြီးတွေ၊ ဆံဖြူကောင်တွေ ဘယ်သွားပြီးပုန်းနေကြသတုံး။ ကိုယ့်ရပ်ရွာ ကိုယ်ချစ်မှပေါ့။ ကိုယ့်နိုင်ငံ ကိုယ်ချစ်မှပေါ့။ ကိုယ့်လူမျိုး ကိုယ်ချစ်မှပေါ့။ ကိုယ့်ယဉ်ကျေးမှု ကိုယ်ထိန်းမှပေါ့။

ဒီနေ့ကစပြီး မင်းတို့ကို ဘုန်းကြီး တစ်ခုမှာချင်တယ်။ သူ
တစ်ပါးခြောက်တိုင်း မကြောက်နဲ့။ သူတစ်ပါးပြောတိုင်း မယုံနဲ့။
သူတစ်ပါးကြောင်တိုင်း မယောင်နဲ့။ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ကြ၊
ဝေဖန်ကြည့်ကြ၊ ဆုံးဖြတ်ကြ ကြားကြရဲ့လား။

မင်းတို့ကို ဘုန်းကြီး နောက်တစ်ခုမှာချင်သေးတယ်။
ဟောင်းမြင်းတဲ့အယူအဆတွေ၊ လွဲမှားတဲ့ ယုံကြည်ချက်တွေကို
မင်းတို့ ခေါင်းထဲက ဖျောက်ပစ်လိုက်ကြပေတော့။ ဟုတ်လား။

ဘုန်းကြီးတို့ရဲ့ရွာကြီး တည်လာခဲ့တာကြာပြီ။ ရွာနာမည်က
ကုန်းတန်းကျေးရွာတဲ့။ မူလကတော့ ကျတ်ကုန်းကြီးကို အစွဲပြုပြီး
ကုန်းတန်းကျေးရွာလို့ ခေါ်ခဲ့တာပေါ့လေ။ မင်းတို့ လက်ထက်ကျမှ
မင်းတို့တစ်တွေ အသိဉာဏ်ပညာ ဘာမှမရှိ၊ အမှားအမှန်လည်း
မဝေခွဲတတ်၊ အဝိဇ္ဇာဖုံးလွှမ်းပြီး စုံလုံးကန်းနေကြတယ်။ ဒီလို စုံလုံး
ကန်းနေလို့လည်း ဘဝတုံးနေရတယ်။ နောင်ဆို တစ်ရွာလုံးတောင်
ပျက်ပြုန်းသွားနိုင်တယ်ကွ။ မင်းတို့ကြောင့် မြန်မာလူမျိုးပါ တုံးသွား
လိမ့်မယ်၊ သိကြရဲ့လား။

တို့ရွာနာမည်ကို ကုန်းတန်းကျေးရွာလို့ ခေါ်နေသရွေ့ကာလ
ပတ်လုံး ကန်းလို့တုံးနေတဲ့ ကန်းတုံးဆိုတဲ့ လက္ခဏာကိုဆောင်နေ
လိမ့်မယ်။ ဒီတော့ ရှေးဟောင်းဆရာတွေရှိနေတုန်း ဘုန်းကြီးတို့
မေတ္တာတစ်ခုရပ်ခံချင်ပါတယ်။ ဘုန်းကြီးတို့ရဲ့ရွာနာမည်ကို
တတ်နိုင်ရင်ဖြင့် ပြင်ပေးခဲ့ဖို့ပါပဲ”

□ □ □ □ □

# အခန်း (၂၄)

တောင်ကုန်းကြီးတစ်ကုန်းလုံး ခြေချစရာမရှိတော့ပြီလားမသိ။ နံနက်အလင်းရောင်မြင်ရကတည်းက ကျတ်ကုန်းကြီးပေါ် လူတွေ တက်လာသံများကြောင့် မျိုးမင်းဇော်တို့ အိပ်ရာမှလန့်နိုးသွားရသည်။ အပြင်ထွက်ကြည့်လိုက်တော့ လူတွေ. . . လူတွေ။ ရွာထဲက လူတွေ။

ရွာထဲမှာ အိမ်စောင့်ဖို့ လူတွေမှ ကျန်ရစ်ခဲ့ပါလေစ။ တစ်ရွာလုံးနီးပါး ကျတ်ကုန်းကြီးပေါ် လုပ်အားပေးရန်ရောက်လာကြခြင်း ပါတဲ့။

ဦးရဲတင့်က ထုံးစံအတိုင်း သူ့နဖူးပြင်ကြီးကို ရိုက်ပြန်သည်။

"ဟာ. . . သေတာပဲ မျိုးမင်းဇော်ရေ။ အမျိုးသမီးတွေအားလုံးကိုတော့ တာဝန်မပေးပါနဲ့။ သန်သန်မာမာ ဆယ်ယောက်လောက်ရရင် တော်ပါပြီကွာ"

ကလေးလူကြီး ဆူညံသံများကြားမှ ဦးရဲတင့်၏အသံပြာပြာ ကလေးထွက်လာသည်။ မျိုးမင်းဇော်က အမျိုးသမီးအားလုံးကို စာရင်းကောက်ကြည့်သည်။ အလိုလေး. . . လေး. . . များလှချည်

လား။ အားလုံးစုစုပေါင်း ၂၂ ယောက်တိတိ။ နောက်ဆုံးတော့ ဦးရဲမြင့်နှင့်တိုင်ပင်၍ မြေကြီးများကို ပိုင်းသယ်ပေးဖို့ အမျိုးသမီး (၁၂) ယောက်ကို တာဝန်ပေးလိုက်ရသည်။

ဧပြီလ (၂၅) ရက်နေ့သို့ပင် ရောက်လာပြီ။ ကျုတ်ကုန်းကြီးပေါ်တွင် လူအင်အားမြိုင်မြိုင်နှင့် တက်ညီလက်ညီရှိလှသည်။ မျိုးမင်းဇော်တို့ လူကြီးလူငယ်တူးဖော်ရေးသမားများက နောက်ဘက်အတွင်းအုတ်ရိုးမှ ခြောက်ပေကျော်ကျော်အကွာတွင် လှေကားထစ်များကို စတင်တွေ့ရသည်။ မြို့ရိုးအထက်သို့တက်သည့် လှေကားတွေများဖြစ်နေလေမလား။ အမှတ် (၂) ကုန်းတွင် အခြားထူးခြားချက်တစ်ရပ်ကိုလည်း သူတို့ မမျှော်လင့်ဘဲတွေ့ရသည်။ မြို့ဝင်ပေါက်ကြီးအောက် (၃) ပေကျော်အနက်တွင် မြေသားနှင့် အုတ်ခဲ၊ ကျောက်ခဲများ ရောပွန်းနေသည့် မြို့အဝင်လမ်းတစ်လမ်းကိုလည်း တွေ့ရခြင်းပင်။ မြေလွှာမှ မီးသွေးနှင့်သံတိုသံစများကိုလည်း ရလိုက်သည်။ ဤမြို့ကြီးမှာလည်း အခြားပျူမြို့များနည်းတူ မီးလောင်ပျက်စီးခဲ့ရဟန်တူသည်။ မီးလောင်ရာတွင် သစ်သားပြာသာဒ်နှင့် မုခ်ကူးများ ပျက်စီးဆုံးရှုံးခဲ့ရဟန်တူသည်။ တူးဖော်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်နေနိုင်ချိန်မှာပင် တစ်ညနေအလုပ်သိမ်းချိန် ကြေးနန်းစာတစ်စောင် အရေးတကြီးဝင်လာသည်။ (ရုံးချုပ်မှပေးပို့လိုက်သည့် ကြေးနန်း) ကုန်းတန်းကြီးရွာတွင် တူးဖော်ရေးလုပ်ငန်းများ အမြန်ဆုံးရပ်ဆိုင်း၍ ရန်ကုန်သို့အမြန်ဆုံး ပြန်လာရန်ဆိုပါလား။

ဦးရဲတင့်နှင့် မျိုးမင်းဇော်တို့ စိတ်အတော်ထိခိုက်သွားသည်။ ထိုညနေက နှစ်ယောက်စလုံး ထမင်းပင်မစားနိုင်ကြ။ သို့ပေမင့် သူတို့ နားလည်ထားကြသည်။ သူတို့သည် အစိုးရဝန်ထမ်းများ။ ထားရာနေ စေရာသွားရမည့်ဘဝ။

တူးဖော်ရေးအတွက်အချိန်ကား နည်းသထက်နည်းလာခဲ့ပြီ။ အချိန်ကိုလု၍ အလုပ်လုပ်နေကြရသည်။ တစ်လကျော်ကျော် အချိန်တိုတိုကလေးအတွင်း ထိထိရောက်ရောက် အကျိုးဖြစ်ထွန်း စေချင်သည်။

အလုပ်သမားများကို အဆိုင်းအသစ်များ ခွဲရသည်။ အရင်ကလို မဟုတ်တော့။ တစ်ဖွဲ့တွင် လူကြီးလူငယ်မျှ၍ထည့်ထားရသည်။ အချိန်မရှိပါဘူးဆိုမှ မြေကြီးအောက်မှ အဆက်မပြတ် တူးဖော်သွားစရာတွေ အများကြီးပေါ်လာသည်။ ထုံးစံအတိုင်း ငမှေးတို့အဖွဲ့က ဖိုးကံကောင်းများဖြစ်ကြသည်။ အရှေ့ဘက် မြို့အဝင်ပေါက်ကြီးကို သူတို့အဖွဲ့က စတင်တွေ့ရသည်။

သူတို့တွေ့လိုက်ရသည့် အရှေ့ဘက်မြို့ဝင်ပေါက်ကြီးမှာ အရှေ့ဘက်မြို့ရိုးကြီးအပေါ် မေးတင်ဆောက်ထားသည်။ သုံးပေကျော်ကျော်အမြင့်သာ ကျန်တော့သည်။ ဤမြို့ဝင်ပေါက်ကြီးတွင်လည်း အတွင်းအုတ်ရိုးနှစ်ခု တွေ့ရသည်။

မျိုးမင်းဇော်က မြို့ဝင်လမ်းကို တိုင်းကြည့်သည်။ (၁၇) ပေကျယ်သည်။ အတွင်းအုတ်ရိုးများနှင့် မလှမ်းမကမ်းတွင် အုတ်ခုံနှစ်ခုကို ဆောက်လုပ်ထားသည်။ အုတ်ခုံတစ်ခုတွင် လှေကားထစ်

များတွေ့ရသည်။ မြို့ရိုးအထက်သို့တက်သည့် လှေကားလား၊ မဖြစ်နိုင်။ မျှော်စင်တစ်ခုသာ ဖြစ်ဖို့များသည်။

တူးဖော်မှုရပ်ဆိုင်းရန် နှစ်ရက်မျှသာလိုတော့သည်။ လူကြီးအလုပ်သမားအများစုမှာ အလုပ်သိမ်းသည့်တိုင် အိမ်သို့မပြန်ကြတော့ပြီ။ မျိုးမင်းဇော်တို့နှင့် ဤနှစ်ရက်အတွင်း အားရအောင်အတူနေချင်သေးသည်။ အလုပ်ပြီးနိုင်သရွေ့ပြီးအောင် ဝိုင်းလုပ်ပေးချင်ကြသေးသည်။ အစာမကျွေးလျှင် နေပါစေတဲ့။ ရှေးဟောင်းအဖွဲ့သားများနှင့် စကားတွေဖောင်လောက်အောင် ပြောနေခွင့်ရလျှင် ကျေနပ်ပါပြီတဲ့။

သို့အတွက် ဦးရဲတင့်က စိတ်ပြေလက်ပျောက်ဖြစ်ရအောင် လက်ဖက်ရည်ကြမ်းဝိုင်း စီစဉ်ပေးထားသည်။ စခန်းတွင်ရှိသမျှ ချကျွေးသည်။ အလုပ်သမားများ ရွာသို့ပြန်၍ ယူလာသမျှကို စားပြသည်။

ဦးရဲတင့်က ဘုန်းကြီးကျောင်းသား မုဆိုးမသားကလေးအဖြစ်မှ လက်ရှိဘဝသို့ရောက်လာအောင် မည်သို့ကြိုးစားခဲ့ရကြောင်း ပွင့်ပွင့်လင်းလင်းပြောပြသည်။ ထို့နောက် သူတို့ တူးဖော်ခဲ့သည့် ပျူမြို့ဟောင်းများအကြောင်းဘက်သို့ စကားဦးလှည့်သွားသည်။

မျိုးမင်းဇော်က သစ်ပင်တစ်ပင်ကိုမှီ၍ ဦးရဲတင့်ပြောသမျှကို နားစွင့်ထောင်နေသည်။ တစ်ချက်တစ်ချက်တော့ စိတ်ကလွတ်သွားသည်။ တိုင်းတစ်ပါးသို့ ရောက်သွားသည်။

ယခုဆိုလျှင် စင်သီယာတစ်ယောက် ဘယ်သို့ရှိနေပါလိမ့်။

မျိုးမင်းဇော်ဆိုသော မြန်မာပြည်တွင်ကျန်ရစ်ခဲ့သူတစ်ဦးကို သတိမှရပါလေစ။

ဩော်. . . သူလည်း မေ့လောက်ပါလေပြီ။ ။

□ □ □ □ □

# အခန်း (၂၅)

ပြန်ရတော့မည်။

ပြန်ကြရတော့မည်။

သူတို့နှင့် ခွဲခွာရတော့မည်။

ဘယ်တော့လဲ။ ရုံးကပို့လိုက်သည့် ကြေးနန်းစာအရ မနက်ဖြန် ရန်ကုန်အရောက် ပြန်ကြရမည်။

လူငယ်များကို စိတ်ပြေလက်ပျောက်ဖြစ်စေချင်လို့လား။ ဒါမှ မဟုတ် အသိပညာတွေ ပိုမိုတိုးတက်စေချင်လို့လား။ စကားများများ စားစားမပြောတတ်သော ဦးရဲတင့်ပင် နှုတ်ဆက်ပွဲညက စကားတွေ ဖောင်ဒနေသည်။ အသံတွေ ပိုကျယ်နေသည်။

"ဟော့ကောင်တွေ နောက်တစ်ခေါက် တို့ပြန်လာရင် ဝိုင်းကူ ကြဦးနော်။ ဒေါ်ကျည်းတန်ကြီးကိုလည်း အိပ်မက်မမက်ပါနဲ့တော့လို့ ပြောထားကြဦး။ ကတ်သီးကတ်သတ်ကွာ မတ်လအလယ်က ဧပြီလ ကုန်အထိ အချိန်တိုကလေးတစ်ခုအတွင်း ကြားဖြတ်အစီအစဉ် အနေနဲ့ မင်းတို့ရွာကိုလာပြီး ထူးထူးခြားခြားတူးရတယ်လို့ကွာ။ ဘာပဲပြောပြော ငါတော့ မင်းတို့နဲ့ နေခဲ့၊ ထိုင်ခဲ့၊ လုပ်ကိုင်ခဲ့ရတာ

တွေကို ဘယ်တော့မှမမေ့တော့ပါဘူး။ ဟော့ကောင် လှထွေးတို့ ငမှေးတို့၊ ငါတို့ တူးစရာတွေ အများကြီးကျန်နေသေးတယ်နော်။ အခုမှ မြို့ရိုး၊ မြို့အရံအတားနဲ့ မြို့ဝင်ပေါက်တွေကိုပဲ တူးရသေးတယ်။ နောက်တစ်ခေါက် ငါတို့ပြန်လာရင် ဖျူရပ်ကွက်တွေမှာရှိတဲ့ အဆောက်အဦ အကြွင်းအကျန်တွေကို ဆက်တူးကြမယ်။ ကြားလား. . .။ သမိုင်း၊ ဂူတွေလည်း တွေ့ချင်တွေ့ဦးမှာကွ။ ဗိဿနိုးတို့ မိုင်းမောတို့မှာလို လူသေအလောင်းကြီး တွေ့ချင်တွေ့နေဦးမှာကွ။ အဲဒီအခါကျရင်လည်း ငါ့ကို ပစ်မပြေးကြနဲ့ဦးနော်။ ဟား. . . ဟား. . . ဟား"

ထို့နောက် လူငယ်များနှင့် လူကြီးအချို့ကို ကျတ်ကုန်းကြီးပေါ်သို့ ပြန်ခေါ်သွားသည်။ တူးဖော်ပြီးသမျှနေရာများကို ဝိုင်းဝန်းစောင့်ရှောက်ထားကြဖို့ မှာကြားလို၍ပင်ဖြစ်သည်။

"အားလုံးသိတဲ့အတိုင်း အဲဒါမြို့အဝင်ပေါက်ပေါ့။ အဲဒီမြို့အဝင်ပေါက်နားမှာ နိုင်ငံနဲ့လူမျိုးအတွက် နောက်ဆုံးအချိန်အထိ စောင့်ရှောက်ကာကွယ်ပေးသွားတဲ့ မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက် တာဝန်ယူခဲ့တဲ့နေရာကို သတိပြုမိကြရဲ့လား။ အဲဒီပုဂ္ဂိုလ် ဘယ်သူလဲဆိုတာရော သိကြရဲ့လား။ ဟောဟို အုတွင်းချိုးအုတ်ရဲ့အဆုံးမှာ တွေ့ရတဲ့ သံဆုံလည်တွေ၊ မီးသွေးတွေ၊ သံတိုသံစတွေ၊ ပြာတွေက မီးလောင်ပျက်စီးသွားတဲ့ သစ်သားတံခါးကြီးတစ်ခုနားက မြို့စောင့်စစ်သည်တော်တစ်ဦး နောက်ဆုံးတာဝန်ထမ်းဆောင်သွားခဲ့တဲ့ ကတုတ်ရင်တားတစ်ခုကို အထင်အရှားပြနေပါတယ်ဗျာ"

ကနေ့ နောက်ဆုံးနေ့။

မျိုးမင်းဇော်တို့ ကနေ့ပင် သည်ရွာကြီးမှထွက်သွားကြတော့မည်။

အဖိုးတန် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသကြီးတစ်ခုမှ စွန့်ခွာသွားရတော့မည်။

မျိုးမင်းဇော်၏ရင်သည် တသိမ့်သိမ့်တုန်လျက်ရှိသည်။

ဦးရဲတင့်ကြီးမှာ စကားပင်မပြောနိုင်တော့ချေ။ သူ့ အလွန်ကြိုက်တတ်သော ဆေးလိပ်တိုကြီးပင် ဘယ်ရောက်နေပြီမသိ။

ရုံးကားကြီးပေါ်သို့ ငမှေးတို့လူငယ်များနှင့် ကိုထွေးမောင်တို့ လူကြီးများ ပစ္စည်းတွေတင်နေကြသည်ကို ရပ်ကြည့်နေသည်။ ကိုညာဏ်တင်၊ ကိုတင်မြင့်တို့မှာလည်း အရှေ့ပိုင်းက တာဝန်ရှောင်ခဲ့မိကြသဖြင့် နောင်တကြီးစွာရနေကြသည်။ ရှက်နေကြသေးသည်။

မျိုးမင်းဇော်က အလုပ်ကိုသာ သွက်သွက်လက်လက် လုပ်နေကြသော်လည်း ရွှင်ရွှင်ပျပျမရှိလှတော့သည့် ရွာသူရွာသားများ၏ မျက်နှာကိုကြည့်ရင်း -

"ဩော် . . . သူတို့နှလုံးသားတွေကလည်း သံခဲကြီးတွေ၊ ကျောက်ခဲကြီးတွေနဲ့ လုပ်ထားတာမှမဟုတ်ဘဲလေ။ သူတို့အတွက် ငါတို့ လုပ်ပေးစရာတွေ အများကြီးရှိနေသေးပါကလား။ စံပြရွာအဖြစ် အဆင့်တိုးပေးရဦးမယ်။ ကတ္တရာလမ်းတွေ၊ လျှပ်စစ်မီးတွေ၊ တွဲဖက် အခြေခံပညာအထက်တန်းကျောင်းတွေ၊ ကျေးရွာစာကြည့်တိုက်၊ ကျေးရွာကျန်းမာရေးဌာန၊ နောက်ပြီး ကုန်းမြင့်တူးဖော်ရေးလုပ်ငန်း

ခွင်နေရာမှ ပြတိုက် (Site Museum) တည်ဆောက်ပေးရဦးမှာပါ ကလား. . .”

ရှေးဟောင်းသုတေသနအဖွဲ့က ပစ္စည်းများတင်ပြီးချိန်တွင် ဆရာတော်ကြီးကို ဦးချသည်။

ကျောင်းအုပ်ဆရာကြီးကို နှုတ်ဆက်သည်။ နွေရာသီကျောင်း ပိတ်ထားစဉ်အတွင်း သူတို့အပေါ် ဆရာကြီးထားခဲ့သည့် စေတနာ တရားကား ကြီးမားလှပေသည်။

ဇော်ဟန်က လူငယ်အုပ်စုနှင့် လူကြီးများကြားတွင် တိုးဝှေ့ သွားလာရင်း စကားတွေ တတွတ်တွတ်ပြောနေသည်။ နှုတ်ဆက် နေသည်ထင်ပါရဲ့။

ကျော်ကျော်ဆွေတို့၊ စိန်မောင်မြင့်တို့ကတော့ အမျိုးသမီးများ နှင့်စကားလက်ဆုံကျနေသည်။ ခါတိုင်းလို သူတို့လည်း မနောက် မပြောင်နိုင်ကြတော့ပါကလား။

ဦးရဲတင့်က ဆရာတော်ကြီးထံ လျှောက်ထားနေသည့်အသံကို မျိုးမင်းဇော်တို့ ကြားရသည်။

“သက်ကြီးပူဇော်ပွဲညက ဆရာတော်ကြီး မိန့်ကြားသလို တပည့်တော်တို့လည်း ဒီရွာနာမည်ကို ပြောင်းပေးချင်ပါတယ်ဘုရား။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဆောက်အဦကြီးတစ်ခုကို ပိုင်ဆိုင်ထားပေမယ့် အသိပညာဗဟုသုတ အကြောက်တရားတွေ ဖုံးလွှမ်းခံနေရတဲ့ ဒီရွာကြီးရဲ့နာမည်ကို ပြောင်းပေးဖို့စီစဉ်ပြီးပါပြီ ဘုရား။ အခုဆိုရင်လည်း အရှင်ဘုရား မိန့်ကြားခဲ့သလို ဒီနေ့ဆိုရင်

နိုင်ငံနဲ့လူမျိုးချစ်စိတ်ကို အရင်းခံပြီး အသိတရားရှိရှိ တာဝန်သိသိ ဝိုင်းဝန်းလုပ်ဆောင်ပေးခဲ့ကြလို့ တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရတဲ့ ပျူမြို့ဟောင်းတစ်ခုရဲ့ မြို့ရိုး၊ မြို့အရံအတားနဲ့ မြို့ဝင်ပေါက်တွေကို ပဏာမအစီအစဉ်အဖြစ် အောင်အောင်မြင်မြင် တူးဖော်နိုင်ခဲ့ပါပြီ ဘုရား။ ကျုတ်ကုန်းကြီးဆိုတဲ့ အမည်ဆိုးနဲ့မကောင်းသတင်းကျော် ခဲ့ရတဲ့ ဒီကုန်းမြင့်ကြီးဟာ တကယ်တော့ တပည့်တော်တို့နိုင်ငံ အတွက်၊ တစ်မျိုးသားလုံးအတွက် ယဉ်ကျေးမှုအောင်မြေကြီး၊ အမွေအနှစ်အောင်မြေကြီး၊ မဟာအောင်မြေကြီးပါပဲဘုရား။ ဒါကြောင့် ဒီနေ့ကစပြီး ဒီကုန်းမြင့်ကြီးရှိတဲ့နေရာဒေသကို 'မဟာအောင်မြေ'၊ ဟောဒီကုန်းတန်းကြီးကျေးရွာကိုလည်း 'မဟာအောင်မြေရွာ' ရယ်လို့ ခေါ်ကြပါစို့လို့ အကြံပြုလိုပါတယ် ဘုရား"

ဘုန်းကြီးကျောင်းဝင်းအတွင်း လက်ခုပ်ဩဘာသံများ ဆူညံ သွားခဲ့သည်။

တစ်ရွာလုံး ပျော်ရွှင်မဆုံး တပြုံးပြုံးဖြစ်သွားကြသည်။

"မဟာအောင်မြေရွာတဲ့. . . မဟာအောင်မြေရွာတဲ့"

ဆရာတော်ကြီးက ဦး၊တင့်၏ကျောပြင်ကို သုံးလေးခါမက အသာအယာပွတ်သပ်လိုက်ရင်း -

"မဟာအောင်မြေတဲ့၊ မဟာအောင်မြေတဲ့။ ကောင်းလိုက်ကဲ့ နာမည်၊ မင်္ဂလာရှိလိုက်တဲ့ နာမည်ပါပဲဗျာ။ ဟဲ့. . . ဉာဏ်တင်တို့၊ ထွေးမောင်တို့ ကြားကြရဲ့လားဟဲ့။ ဟောဟိုကုန်းမြင့်ကြီးက 'မဟာ

အောင်မြေကုန်း'၊ ငါတို့မင်းတို့နေတဲ့ရွာကြီးက 'မဟာအောင်မြေ ကျေးရွာ'. . . တဲ့"

မကြာမီ ရုံးကားကြီး ထွက်ခွာတော့မည်။ ဦးရဲတင့်၊ မျိုးမင်းဇော် တို့အားလုံး ကားကြီးအနီးဝိုင်းပြီးရပ်နေကြသည်။

"ကဲ. . . ဒီတစ်ခါတော့ မောင်မျိုးမင်းဇော်ကလည်း မင်းရဲ့ သူငယ်ချင်းတွေကို မှာစရာရှိတာတွေ မှာခဲ့ပါတော့ကွာ"

ခေါင်းငိုက်စိုက်ချ၍ တစ်ချိန်လုံး မတ်တတ်ရပ်နေခဲ့သော မျိုးမင်းဇော် အတော်အံ့သြသွားသည်။ ဝမ်းသာဝမ်းနည်းကြီး ဖြစ်သွားသည်။

သူ့အနေနှင့် သည်မဟာအောင်မြေကုန်းကြီးကို စွန့်ခွာ မသွားချင်။

သည်မဟာအောင်မြေကျေးရွာသူ၊ ကျေးရွာသားများကိုလည်း မျက်နှာလွှဲခဲပစ် စွန့်ခွာမသွားချင်။

တတ်နိုင်လျှင် သည်နေရာ သည်ဒေသကြီးတွင် အချိန်ကြာကြာ သူတို့တစ်တွေနှင့် တူးဖော်ရေးတာဝန်တွေ ဆက်လက်ထမ်းဆောင် နေချင်သေးသည်။

အခု သူတို့ကို နှုတ်ဆက်ရတော့မည်တဲ့။ သူ ဘာတွေပြောရင် ကောင်းပါ့မလဲ။ တစ်ခုခုတော့ ပြောခဲ့မှဖြစ်တော့မည်။ မိခင်မြေကို ခြေစုံကန်ပြီး တိုင်းတစ်ပါးအတွက် အလုပ်အကျွေးလုပ်တော့မည့် သူ့အဖို့ နောက်ဆုံးနှုတ်ဆက်စကားများ ဖြစ်နေမလား။

မျိုးမင်းဇော် ချောင်းတစ်ချက်ဟန့်လိုက်သည်။

"တိုးတက်တဲ့အနောက်နိုင်ငံတွေမှာ ရှေးဟောင်းသုတေသန အသင်းတွေဖွဲ့ပြီး မိမိတို့ရပ်ရွာဒေသရဲ့ သမိုင်းတွေကို လေ့လာ ဖော်ထုတ်နေကြပါတယ်။ မိမိတို့လူမျိုးရဲ့အတိတ်ဘဝ၊ သမိုင်း ဖြစ်ရပ်မှန်တွေကို ဖော်ထုတ်နေကြပါတယ်။ ဂုဏ်ယူစရာရှိတာတွေ အတွက် ဂုဏ်ယူနေကြပါတယ်။ အတိတ်သမိုင်းသင်ခန်းစာထဲက အတုယူစရာရှိတာတွေအတွက်လည်း အတုယူနေကြပါတယ်။ ကိုယ့်ဒေသမှာရှိတဲ့ သမိုင်းဝင်ပစ္စည်းတွေ၊ အဆောက်အအုံတွေ ပြန်လည်ဖော်ထုတ်နိုင်ရင် နိုင်ငံတည်ဆောက်မှုအတွက်ဖြစ်ဖြစ်၊ နိုင်ငံရဲ့ပျောက်ဆုံးနေတဲ့ ယဉ်ကျေးမှုတွေကို ပြန်လည်ဖော်ထုတ် ဖို့ပဲဖြစ်ဖြစ် အင်မတန်ထူးကဲမွန်မြတ်တဲ့ နိုင်ငံ့တာဝန်၊ လူမျိုးတာဝန် ကြီးတစ်ရပ်ကို ပိုင်းဝန်းထမ်းဆောင်တာနဲ့ အတူတူပါပဲ"

အပြောနှင့်အလုပ်မညီနိုင်တော့သည့် မျိုးမင်းဇော်က စကား ကိုဖြတ်လိုက်သည်။ စကားပြောရင်း နိဂုံးချုပ်တွင် ခွဲခွာစကား ပြောရန် ခဲယဉ်းနေသောကြောင့်ဖြစ်သည်။ သူက စိတ်ကိုတင်း လိုက်သည်။

"ကျွန်တော် တစ်ခုမှာစရာရှိပါတယ်၊ နှုတ်ဆက်ပါတယ်။ အားလုံးကို နှုတ်ဆက်သွားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်"

မျိုးမင်းဇော်စကား ရပ်သွားပြန်ပါသည်။

မျက်ရည်ဝဲစပြုနေသော မျက်ဝန်းအစုံကြားမှ မဟာအောင်မြေ ရွာသားများကို ဝိုးတဝါးသာမြင်ရတော့သည်။

သူစိတ်ကိုတင်း၍ စကားဆက်ပြောသည်။

"ကျွန်တော့်ကို မေးစရာတစ်ခုရှိပါလိမ့်မယ်။ ဒီလောက် ဟောင်းနွမ်းပျက်စီးနေတဲ့ ရှေးဟောင်းပစ္စည်းတွေကို ရှာဖွေနေတာ၊ ထိန်းသိမ်းနေတာ ဘာအကျိုးရှိပါသလဲလို့ မေးကြပါလိမ့်မယ်။ ကျွန်တော် စောစောကပြောခဲ့သလို ရှေးဟောင်းပစ္စည်းတွေကို လေ့လာရင် မိမိတို့ရဲ့ဘိုးဘွားယဉ်ကျေးမှု အမွေအနှစ်တွေကို တန်ဖိုးထားတတ်လာပါလိမ့်မယ်။ ဘိုးဘွားယဉ်ကျေးမှု အမွေအနှစ် တွေကို တန်ဖိုးထားတတ်လာတဲ့အခါ မိမိတို့လူမျိုးအတွက် ဂုဏ်ယူ တတ်လာပါလိမ့်မယ်။ မိမိတို့လူမျိုးကို ချစ်မြတ်နိုးလာပါလိမ့်မယ်။ မိမိနိုင်ငံနဲ့လူမျိုးအတွက် ကျရာနေရာက ထမ်းဆောင်ပေးလိုစိတ် တွေ တဖွားဖွားပေါ်လာပါလိမ့်မယ်။ မိမိရဲ့နိုင်ငံနဲ့လူမျိုးကို ချစ်မြတ်နိုး လာသည်နှင့်အမျှ မိမိရဲ့နိုင်ငံနဲ့လူမျိုးရဲ့ လွတ်လပ်တဲ့ဘဝကို ကာကွယ်လိုစိတ်၊ စောင့်ရှောက်လိုစိတ်တွေ ထွန်းကားလာပါလိမ့် မယ်"

အတန်ကြာမျှ မျိုးမင်းဇော် ငြိမ်ကျသွားပြန်သည်။

သူတို့ကို အမျိုးချစ်ဖို့ လူတတ်ကြီးလုပ်ပြီး ဟောပြောနေတဲ့ ငါ့ကိုယ်တိုင်ရော ဘယ်လောက်များ အမျိုးချစ်နေပါလိမ့်ဟု တွေးနေမိသည်။

ကားဟွန်းသံတစ်ချက် ထွက်လာသည်။

တင်အောင်မြင့်က ကားထွက်တော့မည်ဟု အချက်ပေးလိုက်သည့်သဘော။

မျိုးမင်းဇော်က ငမေးတို့၊ လှထွေးတို့လူငယ်တစ်သိုက်ကို တစ်ယောက်ချင်းလိုက်၍ လက်ဆွဲနှုတ်ဆက်နေသည်။ လူကြီးများကိုလည်း လိုက်၍နှုတ်ဆက်သည်။ အမျိုးသမီးများရော ကလေးများကိုပါ တစ်ဦးမကျန် နှုတ်ဆက်သည်။

ထိုအခိုက် နှာခေါင်းရှုံ့သံ၊ ချောင်းဟန့်သံများနှင့်အတူ တင်အောင်မြင့် အနီးသို့ကပ်လာသည်။

"ကိုမျိုးမင်းဇော်ရေ၊ နေလည်း အတော်မြင့်နေပြီ။ သွားကြပါစို့"

ဦးရဲတင့်က လူအားလုံးကို လက်ဝှေ့ယမ်းနှုတ်ဆက်သည်။ မျိုးမင်းဇော်မျက်နှာကို ကြည့်သည်။

ထို့နောက် မျိုးမင်းဇော်၏လက်ကို ဆတ်ခနဲဆွဲလိုက်သည်။ ကားကြီးရှိရာသို့ ခေါင်းငိုက်စိုက်ဖြင့် ထွက်ခွာသွားသည်။

သေတ္တာကြီးများ၊ ပလတ်စတစ်အိတ်ကြီးများ အပြည့်အမောက်တင်ထားသည့် ရုံးကားကြီးပေါ်မှနေ၍ ကျော်ကျော်ဆွေ၊ ဇော်ဟန်၊ စိန်မောင်မြင့်တို့က ရွာသူရွာသားများဘက်သို့ လက်ဝှေ့ယမ်းနှုတ်ဆက်နေကြသည်။

ဦးရဲတင့် ကားရှေ့ခန်းသို့တွယ်တက်သည်။ မျိုးမင်းဇော်က မဟာအောင်မြေကုန်းကြီးဘက်သို့ နောက်ဆုံးအကြိမ် လှည့်ကြည့်သည်။ ဦးရဲတင့်နောက်မှ လိုက်တက်သည်။

အပြန်အလှန် နှုတ်ဆက်သံများဖြင့် ဆူညံသွားသည်။

ကားကြီး စက်နှိုးသွားသည်။

ကားစက်သံများ ဆူညံစွာထွက်ပေါ်လာသည်။

ကားကြီး လှုပ်ရှားစပြုလာသည်။

တရွေ့ရွေ့ထွက်သွားသည်။

တရွေ့ရွေ့ ဆက်၍ဆက်၍ ထွက်သွားသည်။

နွေးရာမှ မြန်လာသည်။

ဖုန်လုံးကြီးများ ထလာသည်။

မဟာအောင်မြေရွာသူ၊ ရွာသားများနှင့် ဝေးသည်ထက် ဝေးသွားသည်။

မဟာအောင်မြေကုန်းကြီးကို ပတ်၍ကွေ့စပြုနေပြီ။

ဟော. . . ကားကြီးတစ်စင်းလုံး မြင်ကွင်းထဲမှ လုံးဝပျောက်သွားပြီကော။

□ □ □

သူတို့ ပြန်ကြပြီ။

သူတို့ ပြန်လာကြဦးမည်။ မကြာမီ ပြန်လာကြဦးမည်။ သူတို့ ပြန်လာပါမည်ဆိုသည့်တိုင် သည်လူတွေ ပြန်လာနိုင်ချင်မှ ပြန်လာနိုင်လိမ့်မည်။

မြန်မာနိုင်ငံအတွင်း အခြားတစ်နေရာရာတွင် ပျောက်ဆုံးကွယ်ပျောက်နေသော ရှေးဟောင်းအမွေအနှစ်များကို သွားရောက်

ရှာဖွေရင်လည်း ရှာဖွေပေးနေရဦးမည်။ သူတို့ လာချင်ရင်လာ၊ မလာချင်လည်း နေပါတော့။ သူတို့က မဟာအောင်မြေရွာသားများ အတွက် ယဉ်ကျေးမှုအမွေအနှစ်ကြီးတစ်ရပ်ကို အပ်နှံထားခဲ့ကြပြီ။ သူတို့တာဝန်က ပြန်လည်ရရှိပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ပျက်မသွားအောင် တာဝန်ယူစောင့်ရှောက်ကြဖို့ပါပဲ။ မဟာ အောင်မြေရွာတစ်ဖြစ်လဲ ကုန်းတန်းကြီးရွာသို့ မည်သည့်အခါမျှ ပြန်ရောက်မလာနိုင်တော့သည့် မျိုးမင်းဇော်က သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်သည်။ မျက်စိများကို မှိတ်ထားလိုက်သည်။

ရုံးကားကြီးသည် ဖုန်ထူထူ ရွာလမ်းမကြီးအတိုင်း ဘယ်ယိမ်း၊ ညာနွဲ့ဖြင့် ပင်ပန်းတကြီး ရုန်းကန်မောင်းနှင်လျက်ရှိသည်။

နာရီဝက်နီးပါးမျှ ရွာထိပ်တံတားဟောင်းကလေးနေရာအထိ မနည်းကြိုးစား၍ မောင်းထွက်ခဲ့ရသည်။

ရုံးကားကြီးသည် တံတားကလေးကို ဖြတ်ကျော်သည်။

မကြာမီ မော်တော်ကားလမ်းမဟောင်းကြီးအတိုင်း ခုန်ပေါက် ပြေးလွှားနေသည်။

ကားရှေ့ခန်းတွင် တစ်ချိန်လုံး မျက်စိမှိတ်၍ ငြိမ်သက်စွာ လိုက်ပါလာသော ဦးရဲတင့်ထံမှ လူပ်ရှားသံ စတင်ကြားရသည်။

ဦးရဲတင့်က သူ့လက်ဆွဲသားရေအိတ်ကြီးကို ဖွင့်သည်။ ဖိုင်တွဲ တစ်တွဲကို ယူသည်။ ဖိုင်တွဲကြားမှ စာရွက်တစ်ရွက်ကို မျိုးမင်းဇော် ဘက်သို့ လှမ်းပေးလိုက်သည်။

"ငါ့တူကို ဦးလေး ရန်ကုန်ပြန်မလွှတ်တဲ့အတွက် ခွင့်လွှတ်ပါတော့ကွာ။ ရန်ကုန်ပြန်ရောက်လို့ရှိရင် ဟောဒီ မင်းရဲ့နုတ်ထွက်စာကို ဦးလေး လက်မှတ်ထိုးပြီး အမြန်ဆုံးတင်ပေးမယ်လို့ ကတိပေးပါတယ်ကွာ"

ပထမတော့ မျိုးမင်းဇော် ဦးရဲတင့်ကို ကြောင်၍ကြည့်နေသေးသည်။

ပြီးမှ တုန်ယင်သောလက်အစုံဖြင့် သူ့နုတ်ထွက်စာကို လှမ်းယူသည်။

တစ်ခေါက် ပြန်ဖတ်ကြည့်သည်။

ဘာကြောင့်ရယ်တော့မသိ၊ မျိုးမင်းဇော်၏မျက်နှာပေါ်တွင် ပြုံးရိပ်များ ယှက်သန်းသွားသည်ကို တွေ့လိုက်ရသည်။

ထို့နောက် တစ်ဆက်တည်းပြုလုပ်လိုက်သော မျိုးမင်းဇော်၏ လှုပ်ရှားမှုများကို ဦးရဲတင့် အံ့ဩသွားမိတော့သည်။

မျိုးမင်းဇော်က ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လိုက်သည်။

ဦးရဲတင့်ဘက်သို့ ပြုံး၍လှည့်ကြည့်လိုက်သည်။

ပြီးမှ လက်ထဲတွင်ကိုင်ထားသော စာရွက်ကို အပိုင်းပိုင်း စုတ်ဖြဲပြီး ကားပြတင်းမှ အပြင်သို့ လွှင့်ပစ်လိုက်သည်။

လေထဲတွင် စာရွက်အပိုင်းအစကလေးများ လွင့်စင်ကျန်ရစ်သည်။

ကားလမ်းပေါ်မှာ၊ ကားလမ်းဘေးမှာ၊ သဲပြင်တွေပေါ်မှာ၊ ချုံတွေထဲမှာ။

ထိုအချိန်တွင် သဲလမ်းနှင့် ကတ္တရာလမ်းဟောင်းကြီးပေါ်မှ လွတ်မြောက်သွားပြီဖြစ်၍ ရုံးကားအိုကြီးသည် အရှိန်အဟုန်ကောင်းကောင်း ပြေးလွှားနေလေပြီ။

ဦးရဲတင့်က မျိုးမင်းဇော်ကို အားပါးတရ ဖက်လိုက်သည်။ ကားရှေ့ပြတင်းမှနေ၍ အပြင်သို့လည်း ကြည့်လိုက်သည်။

ရှေ့ဘက်တွင် ရန်ကုန်ဘက်သို့ ရှေးရှုနေသည့် လမ်းမကြီးကားမွန်းတည့်နေရောင်အောက်ဝယ် ဖြောင့်လျက်၊ တန်းလျက်။ ။

□ □ □ □ □

ပစလ/၇၄၇/ဝ၈/စာပေ(စာတည်း)/၂ဝဝဝ အုပ်/အောင်ဆန်း



၂၀၀၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု

**လူငယ်စာပေဆု၊ ပထမဆုရ**

# အောင်မြေခွန်း ရွှန်းသစ်ဝ အလှနေခြည်

ရေးသူ -မောင်ကြည်သန့်

အဖ ဦးမောင်မောင်ချစ်၊ အမိ ဒေါ်လှကြည်တို့မှ ၁၉၃၇ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။

၁၉၅၅ ခုနှစ်မှစ၍ စာပေများကို စတင်ရေးသားခဲ့သည်။ ၁၉၆၉ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သုတေသနဌာနကြီးတွင် လက်ထောက်အထက်တန်း သုတေသန အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ရှေးဟောင်း သုတေသနဦးစီးဌာန၌ အမှုထမ်းသည်။ စာပေဗိမာန် စာမူဆုများကို ရရှိခဲ့သည်။

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် အတွင်းရေးမှူး၊ ဒုတိယဥက္ကဋ္ဌ၊ နာယကတာဝန်များကို ထမ်းဆောင်ခဲ့သည်။

အမည်ရင်းမှာ - ဦးသောင်းလွင်ဖြစ်သည်။

နေရပ်လိပ်စာ - ၂၂၈၊ က/၄ လမ်း၊ အင်းစိန်မြို့သစ်၊ ရန်ကုန်၊

*SPK2240
k 500.00